ကြေးမုံ
The Mirror Daily
Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 22 September 2020 ၁၀၁၄၃

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

ယခုမြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါအခြေအနေကို တင်ပြချင်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကိုဗစ်ရောဂါ ပြန့်ပွားမှုဟာ အထူးသဖြင့် ရန်ကုန်တိုင်းမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ရန်ကုန်တိုင်းက မြို့နယ်တွေမှာဆိုရင် ကိုကိုးကျွန်းမပါ အားလုံးကို Stay at home အိမ်မှာနေဖို့ ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ တိတိကျကျ ခပ်တင်းတင်းကျပ်ကျပ် ထုတ်ပြန်ထားပါတယ်။ ဒီလိုတင်းတင်းကျပ်ကျပ် ထုတ်ပြန်ဖို့လည်း လိုလို့ပါ။ အခုထိဆိုရင် ရောဂါပြန့်ပွားနေတယ်ဆိုတာ အများသိကြမှာပါ။ ဒီရောဂါပြန့်ပွားနေလို့ ကြောက်စိတ်တွေလည်း မလွန်ပါနဲ့။ သတိတော့ အင်မတန်ထားဖို့ လိုအပ်ပါတယ်။ ကျွန်မလည်း ဒါ ထပ်တလဲလဲ ပြောနေတာပါ။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိနိုင်ဘူးဆိုတာ ယခုလို ကျွန်မတင်ပြတာဟာ ကျွန်မတို့ ပြောရမယ့် အချက်အလက်တွေဟာ သတင်းစာတွေထဲမှာလည်း ပါမှာပါ။ ရုပ်မြင်သံကြား သတင်းတွေထဲမှာလည်း ပါမှာပါ။ ဒါပေမယ့် ဒါတွေကို မကြည့်မိရင် နားမထောင်မိရင် လွတ်သွားမှာစိုးလို့ ကျွန်မအနေနဲ့ တင်ပြတာဖြစ်ပါတယ်။

နောက်ပြီး ကျွန်မတို့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီကိစ္စကို အင်မတန်မှ လေးလေးနက်နက်ထားပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအတွက်၊ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**ပါမောက္ခကြီးတွေ၊ အငြိမ်းစား ပါမောက္ခကြီးတွေ၊ အနားယူနေလို့ရတဲ့ သမားတော်ကြီးတွေဟာ ဝင်လာပြီးတော့ ကျွန်မတို့ နိုင်ငံအတွက် ဒီလိုအချိန်မှာ လုပ်ပေးတယ်ဆိုတာ အင်မတန်မှ အားရစရာကောင်းပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်နေပြီဆိုရင် ဘယ်သူမှ မနားချင်ကြပါဘူး။ တကယ်နိုင်ငံအပေါ်မှာ စေတနာထားတဲ့ သူတွေက ငါတို့နားနားနေနေနေရင် နေလို့ရတာပဲ။ ငါတို့အိမ်ထဲမှာ ငါတို့ဟာ လုံခြုံနေတာပဲဆိုတဲ့ စိတ်ဓာတ်နဲ့ မဟုတ်ဘဲ ဘယ်ဘက်ကနေ ကူညီရမလဲ။ ဘယ်လိုနေရာကနေ ပံ့ပိုးပေးရမလဲ။ ဒီကိစ္စကို မြန်မြန်ဆန်ဆန် အောင်နိုင်အောင်လို့ ဘယ်လိုလုပ်ပေးရမလဲဆိုတာ ဝိုင်းစဉ်းစားပေးတယ်ဆိုတာဟာ ကျွန်မတို့ နိုင်ငံအတွက် တစ်တပ်တစ်အားပဲ ဖြစ်ပါတယ်။**

ကြေးမုံ
ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၁၀

**အပန်းမဖြေရသူများထံသို့ ပေးပို့လိုက်သော အလွမ်းပြေ စာတစ်စောင်**

စာမျက်နှာ » ၆

**တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ တင်းတင်းကျပ်ကျပ် စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်**

စာမျက်နှာ » ၁၁

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# နေအိမ်တွင် နေထိုင်ခြင်းသည်သာ...

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိန်းဂဏန်းများက ရပ်တန့်မှုမရှိ နေ့စဉ်တိုး၍သာနေသည်။ စက်တင်ဘာလ ၂၁ရက်က ဓာတ်ခွဲစစ်ဆေးမှုများတွင် ရောဂါပိုးတွေ့ရှိသူပေါင်း ခြောက်ရာကျော်တွေ့ရှိခဲ့သည်။ ခရီးသွားရာဇဝင်မရှိ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့မှုမရှိသည့်သူများတွင်ပါ ရောဂါပိုး ကူးစက်မှုများ တွေ့လာရသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအတွက် စည်းကမ်းသတ်မှတ်ချက်များ ထပ်မံထုတ်ပြန်လိုက်သည်။

ရောဂါပိုးသည် မိမိတို့ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေသည့် သဘောရှိသည်။ မိမိတွင် အကာအကွယ်မရှိပါက (ဥပမာ- နှာခေါင်းစည်းတပ်မထားခြင်း) လူများနှင့် မထိတွေ့သော်လည်း ကူးစက်နိုင်သည့်အခြေအနေတွင် ရှိနေသည့်သဘောဖြစ်သည်။ ထို့ကြောင့် ယခုကာလတွင် မိမိအိမ်တွင် နေထိုင်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်း ဖြစ်သည်။

ယခင်ချမှတ်ခဲ့သော စည်းကမ်းချက်များအရ မိသားစု ငါးယောက်ရှိသောအိမ်တွင် ကုမ္ပဏီဝန်ထမ်းသော်လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းသော်လည်းကောင်း သုံးယောက်လောက်ရှိမည်၊ အိမ်တွင်နေသူက ဈေးသွားမည်ဆိုပါက အားလုံးအပြင်ထွက်၍ရနေသည့်သဘော ဖြစ်နေသည်။ ယခုချမှတ်လိုက်သော စည်းကမ်းချက်များက အထက်ကဆိုခဲ့သည့် မိသားစုမျိုးတွင် မိသားစုဝင်တစ်ယောက်သာ ဈေးသွား၍ရပြီး ကျန်ဝန်ထမ်းများက အိမ်ကနေအလုပ်တာဝန်များ ထမ်းဆောင်ရမည် ဖြစ်သည်။ ထို့အတူ အထည်ချုပ်လုပ်ငန်းကဲ့သို့သော လုပ်ငန်းများတွင် လုပ်ကိုင်နေသူများကိုလည်း ယခုလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ လုပ်ငန်းခွင် မသွားရောက်ရန် တားမြစ်လိုက်သည်။ အဓိကအားဖြင့် မဖြစ်မနေလည်ပတ်ရမည့် လုပ်ငန်းများမှအပ လူအများစုဖြင့်လုပ်ရသော လုပ်ငန်းများကို လျှော့ချလိုက်ခြင်းဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားခြင်းဖြစ်သည်။ ပြည်သူများက နားလည်မှုရှိရှိဖြင့် လိုက်နာကြရန် လိုအပ်သည်။

ယခုအခြေအနေတွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ထိန်းချုပ်ရန် လိုအပ်နေသည်။ တာဝန်ရှိသူများအနေဖြင့် တစ်နေ့လျှင်လူနာ ၃၀၀ နှုန်းအထိ လက်ခံကုသနိုင်အောင်ဆောင်ရွက်နေသည်။ ထိုထက် ပိုမိုရောက်ရှိလာပါက ရက်ကြာလာလျှင် နေရာအခက်အခဲရှိလာနိုင်သည်။ ထို့ကြောင့် နည်းဗျူဟာများချမှတ်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။ အဓိကအားဖြင့် ရောဂါပိုးရှိသူ လူနာများနှင့် ထိတွေ့ခဲ့သူများကို လိုက်လံရှာဖွေ၍ ကူးစက်မှုများ ကွင်းဆက်ဖြတ်နိုင်အောင် ဆောင်ရွက်နေသည်။ ထိုအခြေအနေတွင် ပြည်သူများ၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည်။ ရောဂါပိုးရှိသူ လူနာများနှင့် ထိတွေ့ခဲ့သူများကို သတင်းမပေးခြင်း၊ သတင်းထိမ်ချန်ထားခြင်းတို့ရှိပါက ထိုသူများမှတစ်ဆင့် ကူးစက်မှုများဆက်လက်ပြန့်ပွားပြီး တစ်ယောက်ကစတစ်ရာ ဆိုသည့်အတိုင်း ကူးစက်မှုများတိုးပွားကာ ရောဂါထိန်းချုပ်ရေးဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေမည်သာ ဖြစ်သည်။

လတ်တလောအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင်နေထိုင်သူများအတွက် အသွားအလာကန့်သတ်မှု(Facility Quarantine)ကို သတ်မှတ်နေရာတွင် ခုနစ်ရက်၊ နေအိမ်တွင် ခုနစ်ရက် သတ်မှတ်ထားသည်။ သတ်မှတ်နေရာတွင် ခုနစ်ရက်ထားပြီး ပိုး ရှိ၊ မရှိ စစ်ဆေးမည်၊ မရှိပါက နေအိမ်တွင် ခုနစ်ရက် အသွားအလာကန့်သတ်နေထိုင်ရမည်၊ ၁၄ ရက်ကျော်လျှင် အခြားသူသို့ မကူးစက်နိုင်တော့သည့်အတွက် အသွားအလာကန့်သတ်မှုများကို လျှော့ချလိုက်ခြင်းဖြစ်သည်။ အသွားအလာကန့်သတ်နေထိုင်စဉ်အတွင်းတွင်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်သည်။

အကယ်၍ မိမိတွင် ရောဂါပိုးကူးစက်ခံရပါက ကျန်းမာရေးစောင့်ရှောက်မှုများကို တိတိကျကျလိုက်နာခံယူပါလျှင် ရက်ပိုင်းအတွင်း သက်သာပျောက်ကင်းနိုင်သည်။ သို့သော်လည်း ကျန်းမာရေးအသိအားနည်းမှုကြောင့် မစိုးရိမ်သင့်ဘဲ စိုးရိမ်နေခြင်း၊ စိုးရိမ်မှုလွန်ကဲရာမှတစ်ဆင့် သတင်းထိမ်ချန်မှုများရှိနေခြင်း၊ အကြောက်တရားကင်းမဲ့သူများကလည်း စည်းကမ်းမဲ့သွားလာနေထိုင်ခြင်းတို့ကြောင့် ရောဂါကူးစက်မှုများ ထိန်းချုပ်ရာတွင် အခက်အခဲများဖြစ်ပေါ်နေရခြင်းဖြစ်သည်။

ထို့ကြောင့် မိမိတို့ပြည်သူများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာခြင်းဖြင့် ရောဂါကူးစက်မှုကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်လိုအပ်နေသည်။ အနည်းဆုံးအားဖြင့် မည်သည့်အကြောင်းကိစ္စမျှမရှိပါက မိမိအိမ်တွင်နေထိုင်ခြင်းဖြင့် ကူညီပေးကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ဒေါ်မွေးမွေးခိုင်အား ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ကမ္ဘောဇဘဏ်က မော်လမြိုင်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၁**

ကမ္ဘောဇဘဏ်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံ အထွေထွေ အသုံးပြုရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ယနေ့နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် မွန်ပြည်နယ်တာဝန်ခံ ဦးထင်အောင်လှိုင်နှင့် မော်လမြိုင်မြို့ ဘဏ်ခွဲလေးခုတို့မှ မန်နေဂျာများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း တစ်သိန်း၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်သန့်စင်ဆေးရည်ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀နှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး အထွေထွေ အသုံးပြုရန် ငွေကျပ်သိန်း ၁၀၀ တို့ကို လှူဒါန်းရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

ကိုကျော်




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၁၂၆ | ၁,၂၄၆,၄၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၈၄၂ | ၃,၀၇၃,၃၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၅ | ၄၀,၅၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၄၂၇ | ၉,၂၃၁,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၁၇၄ | ၄၇၁,၄၅၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၈ | ၂၄,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၁

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၅၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၈.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၅.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၃၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၀.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၀.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❒ ရှေ့ဖုံးမှ

အတတ်နိုင်ဆုံးလုပ်နေတယ်ဆိုတာကိုလည်း ပြည်သူတွေ နားလည်အောင်လို့ အားလုံးကနေပြီးတော့ ဘာတွေဖြစ်နေတယ်ဆိုတာ သိရှိနိုင်အောင် တင်ပြတာပါ။ ယခု ရန်ကုန်တိုင်းမှာဆိုရင် ရောဂါပြန့်ပွားမှုဟာ မကျသေးဘူးဆိုပေမယ့် ဒီဟာကိုလည်း စိတ်ဓာတ်ကျစရာတော့ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါပြန့်ပွားမှုဟာ ကျွန်မတို့ တွက်ထားတာ စပြီးတော့ ပြန့်ပွားတဲ့အချိန်ကနေ တွက်လိုက်တယ်ဆိုရင် အခုအချိန်မှာ ကျသွားဖို့ဆိုတာ လက်တွေ့ကျကျမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပထမတစ်ယောက်က ကူးတယ်ဆိုရင် အဲဒီတစ်ယောက်ကနေပြီး ဆက်နွှယ်တဲ့သူတွေကို ကူးပါတယ်။ အဲဒီဆက်နွှယ်တဲ့သူတွေကလည်း တစ်ဆင့်ကူးပါတယ်။ ကျွန်မတို့စပြီး သေသေချာချာ စည်းကမ်းတင်းတင်းကျပ်ကျပ်နဲ့ ထိန်းချုပ်တယ်ဆိုတာတော့ စည်းမျဉ်းထုတ်တာကြာပါပြီ။ ကျွန်မတို့ မတ်လကတည်းက ထုတ်တာပါ။

ပြည်သူတွေက ဘယ်လောက်တင်းတင်းကျပ်ကျပ် တိတိကျကျလိုက်နာတယ်၊ မလိုက်နာတယ်ဆိုတာတော့ ပြည်သူတွေကိုယ်တိုင် သိပြီးသားဖြစ်ပါတယ်။ အခုအချိန်မှာတော့ တော်တော်တိတိကျကျ လိုက်နာနေတယ်လို့ ကျွန်မသိရပါတယ်။ ရန်ကုန်မှာဆိုရင် အရင်ထက်စာရင် ပိုပြီးတော့ အသွားအလာတွေ နည်းသွားတာ သိသိသာသာပေါ့။ အသွားအလာတွေ နည်းသွားတာ နှာခေါင်းစည်းတွေတပ်တာ ဒါတွေကို မြင်နေရတယ်လို့ ကျွန်မသိရပါတယ်။ ဒါအတွက် ဝမ်းသာပါတယ်။ စောစောကတည်းက ဒီလိုလုပ်ရင် ပိုကောင်းတာပေါ့။ ဒါပေမယ့် အခုအချိန်မှာ ကုက္ကုစ္စပွားနေလည်း ဘာမှမထူးပါဘူး။ ဒါကြောင့် ကျွန်မတို့ နိုင်ငံတော်အနေနဲ့ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်တဲ့ သူတွေအားလုံး ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ အတတ်နိုင်ဆုံး လုံခြုံဖို့အတွက် ဘယ်လိုအစီအစဉ်တွေ လုပ်တာလဲဆိုတာ အနည်းငယ် တင်ပြချင်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ကျွန်မတို့အားလုံး၊ နိုင်ငံမှာရှိတဲ့ ပြည်သူတွေအားလုံးက တတ်နိုင်သမျှ ဝိုင်းဝန်းပြီးတော့ အတူရုန်းပေးတာကို ကျွန်မတို့ သိပ်ပြီးတော့ ကျေးဇူးလည်းတင်တယ်။ ကြိုဆိုလည်း ကြိုဆိုပါတယ်။ အဲဒီထဲမှာ ရှေ့တန်းကတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ ကျွန်မတို့ Quarantine Center တွေမှာ ကူညီနေတဲ့ စေတနာရှင်တွေဖြစ်ပါတယ်။ ကြာလာတဲ့အခါကျတော့ ဒီဝန်ထမ်းတွေလည်း ပင်ပန်းပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေကြားထဲမှာ ရောဂါစွဲကပ်တာတွေလည်း ရှိလာတယ်ဆိုတာလည်း ပြည်သူတွေ သိပြီးသားဖြစ်မှာပါ။ နောက်ပြီးတော့ စေတနာ့ဝန်ထမ်းတွေလည်း ပင်ပန်းလာကြပါတယ်။ ပင်ပန်းလာကြတဲ့အချိန်မှာပဲ စောင့်ရှောက်ရတဲ့သူတွေကလည်း အများကြီးပိုပြီးတော့ များလာပါတယ်။ အဲဒီတော့ ဒီလိုစောင့်ရှောက်ရတဲ့သူတွေ အများကြီး များလာတဲ့အခါမှာ တစ်ခါတလေဆိုရင် အားလုံးရဲ့စိတ်ကြိုက်၊ အားလုံးကျေနပ်အောင် စောင့်ရှောက်မှုမပေးနိုင်တာ ဒါကတော့ သိပ်ပြီး ထူးထူးထွေထွေ အံ့သြသင့်စရာအကြောင်း မရှိပါဘူး။ အဲဒီအတွက် ကျွန်မတို့ပြည်သူတွေက သည်းညည်းခံစေချင်ပါတယ်။ သည်းညည်းခံပါ။ ကိုယ်ချင်းစာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဝန်ထမ်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေရော စေတနာ့ဝန်ထမ်းတွေရော အင်မတန်မှ အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ပါတယ်။ သို့သော်ငြားလည်း အရေအတွက်က အင်မတန်များတဲ့အခါကျတော့ တစ်ခါတလေ မပြည့်စုံတာလေးတွေရှိရင် သည်းညည်းခံစေချင်ပါတယ်။ နောက်ပြီးတော့ ဒီကိစ္စလေးတွေနဲ့ ပတ်သက်လို့လည်း အားလုံးကဝိုင်းပြီး ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှု ပပျောက်အောင်ဆိုပြီး အားလုံးစိတ်တွေပိုပြီး ပြေလာအောင်၊ စိတ်အင်အားတွေ တက်လာအောင် ကူညီစေချင်ပါတယ်။ သေးတဲ့အမှုကြီးအောင် ကြီးတဲ့အမှု ကိုင်တွယ်လို့မရအောင်ဆိုတဲ့ မီးလောင်ရာ လေပင့်ဟာမျိုးတော့ မလုပ်ဖို့အတွက် ကျွန်မ အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါစိုးရိမ်လို့ပဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့်လည်း စိုးရိမ်လို့ပြောတဲ့စကားကိုတောင် ဆင်ခြင်စေချင်ပါတယ်။ ကိုယ်ကစိုးရိမ်လို့ ပြောလိုက်တဲ့ စကားဟာ ဘယ်လောက်အကျိုးရှိသလဲ၊ ဒါ ကျွန်မ ခဏ ခဏ ပြောပါတယ်။ စကားဆိုတာ တရားတော်ထဲကလို ကျိုးရှိမှန်ကန် သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့ စကား၊ အဲဒီတော့ ပထမဦးဆုံးကတော့ မှန်ဖို့လိုတာပေါ့။ မှန်ရင်တောင်မှ အကျိုးရှိမလား၊ ဥပမာဆိုရင် လူတွေရဲ့ ကြောက်စိတ်က ပိုပြီးများလာပြီးတော့ သတိဝီရိယရှိတဲ့နေရာမှာ ပိုပြီးတော့ တက်လာမှာ မဟုတ်ဘူးဆိုရင် ဒီလို ပြောခြင်းဟာ အကျိုးရှိပါ့မလားဆိုတာ ဆင်ခြင်စေချင်ပါတယ်။

ဒီဟာက ကျွန်မတို့ပြည်သူတွေရဲ့ လွတ်လွတ်လပ်လပ် ပြောပိုင်ခွင့်ကို ဟန့်တားနေတာ မဟုတ်ပါဘူး။ တာဝန်သိသိနဲ့ ပြောပိုင်ခွင့်ကို သုံးဖို့ကို ကျွန်မ သတိပေးနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ စောစောက ပြောသွားသလိုပေါ့။ အားလုံးဝိုင်းဝန်းပြီးတော့ ရုန်းကြတာကို ကျွန်မ သိပ်ပြီးတော့ ဝမ်းသာပါတယ်ဆိုတဲ့အထဲမှာ အခုကျွန်မတို့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး ပြန်ပြီးအားဖြည့်ပေးရေးအဖွဲ့ဆိုပြီးတော့ ကျွန်မတို့ ဖွဲ့လိုက်ပါတယ်။ ဒီအဖွဲ့ကို ဦးဆောင်တာကတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးဟောင်း ပါမောက္ခ ဒေါက်တာကျော်မြင့် ဖြစ်ပါတယ်။ ဒီလို ကျွန်မတို့ ပါမောက္ခကြီးတွေ၊ အငြိမ်းစားပါမောက္ခကြီးတွေ၊ အနားယူနေလို့ရတဲ့ သမားတော်ကြီးတွေဟာ ဝင်လာပြီးတော့ ကျွန်မတို့နိုင်ငံအတွက် ဒီလိုအချိန်မှာ လုပ်ပေးတယ်ဆိုတာ အင်မတန်မှ အားရစရာကောင်းပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်နေပြီဆိုရင် ဘယ်သူမှ မနားချင်ကြပါဘူး။ တကယ်နိုင်ငံအပေါ်မှာ စေတနာထားတဲ့သူတွေက ငါတို့ နားနားနေနေ နေရင် နေလို့ရတာပဲ။ ငါတို့အိမ်ထဲမှာ ငါတို့ဟာလုံခြုံနေတာပဲဆိုတဲ့ စိတ်ဓာတ်နဲ့ မဟုတ်ဘဲ ဘယ်ဘက်ကနေ ကူညီရမလဲ။ ဘယ်လိုနေရာကနေ ပံ့ပိုးပေးရမလဲ။ ဒီကိစ္စကို မြန်မြန်ဆန်ဆန်အောင်နိုင်အောင်လို့ ဘယ်လိုလုပ်ပေးရမလဲဆိုတာ ဝိုင်းစဉ်းစားပေးတယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံအတွက် တစ်တပ်တစ်အားပဲ ဖြစ်ပါတယ်။

ဒါတွေကတော့ စိတ်ပိုင်းဆိုင်ရာရော၊ လက်တွေ့ပိုင်းဆိုင်ရာရော အကူအညီဖြစ်ပါတယ်။ လက်တွေ့ကျကျ ကျွန်မတို့ ပြည်သူတွေအတွက် လုပ်နေတာတွေလည်း အများကြီး ရှိပါတယ်။ ဒါဟာ အဓိက ကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေပြီးတော့ ဆေးရုံများ လုံလုံလောက်လောက်ရှိအောင်၊ နောက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ပေါင်းပြီးတော့ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်အစိုးရတွေနဲ့ ပေါင်းပြီးတော့ Quarantine စင်တာတွေ လုံလုံလောက်လောက်ရှိအောင်၊ ဒီ Quarantine စင်တာတွေထဲမှာ စေတနာ့ဝန်ထမ်းတွေရော၊ လိုအပ်တဲ့ တခြားဝန်ထမ်းတွေရော၊ ပစ္စည်းပစ္စယတွေရော လုံလောက်အောင်၊ ဆေးရုံတွေမှာဆိုရင်လည်း ဆေးပစ္စည်းတွေ၊ ဆေးဝါးတွေ အားလုံး လုံလောက်အောင် အဲဒါတွေ လုပ်နေပါတယ်။ ဒီဟာတွေအတွက် ဘဏ္ဍာငွေလုံလောက်အောင်က ကျွန်မတို့အစိုးရကနေပြီးတော့ စီမံဘဏ္ဍာဘက်က လုပ်ပါတယ်။

အခု ပြည်သူတွေအတွက် ကိုဗစ်နဲ့ပတ်သက်ပြီးတော့ လုပ်တယ်ဆိုတဲ့အခါမှာ အခုလောလောဆယ် ကိစ္စတွေကိုသာ ကျွန်မတို့ ကြည့်တာမဟုတ်ပါဘူး။ နောင်ဖြစ်လာမယ့် ကိစ္စတွေကိုပါ ကြည့်ပါတယ်။ ကိုဗစ်အလွန်ကာလမှာ ကျွန်မတို့ စီးပွားရေး မကျဆင်းအောင်လို့ အတိုင်းအတာအထိ စီးပွားရေးအခက်အခဲတွေကတော့ ဖြစ်မှာပါ။ ဒါတစ်ကမ္ဘာလုံးမှာ ဖြစ်နေတယ်ဆိုတာလည်း ကျွန်မတို့ ပြည်သူတွေ သိပြီးသား ဖြစ်မှာပါ။ စီးပွားရေး အတိုးတက်ဆုံးနိုင်ငံတွေ၊ စီးပွားရေးအကောင်းဆုံး နိုင်ငံတွေမှာတောင်မှ ကိုဗစ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုတွေက ရှိနေပါတယ်။ ဒါပေမယ့်လည်း ဒီဟာတွေဟာ ကျွန်မတို့ ပြည်သူတွေအပေါ်မှာ အနည်းဆုံး ထိခိုက်မှုရှိအောင် ဆိုပြီးတော့ ကျွန်မတို့ ပြင်ဆင်ထားပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကျွန်မတို့အနေနဲ့ အထွေထွေပိုလျှံငွေပေါ့။ ဒါဟာ ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ အထွေထွေပိုလျှံငွေ ဘီလီယံ ၁၀၀၀ ကျော်၊ တစ်ဘီလီယံဆိုတာကတော့ သန်း ၁၀၀၀ ဆိုတာ ကျွန်မတို့ ပြည်သူတွေ သိပြီးသားပဲ ကျွန်မတို့ ထင်ပါတယ်။ ဘီလီယံ ၁၀၀၀ ကျော်ကို ကျွန်မတို့အနေနဲ့ သဘာဝဘေးအန္တရာယ်အတွက်ဆိုပြီး အဲဒါ ဒီဟာကို ကျွန်မတို့ သတ်မှတ်လိုက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတော့ ကိုဗစ်နဲ့ဆိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသတ်မှတ်ထားတဲ့ငွေဟာ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ သုံးဖို့ပါ။ တခြားသဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး သုံးဖို့မဟုတ်ပါဘူး။ တခြားသဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ရင် အဲဒီရန်ပုံငွေထဲမှာ သတ်သတ်ရှိပါတယ်။ အခု ဘီလီယံ ၁၀၀၀ ကျော် ရွှေ့ပြောင်းလိုက်တယ်ဆိုတာ ကျွန်မတို့ ကိုဗစ်ရောဂါနဲ့ပတ်သက်တဲ့ အကျိုးဆက်တွေအတွက်၊ ကိုဗစ်ရောဂါနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေအတွက် သုံးဖို့ဖြစ်ပါတယ်။ ဒီလို ကျွန်မပြောပြတာက ပြည်သူလူထုတွေအတွက် ကျွန်မတို့ တတ်နိုင်သမျှအားလုံး ပြင်ဆင်ထားပါတယ်ဆိုတာ သိစေချင်လို့ပါ။ စိုးရိမ်မလွန်စေချင်လို့ပါ။ ဒါပေမယ့် စိုးရိမ်မလွန်ပါနဲ့ ဆိုလို့လည်း မပေ့ါတော့ မပေ့ါပါနဲ့ဆိုတာ ကျွန်မထပ်ပြီးတော့ မေတ္တာရပ်ခံပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပေ့ါဆမှုတွေကများလို့ အခု ကျွန်မတို့ နည်းနည်းပိုပြီးတော့ ရုန်းကန်နေရပါတယ်။ ဖြစ်ပြီးမှလည်း ဖြစ်ပြီးတာကို ကျွန်မတို့က အကောင်းဆုံးရင်ဆိုင်ပြီးတော့ ကျော်လွှားဖို့ပဲ ဖြစ်ပါတယ်။

**တစ်ယောက်ချင်း တစ်ယောက်ချင်း လိုက်နာရမယ့် စည်းကမ်းတွေက မများပါဘူး။ နံပါတ်(၁)က အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ Mask တပ်သွားပါ။ နောက်ပြီးတော့ လက်ကို ခဏခဏဆေးပါ။ ဆေးတဲ့အခါ စက္ကန့် (၂၀)ကြာအောင် ဆေးပါ။ နောက်ပြီးတော့ တခြားသူတွေနဲ့ ခပ်ခွာခွာနေပါ။ အပြင်ကို၊ လူစုလူဝေးရှိတဲ့နေရာတွေကို မသွားပါနဲ့။ တတ်နိုင်သမျှရှောင်ပါ။ မလွှဲမသာ သွားရမယ်ဆိုရင် တခြားသူတွေနဲ့ နီးနီးကပ်ကပ် မနေပါနဲ့။ အနည်းဆုံး ခြောက်ပေတော့ ခွာပြီးနေဖို့ ဆိုပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းလေးတွေကို အခြေခံအားဖြင့် လိုက်နာမယ်ဆိုရင်၊ တစ်ဦးချင်း တစ်ဦးချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်စောင့်ရှောက်မယ်ဆိုရင် ကျွန်မတို့ ကိုဗစ်ထိန်းချုပ်မှုလုပ်ငန်းဟာ ပိုပြီးတော့ မြန်မြန်အောင်မြင်မှာဖြစ်ပါတယ်။**

ဒီတော့ အခြေခံအားဖြင့် ကျွန်မတို့ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ တကယ်တော့ မများပါဘူး။ တစ်ယောက်ချင်း တစ်ယောက်ချင်း လိုက်နာရမယ့် စည်းကမ်းတွေက မများပါဘူး။ နံပါတ်(၁)က အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ Mask တပ်သွားပါ။ နောက်ပြီးတော့ လက်ကို ခဏခဏဆေးပါ။ ဆေးတဲ့အခါ စက္ကန့် (၂၀) ကြာအောင်ဆေးပါ။ နောက်ပြီးတော့ တခြားသူတွေနဲ့ ခပ်ခွာခွာနေပါ။ အပြင်ကို၊ လူစုလူဝေးရှိတဲ့နေရာတွေကို မသွားပါနဲ့။ တတ်နိုင်သမျှ ရှောင်ပါ။ မလွှဲမသာ သွားရမယ်ဆိုရင် တခြားသူတွေနဲ့ နီးနီးကပ်ကပ် မနေပါနဲ့။ အနည်းဆုံး ခြောက်ပေတော့ ခွာပြီးနေဖို့ ဆိုပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းလေးတွေကို အခြေခံအားဖြင့် လိုက်နာမယ်ဆိုရင်၊ တစ်ဦးချင်း တစ်ဦးချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်စောင့်ရှောက်မယ်ဆိုရင် ကျွန်မတို့ ကိုဗစ်ထိန်းချုပ်မှုလုပ်ငန်းဟာ ပိုပြီးတော့ မြန်မြန်အောင်မြင်မှာဖြစ်ပါတယ်။

အောင်မြင်တော့ အောင်မြင်မှာပါ။ ဒါကိုတော့ ကျွန်မ လုံးဝသံသယမရှိပါဘူး။ အနှေးနဲ့ အမြန်ပေ့ါ။ ဒါပေမယ့် အမြန်ဖြစ်စေချင်တယ်။ အမြန်ဖြစ်မှ ကျွန်မတို့ ပြည်သူတွေ သက်သာမယ်။ ကျွန်မတို့နိုင်ငံ သက်သာမယ်။ ကျွန်မတို့ ပိုပြီးတော့ ပုံမှန်အနေအထားကို ပြန်ရောက်သွားမယ်။ တချို့ကလည်း ဒါတွေက ဘယ်လောက်ကြာဦးမှာလဲဆိုပြီး မေးကြမှာပဲ။ ဒါဟာလည်း ကျွန်မတို့လည်း တစ်ချိန်လုံးမေးနေတဲ့ မေးခွန်းပါ။ ကိုယ့်ကိုယ်ကိုယ်လည်း မေးပါတယ်။ ကျွန်မတို့ အစိုးရဌာနတွေအကြားမှာလည်း မေးကြပါတယ်။ ဒီကိစ္စ ဘယ်လောက်ကြာဦးမလဲ၊ ဘာတွေအတွက် ပြင်ဆင်ထားရဦးမလဲဆိုတာ။ အဲဒီတော့ ဘယ်လောက်ကြာဦးမလဲဆိုတာဟာ အခုဆိုရင်တော့ တချို့နိုင်ငံတွေမှာ ကိုဗစ်ကုသဖို့ဆေးကို အားထုတ်ပြီးတော့ ထုတ်လုပ်နေတာရှိတယ်။ တချို့တွေကျတော့ ကာကွယ်ဆေးကို အားထုတ်ပြီး ထုတ်လုပ်နေကြတာ ရှိတယ်။ တချို့ကျတော့ နှစ်မျိုးစလုံးကို အားထုတ်ပြီးတော့ ထုတ်လုပ်နေတာရှိတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ ပြောရမယ်ဆိုရင် ကာကွယ်ဆေးထုတ်လုပ်နိုင်တဲ့အခြေအနေ၊ နောက်ပြီးတော့ ကုသဆေးထုတ်လုပ်နိုင်တဲ့အခြေအနေ မရှိပေမယ့် ဒီလိုဆေးတွေပေါ်လာတာနဲ့အမျှ အချိန်နဲ့တစ်ပြေးညီ ကျွန်မတို့နိုင်ငံကို မြန်နိုင်သလောက်မြန်မြန် ရောက်နိုင်အောင်ဆိုပြီး ကျွန်မတို့ အခုကတည်းကနေပြီး စီစဉ်နေပါတယ်။ ဥပမာဆိုရင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ဒီလိုဆေးတွေ ထုတ်နေတဲ့နိုင်ငံက သံတမန်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဘယ်လောက် ကျွန်မတို့အနေနဲ့ မြန်မြန်ရနိုင်ဖို့ အလားအလာရှိသလဲ။ အကယ်၍ ဒီဆေးတွေက အောင်မြင်တယ်ဆိုရင် ဆေးတွေက သုံးသင့်/မသုံးသင့်ဆိုတာ ကမ္ဘာ့ကျန်းမာရေးဌာနက ကြည့်ပြီး စမ်းသပ်ပြီးမှ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်မတို့လည်း မသေချာဘဲနဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေအပေါ်မှာ ဒီဆေးတွေကို မသုံးပါဘူး။

ဒါကြောင့် အခုချိန်မှာတော့ အဓိကအားဖြင့် ရန်ကုန်တိုင်းမှာ ကိုဗစ်ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ဖို့ကို ကျွန်မတို့အားလုံး အားစိုက်ရပါမယ်။ အဲဒီတော့ ရန်ကုန်မှာရှိတဲ့ ပြည်သူပြည်သား တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်အားစိုက်ပါ။ ကိုယ်ကျန်းမာဖို့၊ ကိုဗစ်ရောဂါ မကူးဖို့ဆိုတာ အဲဒါကိုပဲ အဓိကထားပါ။ ကိုယ်မကူးရင် ကိုယ့်ဆီကနေ သူများတွေ မကူးနိုင်ဘူး။ အဲဒီတော့ ကိုယ်အတွက်ကိုယ် လုပ်တာဟာ သူများတွေအတွက် လုပ်တယ်ဆိုတဲ့သဘောလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ရန်ကုန်က ပြည်သူ ပြည်သားများ စိတ်ဓာတ်မကျပါနဲ့။ ရန်ကုန်သူ ရန်ကုန်သားများ သတ္တိရှိတယ်လို့ အားလုံးက ပြောကြပါတယ်။ အဲဒီတော့ မှန်ကန်တဲ့နေရာမှာ သတ္တိရှိဖို့လိုပါတယ်။ ဒီကိုဗစ်ရောဂါကို ဖြတ်ကျော်တဲ့နေရာမှာ၊ အနိုင်ယူတဲ့နေရာမှာ သတ္တိရှိရှိနဲ့၊ ဇွဲရှိရှိနဲ့ ဆက်ပြီးတော့ လုပ်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်ပြီးတော့လည်း ရန်ကုန်အစိုးရရော၊ ရန်ကုန်မှာရှိနေတဲ့ တခြားဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ လူမှုရေးအဖွဲ့တွေ ဝိုင်းဝန်းပြီးတော့ ကူညီနေတဲ့ပုဂ္ဂိုလ်များ အားလုံးကိုလည်း ကျွန်မ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်တယ်ဆိုတာ ကျွန်မတို့အစိုးရ ကိုယ်စားလည်း ကျေးဇူးတင်ပါတယ်။ ပြည်သူ ပြည်သားတွေ ကိုယ်စားလည်း ကျေးဇူးတင်ပါတယ်။ ဒီလို ကျေးဇူးတင်တယ်ဆိုတာ စကားအရပဲ ကျွန်မတို့ပြောနေတာ မဟုတ်ပါဘူး။ တတ်နိုင်သမျှလည်း လုပ်နေရတဲ့ ဝန်ထမ်းတွေကို ပံ့ပိုးပေးပါမယ်။ လုံလုံ လောက်လောက် အကာအကွယ်ပစ္စည်းများရှိအောင်၊ နေရထိုင်ရတာ အတတ်နိုင်ဆုံး သက်သာအောင်လို့ ကျွန်မတို့အနေနဲ့ စီစဉ်ပေးပါမယ်။

အခု ဒီကိုဗစ်ဖြစ်လာတာဟာ ဘာလိုလိုနဲ့ တော်တော်ကြာလာပါပြီ။ ၆ လကျော်လာပြီဆိုတော့လည်း နှစ်တစ်ဝက်ကျော်လာပါပြီ။ နှစ်တစ်ဝက်ကျော်လာပြီဆိုတော့ ပင်ပန်းတာတွေရှိမယ်၊ ဒါပေမယ့် ပင်ပန်းရကျိုးနပ်ပါလိမ့်မယ်။ တစ်ချိန်တစ်ခါမှာ ကျွန်မတို့ ပြန်ကြည့်ရင် ဒီလိုအခက်အခဲတွေကြားမှာ အတူတူ ရုန်းကန်ခဲ့တယ်၊ အတူတူအောင်နိုင်မှုရခဲ့တယ်ဆိုတဲ့ အသိဟာ ကျွန်မတို့အားလုံးအတွက် အင်အားကြီးတစ်ခု ဖြစ်ပါလိမ့်မယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်။

**အားလုံးကျန်းမာ ချမ်းသာကြပါစေ။ စည်းကမ်းတွေ လိုက်နာကြပါစေ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် အွန်လိုင်းဆွေးနွေးပွဲ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၁

NGO Child Rights Working Group (NCRWG) က ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ကလေးသူငယ်များ ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်စေရန် အနာဂတ်မျိုးဆက်များဖြစ်သည့် ကလေးများ၏ဘဝ မှန်မှန်ကန်ကန်တိုးတက်ရန် လိုအပ်ပါကြောင်း၊ ကလေးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးသည် စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် ကျား/မ၊ ဆင်းရဲချမ်းသာ၊ ကိုယ်လက်အင်္ဂါပြည့်စုံခြင်း/ မပြည့်စုံခြင်း၊ ကိုးကွယ်သည့်ဘာသာ၊ မိဘအသိုင်းအဝိုင်းများကြောင့် ခွဲခြားဆက်ဆံခြင်း၊ ကလေးများကို ပြုစုစောင့်ရှောက်သည့်သူများက လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း၊ ရိုက်နှက်ခြင်း၊ ပညာသင်ခွင့်မရှိခြင်း၊ ကလေးများကို စစ်ပွဲများတွင် အသုံးချခြင်း၊ လိင်ပိုင်းဆိုင်ရာ အသုံးချခံရခြင်း စသည်တို့မဖြစ်အောင် ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည့်အပြင် ကာကွယ်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲကို NCRWG (NGO Child Rights Working Group) က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း၊ ၎င်းအဖွဲ့ကို ၂၀၀၉ ခုနှစ်က နိုင်ငံတကာနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်း ၁၉ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၄၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သိရပါကြောင်း၊ အဖွဲ့၏ ရည်ရွယ်ချက်သည် အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာပြီး မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ကလေးသူငယ်အားလုံး အခွင့်အရေးအပြည့်အဝရရှိလာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်ဟု သိရပါကြောင်း။

ကလေးသူငယ်များကို တိုင်းပြည်၏အနာဂတ်ဟု တင်စားကြပြီး မွေးဖွားကာစ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းမှသည် လူငယ်ဆိုသည့် အသက်အပိုင်းအခြားအထိ မွေးရာပါရပိုင်ခွင့်များကို အသိအမှတ်ပြုစောင့်ရှောက်ပေးခြင်းသည်လည်း နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းကလည်း အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ပေးပါရန် ပြောကြားသည်။

ထို့နောက် အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဂျာမနီနိုင်ငံ DAAD နှင့် ပူးပေါင်းကျင်းပသော တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့် တက္ကသိုလ်ကောင်စီဆိုင်ရာ အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

ဂျာမနီနိုင်ငံ DAAD နှင့် ပူးပေါင်းကျင်းပသော တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့် တက္ကသိုလ်ကောင်စီဆိုင်ရာ အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး မစ္စတာ သောမက်စ်နိုင်ဇင်ကာ၊ ဂျာမနီနိုင်ငံ ပညာရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (DAAD)၊ Central European University (CEU)၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ကော်မတီဝင်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ်များတွင် တက္ကသိုလ်ပဋိညာဉ်စာတမ်းရေးဆွဲ အတည်ပြုရေး၊ ယင်းပဋိညာဉ်စာတမ်းနှင့်အညီ တက္ကသိုလ်ကောင်စီဖွဲ့စည်းရေး၊ မဟာဌာနကြီးများဖွဲ့စည်းရေး၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ရေး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အသုံးချသုတေသနဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် အခြေခံအဆောက်အအုံ ဖြည့်ဆည်းရေးတို့အတွက် နိုင်ငံတကာအတွေ့အကြုံ၊ DAAD အတွေ့အကြုံနှင့် ဂျာမနီနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတက္ကသိုလ်များ၏ အတွေ့အကြုံများကို ဤအလုပ်ရုံဆွေးနွေးပွဲတွင် မျှဝေဆွေးနွေးပေးရန် မေတ္တာရပ်ခံလိုပါကြောင်းနှင့် ဂျာမနီနိုင်ငံ DAAD ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဟန်္ဒိုင်းဒေသဆိုင်ရာ DAAD ဌာနအကြီးအကဲ Dr. Stefan Hase-Bergen၊ DAAD အတွင်းရေးမှူးချုပ် Dr. Dorothea Rüland ၊ ဂျာမနီနိုင်ငံ University of Hannover ၏ Vice-President Dr. Christoph Strutz နှင့် ဗီယက်နမ်နိုင်ငံ Saigon မြို့ရှိ Vietnamese-German University President Prof. Tomas Benz တို့က တက္ကသိုလ်ပဋိညာဉ်စာတမ်း၊ တက္ကသိုလ်ကောင်စီနှင့် တက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသော နိုင်ငံတကာအတွေ့အကြုံများကို မျှဝေဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရန်ကုန်တိုင်းဒေသကြီး လူငယ့်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ကိုဗစ်-၁၉ ဆိုင်ရာကိစ္စများ ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၁

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူငယ့်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဗီဒီယိုကွန်ဖရင့်ဖြင့် ညှိနှိုင်းဆွေးနွေးသည်။


ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားခြင်းအတွက် ကာကွယ်၊ ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော စေတနာ့ဝန်ထမ်း ပရဟိတလူငယ်များနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူငယ့်ရေးရာမူဝါဒကို ဖော်ဆောင်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ့်ရေးရာကော်မတီများ၊ အဆင့်ဆင့်ဖွဲ့စည်းပြီး မဟာဗျူဟာစီမံချက်များကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလ ပြည်သူများ အခက်အခဲများ ကြုံတွေ့ရစဉ်တွင် လူငယ်များအနေဖြင့် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြခြင်းသည် မူဝါဒပါ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍကို လက်တွေ့ အကောင်အထည်ဖော်နေကြခြင်းပင်ဖြစ်ကြောင်း၊ ကြုံတွေ့ရသောအခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် လူငယ်ကော်မတီဝင်များက ၎င်းတို့ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကျန်းမာရေး အကာအကွယ်ပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ လိုအပ်မှုအခြေအနေများ ၊ စီမံအုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ ပြည်သူများအတွက်သာမက စေတနာ့ ဝန်ထမ်းများအတွက်ပါ စိတ်ခွန်အားမြှင့်တင်ပေးရန် လိုအပ်မှုအခြေအနေများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းလိုအပ်မှုများ၊ အစောပိုင်းကာလ ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများနှင့် ဒုတိယလှိုင်းကာလ ဖြစ်ပွားမှုအခြေအနေ ကွာခြားချက်များနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များတွင် ခရိုင်၊ မြို့နယ်နှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများအလိုက် အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အတွင်းရေးမှူးအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် လက်တွေ့ဆောင်ရွက်နေကြသူများ၏ မြေပြင်အခြေအနေကိုသိရှိရန် အလွန်အရေးကြီးသဖြင့် ပါဝင်ဆွေးနွေးကြသူများကို အထူးကျေးဇူးတင်ပါကြောင်း၊ လူဦးရေထူထပ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးသည် အလွန်အရေးကြီးသဖြင့် လိုအပ်ချက်များကို မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် တိုက်ရိုက်ဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို အမြန်ဆုံးပြုလုပ်မည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ Country Director Mr. Newin Sinsiri နှင့်အဖွဲ့အား Virtual Meeting ဖြင့် ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အာရှ ဖွံ့ဖြိုးရေးဘဏ်၏ Country Director ဖြစ်သူ Mr. Newin Sinsiri နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေနှင့် CERP ၏ အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေများ၊ CERP မှ တစ်ဆင့် The Myanmar Recovery and Reform Plan ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများအပေါ် ဆောင်ရွက်နေသည့် ကုစားရေးဆောင်ရွက်ချက်များအတွက် နိုင်ငံတော်ဘတ်ဂျက်နှင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများဖြင့် စိစစ်ဆောင်ရွက်သုံးစွဲနေသည့် အခြေအနေများ၊ ADB၊ IMF နှင့် JICA တို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ADB ၊ IMF နှင့် JICA တို့မှ တာဝန်ရှိသူများက CERP အား အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ ပံ့ပိုးကူညီမှုများ၊ CERP Monitoring Framework နှင့် Indicators များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအား အဆိုပြုတင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် CERP ပါ လုပ်ငန်းအစီအစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ADB's COVID-19 Active Response and Expenditure Support (CARES) Program ဖြင့်လည်းကောင်း၊ IMF က Rapid Credit Facility (RCF) and Rapid Financing Instrument (RFI) အစီအစဉ်များဖြင့်လည်းကောင်း၊ JICA က JICA's COVID-19 Crisis Response Emergency Support Loan အစီအစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသို့ အတိုးနှုန်းသက်သာသော ချေးငွေများနှင့် ထောက်ပံ့ငွေများ ပံ့ပိုးကူညီပေးလျက်ရှိပြီး အဆိုပါချေးငွေများမှာ CERP နှင့် ချိတ်ဆက်၍ ပေးအပ်ခြင်းဖြစ်သဖြင့် CERP လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကိုလည်း စောင့်ကြည့်အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ IMF ၏ Resident Representative Mr. Neil Saker နှင့် JICA ၏ Chief Representative Mr. Noriji Sakakura တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသမီးရေးရာဝန်ကြီး The Hon. Marise Payne နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသမီးရေးရာဝန်ကြီး The Hon. Marise Payne နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးသည်။

**ဆွေးနွေး**

ဆွေးနွေးစဉ် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲ (High Level Consultations)ကို ယခုနှစ်မကုန်မီ ဆောလျင်စွာ ကျင်းပရေးအပါအဝင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကျင်းပရေးအတွက် ပြင်ဆင်နေမှုများနှင့် ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများကို ဩစတြေးလျနိုင်ငံမှ မျှဝေပေးနိုင်မည့် အခြေအနေတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီး၊ တိုက်ဖျက်ရေးအတွက် ဩစတြေးလျနိုင်ငံက ASEAN COVID-19 Response Fund တွင် ဩစတြေးလျ ဒေါ်လာ တစ်သန်း ကူညီပံ့ပိုးမှုနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိနိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအနေဖြင့် GAVI COVAX Advance Market Commitment (AMC) သို့ ဩစတြေးလျ ဒေါ်လာသန်း ၈၀ ကူညီပံ့ပိုးရန် ကတိကဝတ်ပြုမှုတို့အတွက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး ဝန်ကြီးများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင် အခက်အခဲတွေ့နေသူများအတွက် ကယ်ဆယ်ရေးလေယာဉ် (relief flight) များ ဆက်လက်စီစဉ်သွားရေး၊ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများပြန်လည်ကုစားရေးကို ကူညီနိုင်ရန်အတွက် ဩစတြေးလျနိုင်ငံက လာမည့် နှစ်နှစ်အတွင်း ကျန်းမာရေးလုံခြုံမှု၊ စီးပွားရေး ပြန်လည်နာလန်ထူရေးတို့တွင် အကူအညီပေးသွားမည့် ကိစ္စတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် ကုလသမဂ္ဂ၊ အာဆီယံနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ၏ စခန်းများအပါအဝင် ထိခိုက်လွယ်သူအုပ်စုများအတွက် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ တားဆီး၊ ကာကွယ်၊ တိုက်ဖျက်ရေးတွင် ICRC နှင့် WFP တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို အကျဉ်းမျှ ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံ၏ စိန်ခေါ်မှုနှင့် စိုးရိမ်ပူပန်မှုကို တစ်နိုင်ငံက နားလည်အောင် ကြိုးစားရန်နှင့် အပြုသဘောဝိုင်းဝန်း ဖြေရှင်းပေးရန် အရေးကြီးမှုတို့ကို အလေးထားပြောကြားခဲ့ပြီး ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေး အပြုသဘောဆောင်ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်တန်းအောင်မြင်သော ဝန်ထမ်းသားသမီးများနှင့် လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများနှင့် လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးများနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုနှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုခြင်းအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သဖြင့် ယခုလိုပုံစံသစ်ဖြင့် ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးက ဆုရကျောင်းသားကျောင်းသူများ ဗီဒီယိုကွန်ဖရင့်တွင် ပါဝင်တက်ရောက်ကြသည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခြင်းသည် ဘဝအတွက် အပြောင်းအလဲကြီးတစ်ခုဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ၊ မိဘများ၊ မိဘနှင့်မခြား ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သင်တန်းကျောင်းများနှင့် မသန်စွမ်းကျောင်းများမှ ဝန်ထမ်းဆရာ ဆရာမများနှင့် ထပ်တူ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သွားသဖြင့် လေ့လာသင်ယူစရာအခွင့်အလမ်းများ လမ်းပွင့်သွားပြီဖြစ်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာများကို သင်ယူနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ပညာရှိသည်ဟု ဆိုရာ၌ သင်ယူခြင်း၊ တတ်မြောက်အောင် လေ့ကျင့်ခြင်းအပြင် စဉ်းစားချင့်ချိန်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယခု တက္ကသိုလ်ဝင်တန်း အောင်မြင်သူများသည် အသက် ၁၈ နှစ်အောက်များဖြစ်သဖြင့် ကလေးသူငယ်အခွင့်အရေးလေးရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ကာကွယ်စောင့်ရှောက်ခံယူပိုင်ခွင့်များကို ရရှိခဲ့ကြသည့်နည်းတူ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒအရ အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိကို လူငယ်ဟု သတ်မှတ်ထားသဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအနေဖြင့် လူငယ်ကဏ္ဍတွင် အကောင်အထည်ဖော်မည့် စီမံချက်များတွင် မိမိတို့ကိုယ်တိုင် ပါဝင်တာဝန်ယူဆောင်ရွက်နိုင်ပြီး အကျိုးခံစားခွင့်များကိုလည်း ရရှိနိုင်ကြကြောင်း၊ လူငယ်ဘဝတွင် လူကြီးများထံမှ အတွေ့အကြုံဗဟုသုတကောင်းများကို လက်ဆင့်ကမ်းရယူပြီး မိမိတို့လက်ထက်တွင် ရိုးသားခြင်း၊ ကြိုးစားခြင်းတို့ဖြင့် မိမိနှင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြပြီး နောင်မျိုးဆက်သစ်များအတွက် ကောင်းမွေများကို ချန်ရစ်နိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကိုပေးအပ်ချီးမြှင့်ခဲ့ရာ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် ရိုးရိုးအောင်မြင်သော ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့အတွက် စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၁၅၀၀၀၀ ကို ချီးမြှင့်ခဲ့သည်။ ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသော ကျောင်းသားကျောင်းသူများတွင် မသန်စွမ်းကျောင်းသား ကျောင်းသူ ၁၇ ဦး ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပန်းမဖြေရသူများထံသို့ ပေးပို့လိုက်သော အလွမ်းပြေ စာတစ်စောင်

**အောင်ကျော်သိန်း**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် လူရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲများအား ခရိုင်အလိုက် အသီးသီး ကျင်းပကြောင်း သတင်းများကို လွန်ခဲ့သော လများအတွင်းက ဖတ်ရှုခဲ့ရပါသည်။ ကိုဗစ်ကာလဖြစ်၍ လူရည်ချွန် အပန်းဖြေစခန်းချခရီး မထွက်ဖြစ်တော့ဟု ထင်မိသည်။ ယခုနှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများအတွက် စိတ်မကောင်းခြင်းများစွာလည်း ဖြစ်မိရပါသည်။ လူရည်ချွန်အပန်းဖြေစခန်းများသို့ ဒေသန္တရဗဟုသုတ လေ့လာရေးခရီး မထွက်ဖြစ်တော့သောကြောင့် စိတ်မကောင်းဖြစ်မိခြင်း ဖြစ်ပါသည်။

**လူရည်ချွန် အတွေ့အကြုံရှင်းလင်းပွဲများ**

စာရေးသူတို့ငယ်စဉ်က ပညာရေးဝန်ကြီးဌာနဝန်ကြီး၏ လူရည်ချွန်ဆုသည် ကျောင်းသား ကျောင်းသူတိုင်း ရရှိလိုကြသောဆုတစ်ဆု ဖြစ်ပါသည်။ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများရှိ ဆရာ ဆရာမများကလည်း လူရည်ချွန် ကျောင်းသားများကို အားကျပြီး လူရည်ချွန်ဖြစ်လာအောင် ကြိုးစားကြရန် မိမိတို့၏ တပည့်အပေါင်းကို အမြဲမပြတ်ဆိုသလို တိုက်တွန်းအားပေးလေ့ရှိကြသည်။ ယမန်နှစ် နွေရာသီ လူရည်ချွန်စခန်း အသီးသီးမှ ၎င်းတို့ရရှိလာခဲ့သည့် အတွေ့အကြုံသင်ခန်းစာများကို တစ်ကျောင်းလုံးရှိ ကျောင်းသား ကျောင်းသူများကို ပြန်လည်ရှင်းလင်းတင်ပြသည့် လူရည်ချွန် အတွေ့အကြုံရှင်းလင်းပွဲများကိုလည်း ကျောင်းအသီးသီးတွင် ခြိမ့်ခြိမ့်သဲသဲ ဂုဏ်ယူကျင်းပလေ့ရှိကြပါသည်။

လူရည်ချွန်တစ်ယောက်ဖြစ်လာရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါချေ။ အရည်အချင်းစစ် စာမေးပွဲများကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဟူ၍ သုံးဆင့် ဖြေဆိုရသည်။ အဆင့်တိုင်းမှာ အထွေထွေဗဟုသုတမေးခွန်း၊ ဉာဏ်စမ်းမေးခွန်းများကို ရေးဖြေ၊ နှုတ်ဖြေ နှစ်မျိုးစလုံး ဖြေဆိုရရုံသာမက ကြံ့ခိုင်စွမ်းရည်မေးခွန်းများကိုလည်း လက်တွေ့ဖြေဆိုရသေးသည်။ 'အိပ်ထမတင်'၊ 'ထိုင်ထဆန့်ထုတ်'၊ 'ဒိုက်ထိုး'၊ 'အလျားခုန်'၊ 'မီတာတစ်ရာအပြေး' စသည်တို့ကို ချွေးတလုံးလုံးဖြင့် အောင်မြင်အောင်ကြိုးစားဖြေဆိုခဲ့ရသည်များကိုလည်း ယနေ့တိုင် မမေ့နိုင်ခဲ့ပါချေ။

ထိုအဆင့်အားလုံးကို ဖြေဆိုအောင်မြင်ပြီးခါမှ လူရည်ချွန်အဖြစ် ရွေးချယ်ခံရခြင်း ဖြစ်ပါသည်။ ထို့နောက် နွေရာသီရောက်သောအခါတွင်မှ မိမိကျရာ လူရည်ချွန်အပန်းဖြေစခန်းသို့ အပန်းဖြေခရီးသွားရောက်ခွင့်ရပါသည်။ စာရေးသူသည် ကိုးတန်းကျောင်းသားဘဝက အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ သွားရောက်ခွင့်ရခဲ့ဖူးပါသည်။ စင်စစ်အားဖြင့် လူရည်ချွန်အပန်းဖြေစခန်းသို့ သွားရောက်ရခြင်းသည် အပန်းဖြေခရီး သက်သက်မဟုတ်ပါ။ ထိုစဉ်အခါက နွေရာသီ လူငယ်လုပ်အားပေးစခန်းများလည်း ရှိခဲ့ပေရာ ထိုလုပ်အားပေးစခန်းတွင် သွားရောက်ပါဝင် လုပ်အားပေးနေကြသူ လုပ်အားပေးကျောင်းသား ကျောင်းသူ သူငယ်ချင်းများက စာရေးသူတို့လူရည်ချွန်များအား 'အလွန်ဇိမ်ကျတဲ့ ကျောင်းသားတွေ'ဟု နောက်ပြောင်ပြောဆိုခဲ့သောအခါ ကျွန်တော်တို့ လုံးဝလက်မခံဘဲ ပြန်လည်ရှင်းပြခဲ့ဖူးသည်ကိုလည်း အမှတ်ရနေမိပါသည်။ လူရည်ချွန်စခန်းသို့ သွားရောက်သည်ဆိုရာ၌ အပန်းဖြေရသည်ဟူ၍ မရှိလှပါ။ စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ဒေသန္တရလေ့လာရေးခရီး သွားရောက်ရခြင်း၊ လူရည်ချွန်စခန်းတွင် စခန်းတွင်း ဟောပြောပွဲအမျိုးမျိုးသို့ တက်ရောက်ရခြင်း၊ ဉာဏ်စမ်းပဟေဠိအမျိုးမျိုးကို ဖြေဆိုရခြင်း၊ စခန်းတွင်းလူရည်ချွန်သတင်းစာကို နေ့စဉ်ထုတ်ရခြင်း၊ လူရည်ချွန်စခန်း၏ တာဝန်အမျိုးမျိုးကို နေ့အလိုက်၊ အုပ်စုအလိုက် အလှည့်ကျထမ်းဆောင်ရခြင်းစသည်ဖြင့် အမျိုးမျိုးသော လှုပ်ရှားမှုအစီအစဉ်များ၌ မနားတမ်း ပါဝင်ဆောင်ရွက်နေရခြင်းသာ ဖြစ်ပါသည်။

> **လူရည်ချွန်စခန်းသို့ သွားရောက်သည်ဆိုရာ၌ အပန်းဖြေရသည်ဟူ၍ မရှိလှပါ။ စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ဒေသန္တရလေ့လာရေးခရီး သွားရောက်ရခြင်း၊ လူရည်ချွန်စခန်းတွင် စခန်းတွင်းဟောပြောပွဲအမျိုးမျိုး သို့ တက်ရောက်ရခြင်း၊ ဉာဏ်စမ်းပဟေဠိအမျိုးမျိုးကို ဖြေဆိုရခြင်း၊ စခန်းတွင်းလူရည်ချွန်သတင်းစာကို နေ့စဉ်ထုတ်ရခြင်း၊ လူရည်ချွန် စခန်း၏ တာဝန်အမျိုးမျိုးကို နေ့အလိုက်၊ အုပ်စုအလိုက် အလှည့်ကျ ထမ်းဆောင်ရခြင်းစသည်ဖြင့် အမျိုးမျိုးသော လှုပ်ရှားမှုအစီအစဉ်များ၌ မနားတမ်း ပါဝင်ဆောင်ရွက်နေရခြင်းသာဖြစ်။**

ယနေ့တိုင် မှတ်မိနေသော ငိုအားထက် ရယ်အားသန်ရသည့် ဖြစ်ရပ်လေးတစ်ခုကို အမှတ်တရ ပြန်လည်ဖော်ပြလိုပါသည်။ တစ်နေ့တွင် လူရည်ချွန်များအား ထမင်းစားခန်း၌ ညစာကျွေးသောအခါ ကျွန်တော်ယူရသည့်တာဝန်မှာ ကြာဆံဟင်းဝေရန် ဖြစ်ပါသည်။ တန်းစီနေသည့် လူရည်ချွန် သူငယ်ချင်း ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ပန်းကန်များထဲသို့ ကြာဆံဟင်းများကို ယောက်ချိုဖြင့် ခပ်ထည့်ပေးရပါသည်။ ကျောင်းသားဦးရေ တစ်ဝက်ကျော်ကျော်လောက် ထည့်ပေးပြီးသွားပါပြီ။ သူတို့လည်း ထမင်းစားပွဲတွင် သူတို့ကျရာနေရာများ၌ အသီးသီးထိုင်ကာ ညစာသုံးဆောင်နေကြပါပြီ။ ထိုအချိန်တွင် တာဝန်ကျဆရာတစ်ဦးသည် မိမိထံ လျှောက်လာ၍ 'ဟော့ သူငယ်မင်းဘာတွေဝေနေတာလဲ' ဟု မေးလာပါသည်။ ကျွန်တော်ကလည်း 'ကြာဆံဟင်းဝေနေတာပါ ဆရာ' ဟု ချက်ချင်းပြန်ဖြေလိုက်ပါသည်။ ဆရာက 'မင်းတို့ လူရည်ချွန်တွေကို ကြာဆံဟင်းသက်သက်ပဲ ကျွေးတာတော့ မဖြစ်နိုင်ဘူးထင်တယ်။ ကြာဆံဟင်းအိုးထဲကို အောက်ခြေအထိရောက်အောင် မွှေကြည့်ပါဦး'ဟု ပြောလာပါသည်။ ကြာဆံဟင်းဆိုသည့်အတွက် ကြာဆံအဖတ်များကိုသာ ကြည့်၍ ဟန်ကျပန်ကျ ဟင်းဝေနေသော ကျွန်တော်သည် ဟင်းမွှေသည့် ယောက်ချိုဖြင့် ကြာဆံအိုးကြီး၏ အောက်ခြေအထိ ဆင်းမွှေလိုက်သောအခါ 'လား လား' ကြက်သားတုံးကြီးများ တစ်ပုံကြီး ထွက်ပေါ်လာပါတော့သည်။ ကျွန်တော်လည်း ထူပူသွားကာ အားလုံးကိုတောင်းပန်၍ နောက်တစ်ကြိမ်ထပ်၍ တန်းစီခိုင်းကာ ဟင်းထပ်ဝေရပြန်ပါတော့သည်။ သူငယ်ချင်းအားလုံးက ကျွန်တော့်ကို ကောင်းကောင်းကြီး မှတ်မိသွားကြပါတော့သည်။ ကျွန်တော်လည်း နမော်နမဲ့မလုပ်ဖို့ ကောင်းကောင်းကြီး သင်ခန်းစာ ရသွားခဲ့ပါသည်။

**ဗဟုသုတအမျိုးမျိုးကို ဖလှယ်ခွင့်ရရှိ**

လူရည်ချွန်စခန်းတွင် အတန်းကြီးလူရည်ချွန်များက မေးသည့် ဉာဏ်စမ်းပဟေဠိပုစ္ဆာများကို အတန်းငယ်လူရည်ချွန်များက ဖြေဆိုရသည့် အစီအစဉ်လည်း ပါရှိပါသည်။ အဖြေမရမချင်း မအိပ်ဘဲ တစ်ညလုံး စဉ်းစားပြီး နံနက်မိုးလင်းမှ အဖြေရခဲ့ရသည်ကိုလည်း သတိရနေမိပါသေးသည်။ စခန်းတွင်း လူရည်ချွန်သတင်းစာကို နေ့စဉ်ထုတ်ဝေရာ ကဗျာရေး၍ ပို့ချင်ပါလျက် မရေးနိုင်ဖြစ်နေသော သူငယ်ချင်း လူရည်ချွန်တစ်ဦးအား ကာရန်ယူ ကဗျာစပ်နည်းကို ပျော်ပျော်ရွှင်ရွှင် သင်ပေးခဲ့ဖူးသည်ကို သတိရနေမိပါသည်။ နည်းအမျိုးမျိုးဖြင့် ထူးချွန်နေကြသော တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ပညာဗဟုသုတအမျိုးမျိုးကို ဖလှယ်ခွင့် ရရှိခဲ့ပေရာ အတိုင်းမသိတန်ဖိုးရှိလှသော ပညာဗဟုသုတများ၊ အတွေ့အကြုံများ တိုးပွားခဲ့ရပါသည်။


ယနေ့ခေတ်တွင် ထိုတစ်ခါတုန်းက လူရည်ချွန်များသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကြီးလေးသည့် နိုင်ငံ့တာဝန်များကို အသီးသီးထမ်းဆောင်လျက် ရှိနေကြပါပြီ။ အချို့လည်း တာဝန်ကျေစွာထမ်းဆောင်ပြီး၍ သက်ပြည့်အငြိမ်းစားပင် ယူသွားခဲ့ကြပါပြီ။ ယခုနှစ်တွင် ပေါ်ထွက်လာကြသည့် လူရည်ချွန် ကျောင်းသား ကျောင်းသူ အသီးသီးတို့သည်လည်း နောင်အနာဂတ်ကာလများတွင် ဤကဲ့သို့ပင် ကျရာတာဝန် ကျရာအခန်းကဏ္ဍများမှနေ၍ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်ဟု ယုံကြည်လျက်ရှိနေပါကြောင်း တင်ပြရင်း ဘက်စုံထူးချွန် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို အားပေးကြိုဆို ဂုဏ်ပြုအပ်ပါသည်။ ။

## ဇလွန်မြို့နယ်ရှိ အခြေခံသမဝါယမအသင်းသားများအား စုဆောင်းငွေပေါ်အတိုးပေးအပ်

**ဇလွန် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ EXIM Bank ချေးငွေရယူထားသော အခြေခံသမဝါယမအသင်း ၁၃၀ မှ အသင်းသား ၆၉၄၇ ဦးသည် (၁၃)ကြိမ်မြောက် ချေးငွေအား ပေးဆပ်ပြီးဖြစ်၍ ၎င်းတို့၏ စုဆောင်းငွေကျပ် ၉၈၁ ဒသမ ၁၇၁၅ သန်းအတွက် ထုတ်ပေးရန်ရှိသည့် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၇၃ ဒသမ ၅၈၀၄ သန်းကို အသင်းသားများ လက်ဝယ်အရောက် ပေးအပ်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များ ကူညီဆောင်ရွက်လျက်ရှိ



**ရန်ကုန် စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို နိုင်ငံအနှံ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များလည်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်ပူးပေါင်းကာ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အကူအညီပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ရောဂါကင်းစင်သွားသူများ ဆေးရုံမှဆင်းကြရာတွင် စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက လိုအပ်သည့် အကူအညီများပေးလျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး)၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းနှင့် ကုသရေးဌာန၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကုသရေးဌာန (သုဝဏ္ဏ)တို့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် လှိုင်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများတွင် လည်းကောင်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် ဒေသအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသအချို့၌ မိုးကြီးခြင်း၊ လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်ရာတွင်လည်း အကူအညီလိုအပ်သူများအား ထောက်ပံ့ကူညီခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သွေးလိုအပ်သူများအတွက် အရေးပေါ် သွေးလှူဒါန်းခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

# တစ်ယောက်ချင်းအတွက် ဂရုစိုက်ကြ



**အခုဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ကူးစက်နေတာက မိသားစုဝင်အတွင်းမှာ ကူးစက်တာတွေ တော်တော်များပါတယ်။ အဲဒါလည်း သတိပြုစေချင်ပါတယ်။ သေဆုံးတဲ့အထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေ ပါပါတယ်။ အဲဒီတော့ လူငယ်များဟာ ခံနိုင်ရည်ရှိတာကြောင့်မိုလို့ တစ်ခါတလေ ရောဂါလက္ခဏာမပြပါဘူး။ ၇၀ ရာခိုင်နှုန်းလောက်က ရောဂါရှိနေတဲ့သူတွေက ရောဂါလက္ခဏာမပြပါဘူး။ အဲဒါကိုက တစ်နည်းအားဖြင့် အန္တရာယ်တစ်ခုပါပဲ။ ရောဂါလက္ခဏာမပြတဲ့ အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ရောဂါရှိတယ်လို့ မထင်ဘူး။ ကိုယ့် မိသားစုတွေ ကိုယ့်ဆီကနေ ကူးသွားနိုင်ပါတယ်။ အဲဒီတော့ အဲဒီထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေ ရှိနိုင်တယ်။ ရောဂါအခံရှိတဲ့သူတွေ ရှိနိုင်တယ်။ ဒါကြောင့်မို့ ကိုယ်တစ်ယောက်က နည်းနည်းစည်းကမ်းလိုက်နာမှုမှာ အားနည်းတယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်အတွက် အများကြီး အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် ဂရုစိုက်ကြပါ။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁–၉–၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၂၀–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၅၄၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံမြို့နယ် | ၅၅ |
| | | အင်းစိန်မြို့နယ် | ၃၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၃၀ |
| | | ဒဂုံမြို့နယ် | ၃၀ |
| | | ဒလမြို့နယ် | ၂၉ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂၃ |
| | | သာကေတမြို့နယ် | ၁၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁၈ |
| | | လမ်းမတော်မြို့နယ် | ၁၇ |
| | | ဗဟန်းမြို့နယ် | ၁၇ |
| | | သန်လျင်မြို့နယ် | ၁၆ |
| | | လှိုင်သာယာမြို့နယ် | ၁၆ |
| | | သဃ်န်းကျွန်းမြို့နယ် | ၁၅ |
| | | တာမွေမြို့နယ် | ၁၄ |
| | | လှိုင်မြို့နယ် | ၁၃ |
| | | စမ်းချောင်းမြို့နယ် | ၁၀ |
| | | မရမ်းကုန်းမြို့နယ် | ၉ |
| | | ပန်းဘဲတန်းမြို့နယ် | ၉ |
| | | တောင်ဥက္ကလာပမြို့နယ် | ၈ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၈ |
| | | ကျောက်တံတားမြို့နယ် | ၈ |
| | | ဆိပ်ကြီးခနောင်တို | ၈ |
| | | ဗိုလ်တထောင်မြို့နယ် | ၇ |
| | | ကမာရွတ်မြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | အလုံမြို့နယ် | ၇ |
| | | ဒေါပုံမြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၆ |
| | | ပုဇွန်တောင်မြို့နယ် | ၆ |
| | | ရန်ကင်းမြို့နယ် | ၄ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၄ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၄ |
| | | ဒေါပုံမြို့နယ် | ၃ |
| | | လသာမြို့နယ် | ၃ |
| | | ရွှေပြည်သာမြို့နယ် | ၂ |
| | | ကျောက်တန်းမြို့နယ် | ၁ |
| | | ခရမ်းမြို့နယ် | ၁ |
| | | သုံးခွမြို့နယ် | ၁ |
| | | ထန်းတပင်မြို့နယ် | ၁ |
| | | ကော့မှူးမြို့နယ် | ၁ |
| | စုစုပေါင်း | | ၄၇၇ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၂၀ |
| | | မောင်တောမြို့နယ် | ၄ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | မြေပုံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂၇ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၄ |
| | | ကန်ကြီးထောင့်မြို့နယ် | ၂ |
| | | အိမ်မဲမြို့နယ် | ၂ |
| | | ဒေးဒရဲမြို့နယ် | ၁ |
| | | ဘိုကလေးမြို့နယ် | ၁ |
| | | လေးမျက်နှာမြို့နယ် | ၁ |
| | | မအူပင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီးမြို့နယ် | ၅ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | အမရပူရမြို့နယ် | ၁ |
| | | ပြည်ကြီးတံခွန်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၈ |
| ၅ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၄ |
| | | ပုဗ္ဗသီရိမြို့နယ် | ၂ |
| | စုစုပေါင်း | | ၆ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၃ |
| | | ဒိုက်ဦးမြို့နယ် | ၁ |
| | | သနပ်ပင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၅ |
| ၇ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၃ |
| | | နတ်မောက်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၄ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ကသာမြို့နယ် | ၁ |
| | | ရွှေဘိုမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂ |
| ၉ | မွန်ပြည်နယ် | ဖော်လမြိုင်မြို့နယ် * | ၁ |
| | စုစုပေါင်း | | ၁ |
| (၂၀–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | ၅၄၂ |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူနေသူဖြစ်ပါသည်။

၂။ (၂၁–၉–၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၂:၀၀)နာရီအထိ ထပ်မံသေဆုံးသူ (၃) ဦးရှိပါသည် –

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-5367* | ၆၇ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) နံနက် (၁၂:၄၅) နာရီ |
| ၂ | Case-5368* | ၆၈ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) နံနက် (၂:၀၀) နာရီ |
| ၃ | Case-5059* | ၇၈ | ကျား | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၁၈-၉-၂၀၂၀) ညနေ (၅:၁၀) နာရီ |

* အဆိုပါလူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားခဲ့ဖြစ်ပြီး COVID–19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၉၇) ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မြောင်းမြမြို့နယ် သမဝါယမအသင်းစုမှ အပ်ချုပ်စက်နှင့် ခါးစက်များ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချ

**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်သမဝါယမအသင်းစုသည် ကိုဗစ်–၁၉ ရောဂါကာလအတွင်း အသင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ပုံမှန်ဝင်ငွေရရှိစေရန်အတွက် အခြေခံသမဝါယမအသင်းသား ၅၀ နှင့် ဦးစီးဌာနဝန်ထမ်းငါးဦးတို့အား အပ်ချုပ်စက် တစ်လုံးလျှင် ငွေကျပ် ၁၃၅၀၀၀ နှုန်းဖြင့် အပ်ချုပ်စက် ၃၅ လုံးကို လည်းကောင်း၊ ခါးစက်တစ်လုံးလျှင် ငွေကျပ် ၁၄၅၀၀၀ နှုန်းဖြင့် ခါးစက်အလုံး၂၀ ကို လည်းကောင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၇၆၂၅၀၀၀ အား ၁၀ လဆပ် အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

## ဒိုက်ဦးမြို့နယ်၌ အင်း ၅၂ အင်းသို့ ငါးမျိုးစိုက်ထည့်

**ဒိုက်ဦး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက် ၈ နာရီတွင် ဒိုက်ဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ မျိုးထိန်းသိမ်းစောင့်ရှောက်ရန်၊ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရန်နှင့် ငါးစားသုံးမှုမြင့်မားလာစေရန် ရည်ရွယ်၍ ဒိုက်ဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ အင်းသားကြီးများနှင့်အတူ ပဲခူးငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ ၁၅၅၄၄၅ အား ငါးမျိုးစိုက်ထည့်ရန် အင်းသားကြီးများထံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်တိုင်းဒေသကြီး၌ ယာယီပိတ်သိမ်းမည့် စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအတွက် ပိတ်ရက်ကာလ လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်သိမ်းမည့် စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအား ပိတ်ရက်ကာလအတွက် လုပ်ခ၊ လစာထောက်ပံ့ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုတ်ခွဲအတည်ပြုလူနာများ များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ)တွင်နေထိုင်သည့် ပြည်သူများအား နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာခဲ့ပြီးဖြစ်ကြောင်း။

**တိုက်တွန်းပြောကြား**

သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းရှိ အလုပ်သမားနှင့်ပတ်သက်ဆက်ဆံသည့် မိသားစုဝင်များအား ချမှတ်ထားသည့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာလုပ်ဆောင်ရေး အလေးထားလုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ ရက်သတ္တနှစ်ပတ်ခန့် ယာယီပိတ်သိမ်းမည့် စက်ရုံ၊အလုပ်ရုံများမှ အလုပ်သမားများအား ပိတ်ရက်ကာလအတွက် လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့်ပတ်သက်၍ UMFCCI ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ပေးကြရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် ရှေ့ဆက်လက်ပူးပေါင်းလုပ်ဆောင်မည့်အစီအစဉ်များနှင့် ကြေညာချက်အပေါ် သဘောထားအမြင်များ၊ အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်းပေးအပ်သွားကြရန်ဖြစ်ပါကြောင်း။



နေအိမ်တွင်နေထိုင်ရေး (Stay at Home) ကာလအား နှစ်ပတ်သတ်မှတ်ထားပါကြောင်း၊ ပြည်သူအားလုံးမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာဆောင်ရွက်သွားပါက ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီး ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျသွားနိုင်မည်ဖြစ်ကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခိုင်အမာပြောကြားထားရှိပါကြောင်း။

**ထောက်ပံ့ပေးရန်စီစဉ်**

ထို့ကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းကို အားလုံးသိရှိနားလည်ကြမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းရသည့်အတွက် အလုပ်လက်မဲ့ဖြစ်ပွားသည့် အလုပ်သမားများအတွက် လုပ်ခလစာ၊ အခကြေးငွေများကို မည်ကဲ့သို့ ထောက်ပံ့ပေးမည့် အစီအစဉ်အတွက် လုပ်ငန်းရှင်များနှင့် ယခုကဲ့သို့ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမားများအတွက် လူမှုရေးထောက်ပံ့ကူညီမှုများကို ဥပဒေနှင့်အညီ ပေးအပ်သွားရန် စီစဉ်ထားရှိပါကြောင်း၊ လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးသွင်းထားခြင်းမရှိသည့် အလုပ်သမားများအတွက်လည်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိရာ အလုပ်ရှင်များကလည်း ပူးပေါင်းပြီး အလုပ်သမားများအား တတ်နိုင်သမျှ ထောက်ပံ့ပေးစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး အလုပ်သမားများအပေါ် မည်ကဲ့သို့ ထောက်ပံ့ကူညီဆောင်ရွက်သွားမည်ကို ယခုဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် UMFCCI ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ကိုယ်စားလှယ်များက လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့်အခက်အခဲများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အကြံပြုချက်များနှင့် သိရှိလိုသည်များအား မေးမြန်းဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် UMFCCI ဥက္ကဋ္ဌက အလုပ်သမားများအား (Stay at Home) နေထိုင်ရမည့် အလုပ်ရပ်နားထားရသည့် ကာလအတွင်း ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဆွေးနွေး၍ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၆၁၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၁၅၁ ဦး ရှိသွားပြီ

**နေပြည်တော်  စက်တင်ဘာ ၂၁**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၆၁၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၁၅၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၆၁၅၁ ဦးအနက် သေဆုံးသူ ၉၈ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၄၄၅ ဦးနှင့် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၄၅ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၄၃၈၃ | ၆၁၅၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၄၄၅ | ၉၈ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၁၁၇၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၄၄၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

✤ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန  ၂၁-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၀၀၅၇၅၉ | ၄၂၅၀၄၉၇ | ၂၀၄၁၂၆ |
| ၂။ | အိန္ဒိယ | ၅၄၉၁၄၁၀ | ၄၃၉၆၃၉၉ | ၈၇၉၃၃ |
| ၃။ | ဘရာဇီး | ၄၅၄၄၆၂၉ | ၃၈၅၁၂၂၇ | ၁၃၆၈၉၅ |
| ၄။ | ရုရှား | ၁၁၀၉၅၉၅ | ၉၁၁၉၇၃ | ၁၉၄၈၉ |
| ၅။ | ပီရူး | ၇၆၈၈၉၅ | ၆၁၅၂၅၅ | ၃၁၃၆၉ |
| ၆။ | ကိုလံဘီယာ | ၇၆၅၀၇၆ | ၆၃၃၁၉၉ | ၂၄၂၀၈ |
| ၇။ | မက္ကဆီကို | ၆၉၇၆၆၃ | ၄၉၉၃၀၂ | ၇၃၄၉၃ |
| ၈။ | တောင်အာဖရိက | ၆၆၁၂၁၁ | ၅၉၀၀၇၁ | ၁၅၉၅၃ |
| ၉။ | စပိန် | ၆၅၉၃၃၄ | စိစစ်ဆဲ | ၃၀၄၉၅ |
| ၁၀။ | အာဂျင်တီးနား | ၆၃၁၃၆၅ | ၄၈၈၂၃၁ | ၁၃၀၅၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၉၀၁၉၀ | ၂၃၀၂၃၃ | ၄၉၉၉ |
| ၂။ | အင်ဒိုနီးရှား | ၂၄၈၈၅၂ | ၁၈၀၇၉၇ | ၉၆၇၇ |
| ၃။ | စင်ကာပူ | ၅၇၆၀၇ | ၅၇၁၈၀ | ၂၇ |
| ၄။ | မလေးရှား | ၁၀၂၇၆ | ၉၃၉၅ | ၁၃၀ |
| ၅။ | မြန်မာ | ၆၁၅၁ | ၁၄၄၅ | ၉၈ |
| ၆။ | ထိုင်း | ၃၅၀၆ | ၃၃၄၂ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၆၈ | ၉၄၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၄ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လောဆွန့်ကျေးရွာနေ မကြည်ပိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ လောဆွန့်ကျေးရွာနေ မကြည်ပို(ခ)ကြည်ကြည်ပို(၂၄)နှစ်၊ (ဘ) ဦးအောင်ရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ မောင်တူး(၃၅)နှစ်၊ (ဘ)ဦးစိန်ဖေတို့(၂)ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ(ပ)၄၈/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မပြင်ကျေးရွာနေ မရင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မပြင်ကျေးရွာနေ မရင်(၄၈)နှစ်၊ (ဘ)ဦးလူတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ(ပ)၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဆားကျင်းကျေးရွာနေ မနုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၉-၂၀၂၀ ရက်နေ့တွင် မုံရွာမြို့နယ်၊ ဆားကျင်းကျေးရွာနေ မနု(၄၅)နှစ်၊ (ဘ)ဦးညို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မုံရွာ) မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်ကြားကျေးရွာနေ မင်းနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ပန်းမရဲကျေးရွာသွားလမ်းမပေါ်၌ တောင်ကြားကျေးရွာနေ ထိုက်ထိုက်(၃၀) နှစ်၊ (ဘ) ဦးအောင်ဆန်းနှင့် ၎င်းကျေးရွာနေ မင်းနိုင်(၃၃)နှစ်၊ (ဘ) ဦးမောင်ကြည်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ) ၁၇၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆ (ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ မောက်စဖာကျေးရွာနေ ဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ မောက်စဖာကျေးရွာနေ ဝင်းမြင့်(၅၄)နှစ်၊ (ဘ)ဦးလူထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဝင်းမြင့်အား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မအိ(၅၀)နှစ်၊ (ဘ) ဦးသောင်းဒန်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်)မယ(ပ)၁၆၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆ (ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ဝက်ကျကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၂၀ ရက်နေ့တွင် ပုလဲမြို့နယ်၊ ဝက်ကျကျေးရွာနေ နေဝင်း(၅၃)နှစ်၊ (ဘ)ဦးတင်ဖေလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေသူများဖြစ်သော ရန်နိုင်စိုး(၂၅)နှစ်၊ (ဘ)ဦးဝင်းစိန်၊ အေးကို(၂၅) နှစ်၊ (ဘ)ဦးကျော်ဆွေ၊ ပိုင်စိုးဦး(၂၅)နှစ်၊ (ဘ)ဦးတင်ဦး၊ နိုင်လင်း(၄၁)နှစ်၊ (ဘ)ဦးဘကံတို့(၅)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလဲ)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ ဖြူတုတ်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ညောင်သပြေ ကျေးရွာနေ ဖြူတုတ်(ခ)ညိုတင်(၅၇)နှစ်၊ (ဘ)ဦးမောင်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၇၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မယ်ဇလီပင်ကျေးရွာနေ မဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၂၀ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ မယ်ဇလီပင်ကျေးရွာနေ မဌေး(ခ) ခင်ခင်ဌေး(၄၅)နှစ်၊ (ဘ)ဦးခွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြို့သစ်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအပိုင်၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၈)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၁)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၆-၉-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအပိုင်၊ ကျောက်ဝါးတူးစခန်းအနီး လမ်းမပေါ်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာနေ ဖြိုးမြင့်အောင်(ခ)ကိုဖြိုး(၃၃)နှစ်၊ (ဘ) ဦးမျိုးလွင်နှင့် ညောင်ပင်သာကျေးရွာနေ ရဲအောင်(၂၀)နှစ်၊ (ဘ) ဦးခင်မောင်အေးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း)မယ(ပ)၂၁/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးမြင့်အောင်+ဒေါ်နှင်းအေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၂၀ ရက်နေ့တွင် သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးမြင့်အောင်+ဒေါ်နှင်းအေးတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့အားမတွေ့ရှိဘဲ ၎င်းတို့၏သားဖြစ်သူ ရန်နိုင်စိုး(ခ)နိုင်စိုး(၃၅)နှစ်၊ (ဘ)ဦးမြင့်အောင်အား ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကျိုက္ခမီ)မယ(ပ)၁၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်နေ သူရသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၉-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်နေသူရ(ခ)ဆက်ပိုင်(၂၃)နှစ်၊ (ဘ) ဦးမင်းသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ(ပ)၃၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ကျင်ဝှက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ သန့်ဇင်အောင်(ခ)ကျင်ဝှက် (၂၄)နှစ်၊ (ဘ)ဦးသိန်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) ရပ်ကွက်နေ ကိုပြည့်ဖြိုးကျော် (ခ) ပွဲစားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၉-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁)ရပ်ကွက်နေ ပြည့်ဖြိုးလွင်(ခ)ပြည့်ဖြိုးကျော်(ခ)ပွဲစား (၃၄) နှစ်၊ (ဘ)ဦးတင်ဦးလွင်၏နေအိမ်အား ဝင်ရောက် ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ)၇၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ပြည့်စုံဗိုလ်သည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ပြည့်စုံဗိုလ်(၃၃)နှစ်၊ (ဘ) ဦးဝင်းဘို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ (ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းဆုံ၌ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်နေ ဟန်မင်း(ခ)ဇော်မင်း(၄၀)နှစ်၊ (ဘ)ဦးလှမောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဘုရင့်နောင်) မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၂၀ ရက်နေ့တွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ အာသာဝတီလမ်းမပေါ်၌ ၎င်းမြို့နယ်၊ ရန်အောင်ရပ်ကွက်နေ စိုးမြင့်အောင်(ခ)ကစ်ကစ်(၁၉)နှစ်၊ (ဘ)ဦးဘထွန်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ)မယ(ပ)၅၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်နေ အောင်ကျော်(ခ) ကုလားကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ BOC အဝိုင်းအနီး၌ ၎င်းမြို့နယ်၊ (၁၄)ရပ်ကွက်နေ အောင်ကျော် (ခ) ပါကျဲ(ခ)ကုလားကြီး(၄၇)နှစ်၊ (ဘ)ဦးသန်းဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များအား ထပ်မံသိမ်းဆည်းရမိသဖြင့် နမစ(သောင်ကြီး)မယ (ပ) ၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငအိုးကျေးရွာနေ မချိုသဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ငအိုးကျေးရွာနေ မချိုသဲ(ခ) သဲသဲ(၃၅)နှစ်၊ (ဘ)ဦးဝင်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ (ပ)၅၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၈)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၉)ဦး၊ မ(၅)ဦး၊ ပေါင်း(၂၄)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၃-၉-၂၀၂၀ ရက်နေ့တွင် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်တောင်လမ်းမပေါ်၌ ရပ်ကွက်(၇)နေ အောင်မြင့်(ခ)ကီလာမက်(၃၉)နှစ်၊ (ဘ)ဦးစိန်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၁၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဝါးပြာတောင်ရွာနေ ကိုအောင်ဖြူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ ဝါးပြာတောင်ရွာနေ စိုင်းအောင်ဖြူ(ခ)အောင်ဖြူ(၃၅)နှစ်၊ (ဘ) ဦးစိုင်းမြင့်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၁ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ကျောက်တန်းကျေးရွာနေ ကိုထော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ ကျောက်တန်းကျေးရွာနေ ကိုထော်(ခ)ဆန်းဝင်း(၄၂)နှစ်၊ (ဘ)ဦးကြွယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၁ သို့☆

☆ စာမျက်နှာ ၁၀ မှ

| | | |
|---|---|---|
| ၂၂ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ အုတ်တံတား ရပ်ကွက်နေ နေထက်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၉-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ အုတ်တံတား ရပ်ကွက်နေ နေထက်ဦး(၂၂)နှစ်၊ (ဘ)ဦးမင်းသိန်းဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၅၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၉-၉-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၃၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၁၁)ဦး၊ မ(၃၄၀)ဦး၊ ပေါင်း(၂၀၅၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၂၂.၄၀၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၇၃၈၈.၈၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၃၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၇၃၇၂၂)ပြား၊ ဆေးခြောက် (၁၄၈၅၁.၄၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ တင်းတင်းကျပ်ကျပ် စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –**

ထက်လျှံ

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)]**

ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အနေနဲ့ ထိန်းချုပ်နိုင်တဲ့အနေအထား မရောက်သေးပါဘူး။ ကိုဗစ်ခတ်ခွဲ အတည်ပြုလူနာ အရေအတွက်က ဆက်ပြီးတက်နေတဲ့ အနေအထားရှိပါတယ်။ ကျွန်တော်တို့ ထိန်းချုပ်နိုင်မှု မရှိသေးပါဘူး။

ကိုဗစ်-၁၉ ကုသမှုအပိုင်းအနေနဲ့ မြောက်ဥက္ကလာပမြို့နယ်ရှိဝေဘာဂီပြည်သူ့ဆေးရုံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ မိခင်နှင့်ကလေးဆေးရုံ၊ ဖောင်ကြီးကိုဗစ်စင်တာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာ၊ လှိုင်မြို့နယ်ရှိ လှိုင်ကိုဗစ်စင်တာနဲ့ မြတ်လေးဆောင်၊ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းတွေမှာ သီးခြားကုသမှုပေးနေပါတယ်။ ယနေ့ထွက်ပေါ်လာတဲ့ Positive လူနာတွေကို လက်ခံကုသပေးဖို့အတွက် ခုတင်လွတ်အနေနဲ့ ၆၀၀ ရှိပါတယ်။ ကျွန်တော်တို့ စီမံခန့်ခွဲနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် လူနာအားလုံးကို ဆေးရုံမှာတင်ပြီး ကုသပေးဖို့အတွက် ပြင်ဆင်နေပါတယ်။

## မဟာဗျူဟာပြောင်းလဲ

ဒီလူနာတွေကို သယ်ယူပို့ဆောင်ပေးမှုအနေနဲ့ ယခင် လူနာ ၂၀၀/၂၅၀ ပို့ဆောင်ပေးနေရာကနေ လူနာ ၅၀၀ ကျော်ကို ပို့ဆောင်ပေးရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အတော်ကို ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ ယခင်တုန်းက ကျွန်တော်ပြောခဲ့ဖူးပါတယ်၊ လက်ရှိကျွန်တော်တို့ အနေအထားက လူနာ ၃၀၀ / ၄၀၀ အတွက် ကြိုတင်တွက်ချက်ပြီး ဆောင်ရွက်ထားတာပါ။ ယခုလူနာ ၅၀၀ ဖြစ်လာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ လုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာတွေ ပြောင်းလဲပြီး ဆောင်ရွက်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နဲ့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ဒီလို လုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာတွေ ပြောင်းလဲဆောင်ရွက်နိုင်ဖို့ဆိုရင် တင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ လက်ရှိမှာ Quarantine ထားတယ်ဆိုရင် ပထမဆုံး ၃ ပတ် သို့မဟုတ် တစ်လထားခဲ့ပြီး ၁၄ ရက်ကို လျှော့ချခဲ့ပါတယ်။ ယခုကျွန်တော်တို့က Double Negative နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်ရောဂါ ခတ်ခွဲစစ်ဆေးမှုကို နှစ်ကြိမ် နှာခေါင်းတို့ဖတ်နမူနာယူပြီး စစ်ဆေးကြည့်လိုက်လို့ နှစ်ခါ Negative ဖြစ်ရင် တစ်ပတ်နဲ့ဆေးရုံက ဆင်းပေးမှာဖြစ်ပါတယ်။ အဓိပ္ပာယ်က ခတ်ခွဲစစ်ဆေးမှုခံယူသူအနေနဲ့ နှစ်ကြိမ်စလုံးမှာ Negative ဖြစ်တဲ့အတွက် ပြည်သူလူထုထဲကို ကူးစက်နိုင်ခြင်းမရှိဘူးလို့ သုံးသပ်ပြီး ဆေးရုံတက်ရမယ့်ရက်ကို ထပ်ပြီးလျှော့မှာဖြစ်ပါတယ်။ ဒါကို နိုင်ငံတကာမှာလည်း ကျင့်သုံးနေပါတယ်။

ကျွန်တော်တို့အနေနဲ့ တင်းကျပ်စွာထိန်းချုပ်ဆောင်ရွက်တဲ့နည်းလမ်းကို ရွေးချယ်ရခြင်းက တတ်နိုင်သမျှ သေဆုံးမှုနှုန်းကို အနည်းဆုံးဖြစ်အောင်လို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ Quarantine တွေအနေနဲ့ Double Negative ၇ ရက် လျှော့ဖို့ စတင်နေပြီဖြစ်ပါတယ်။ Double Negative ဖြစ်လို့ ဆင်းခွင့်ရသူတွေဟာ Home Quarantine ဆက်နေရမှာ ဖြစ်ပါတယ်။ ဒီ Home Quarantine ကို အားဖြည့်ဖို့လိုပါတယ်။ Home Quarantine မှာ လျှော့ရိလျှော့ရဲနေလို့ မရပါဘူး။ ဒီအတွက်လည်း Home Quarantine လုပ်မယ့်လူကိုယ်တိုင် လိုက်နာဖို့လိုအပ်သလို ဘေးကလည်း သူ့ကို ပံ့ပိုးပေးဖို့လိုပါတယ်။ ကျွန်တော်ပြောတဲ့ စကားလုံးအဓိပ္ပာယ်က “ကြပ်မတ်ပေးဖို့” မဟုတ်ပါဘူး။ “ပံ့ပိုးပေးဖို့” ဖြစ်ပါတယ်။ Home Quarantine ဝင်နေတဲ့သူကို အခက်အခဲဖြစ်အောင် လုပ်ဖို့ မဟုတ်ပါဘူး။ ဒီလူအတွက် အဆင်ပြေအောင် လုပ်ပေးဖို့ဖြစ်ပါတယ်။ ဒီလို လုပ်ပေးတဲ့နေရာမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၊ မိသားစုကိုယ်တိုင်၊ ရပ်ရွာက၊ မြို့နယ်နဲ့ တိုင်းအပါအဝင် နိုင်ငံတော်အနေအထားနဲ့ လုပ်ဖို့ စီစဉ်ပြီးဖြစ်ပါတယ်။

## ထပ်မံပြင်ဆင်နေ

ဒါကြောင့် ကျွန်တော်တို့ တစ်ဆင့်လျှော့ချပြီး ဆောင်ရွက်မယ့် အစီအစဉ်မှာ ပြည်သူလူထုရဲ့ ပါဝင်မှုက အရေးကြီးပါတယ်။ Facility Quarantine ကနေပြီး Double Negative ဖြစ်လို့ ပြန်ထွက်လာမယ့်သူတွေကို အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ သူတို့အနေနဲ့ Home Quarantine တစ်ပတ်နေရမှာ ဖြစ်ပါတယ်။ ရောဂါကူးစက်မှုကို လျှော့ချမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆေးရုံတွေရဲ့ လုပ်ငန်းဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်ကို ကျော်လွန်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမအိမ်ရာထဲက အဆောင်ခြောက်ဆောင်ကို ထပ်မံပြင်ဆင်နေပါတယ်။ ရိုးမမှာ ယခုအချိန်မှာဆိုရင် ခုတင် ၅၇၆ ခုတင် ထည့်သွင်းထားပြီး ဖြစ်ပါတယ်။ နောက်ထပ်ခြောက်ဆောင် ပြင်ဆင်ပြီးရင် ခုတင် ၄၄၀ ကျော် ထပ်မံလက်ခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကို ဒီနေ့အပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ရက် ထွက်ပေါ်လာမယ့် လူနာတွေအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလို ကြိုတင်ပြင်ဆင်ဆောင်ရွက်တဲ့အခါမှာ တတ်နိုင်သမျှ အစွမ်းကုန်ပြည့်စုံအောင် စီစဉ်သွားမှာ ဖြစ်ပါတယ်။ သို့ရာတွင် ချို့ယွင်းချက်များရှိနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါကိုကြိုတင်ပြီး တောင်းပန်အသိပေးပါတယ်။

ယခု ရိုးမအိမ်ရာကို ပြင်ဆင်နေတဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာ အောင်မြင့်မိုရ်အိမ်ရာကို ပြင်ဆင်နေပါတယ်။ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာလည်း ဆက်ပြီးတော့ ခုတင် ၁၀၀ ဆံ့ HDU နဲ့ ICU ကို ပြင်ဆင်နေပါတယ်။ ယခုအနေအထားအရ လူနာတွေ များလာလေလေ ရောဂါပြင်းထန်တဲ့သူ အရေအတွက်က များလာလေလေ ဖြစ်ပါတယ်။ ဒီရောဂါပြင်းထန်တဲ့သူတွေကို အပြည့်အဝကုသမှုပေးနိုင်ဖို့အတွက် HDU နဲ့ ICU ခုတင် ၁၀၀ ဆံ့ကို ယနေ့စတင်ဆောက်လုပ်ဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။ ဒါကို တည်ဆောက်ဖို့အချိန် တစ်ပတ်/ ၁၀ ရက် ကြာမှာဖြစ်ပါတယ်။ အဲဒီအချိန်မှ အဆင်သင့်ဖြစ်မှာ ဖြစ်ပါတယ်။

## ကုသဖို့စီစဉ်

နောက်ထပ် မဟာဗျူဟာ အစီအစဉ်နဲ့ ပြင်ဆင်ဆောင်ရွက်နေတာက မြို့နယ်ဆေးရုံများ ဖြစ်ပါတယ်။ ယခင်က မြို့နယ်ဆေးရုံတွေကို အသုံးပြုခဲ့ခြင်း မရှိခဲ့ပါဘူး။ ယခုအချိန်မှာ ရခိုင်ပြည်နယ်မှာ ပြုလုပ်ခဲ့သလို မြို့နယ်ဆေးရုံတွေက တာဝန်ယူပြီး ရောဂါမပြင်းထန်တဲ့သူတွေကို လက်ခံကုသပေးဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံတွေမှာ ယခုစတင်ပြင်ဆင်နေပါပြီ။ ဒီဆေးရုံတွေရဲ့ ကိုဗစ်ရောဂါသည်တွေကို လက်ခံကုသပေးမယ့် နေရာတွေကို ပြင်ဆင်

**ကျွန်တော်တို့ ပြင်ဆင်ထားတာတွေက ကုသရေးအပိုင်းဖြစ်သလို တစ်ဖက်ကလည်း ကာကွယ်ရေးအပိုင်းအနေနဲ့ အများကြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ဖို့ကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ Contact Tracing ကို ယခုအင်နဲ့အားနဲ့ ဆောင်ရွက်ဖို့ လုပ်နေပါတယ်။ တစ်ဖက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဒီ Contact Tracing ကို လုပ်နေတဲ့အချိန်မှာ ပြည်သူလူထုပါဝင်ဖို့ လိုပါတယ်။**

နေသလို ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း ကိုဗစ်ရောဂါဆိုင်ရာ မွမ်းမံသင်တန်းတွေကို သင်ကြားပေးနေပြီဖြစ်ပါတယ်။ ဒီနေရာတွေမှာ ရောဂါလက္ခဏာမပြင်းထန်တဲ့ လူနာတွေကို လက်ခံကုသပေးသွားမှာ ဖြစ်ပါတယ်။ လူနာတော်တော်များများက အနံ့ပျောက်တာ ဖြစ်ပါတယ်။ လူကိုယ်တိုင် သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်ဖြစ်တဲ့ လူနာအမျိုးအစားတွေကို မြို့နယ်ဆေးရုံတွေမှာ ထားရှိကုသပေးသွားဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင်ထားမှု ဖြစ်ပါတယ်။ ဒီနေ့ ထားမှာ မဟုတ်သေးပါဘူး။ မနက်ဖြန်လည်း ကျွန်တော်တို့ထားဖို့ မလိုသေးပါဘူး။

ကျွန်တော်တို့ ပြင်ဆင်ထားတာတွေက ကုသရေးအပိုင်းဖြစ်သလို တစ်ဖက်ကလည်း ကာကွယ်ရေးအပိုင်းအနေနဲ့ အများကြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ဖို့ကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ Contact Tracing ကို ယခုအင်နဲ့အားနဲ့ ဆောင်ရွက်ဖို့ လုပ်နေပါတယ်။ တစ်ဖက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီ Contact Tracing ကို လုပ်နေတဲ့အချိန်မှာ ပြည်သူလူထုပါဝင်ဖို့ လိုပါတယ်။

ပြည်သူလူထုအနေနဲ့ Contact ဖြစ်သွားသူတွေဟာ တစ်ဦး၊ တစ်ယောက်ချင်း၊ မိမိကိုယ်တိုင်၊ မိမိကနေ အများကိုမကူးအောင်၊ ကိုယ်က အများကို မကူးအောင်၊ အများက ကိုယ့်ကို မကူးအောင်နေထိုင်ကြဖို့လိုပါတယ်။ မိမိတို့ တစ်ယောက်ချင်းစီနေထိုင်ဖို့ လိုအပ်သလို မိသားစုတစ်စုချင်းစီကလည်း ဒီကိစ္စကို စီစဉ်ဆောင်ရွက် လိုက်နာဖို့ လိုအပ်ပါတယ်။ အလားတူ အိမ်အလိုက်၊ ရပ်ရွာအလိုက် စီစဉ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ Contact ဖြစ်သွားတယ်ဆိုရင် ဒီဘက်ကလည်း အသိပေးပါမယ်။ ကိုယ်ကိုယ်တိုင်လည်းသိမှာ ဖြစ်ပါတယ်။ ကိုယ်က Contact ဖြစ်ရင် Positive ဖြစ်နိုင်တယ်။ ကိုယ် Positive ဖြစ်ရင် ဘေးကသူတွေကို ကူးစက်နိုင်တာကို အားလုံးက နားလည်ပြီး အသေအချာလိုက်နာနေထိုင်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တဲ့လုပ်ငန်းက အောင်မြင်မှာ ဖြစ်ပါတယ်။

## ကူးစက်မှုကွင်းဆက်

ဒီနေ့ ကျွန်တော်တို့ လုပ်နေတာတွေ အကုန်လုံးသည် ကုသရေးဘက်ကဖြစ်ပြီး ကာကွယ်ရေးဘက်က ဆောင်ရွက်နေမှုတွေ မအောင်မြင်ရင် ကုသရေးဘက်မှာ အခက်အခဲတွေ အများကြီးဖြစ်မှာ ဖြစ်ပါတယ်။ ကာကွယ်ခြင်းလုပ်ငန်းဟာ ကျွန်တော်အရင်ကပြောခဲ့သလို ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်းစီရဲ့ လိုက်နာဆောင်ရွက်မှုနဲ့ ဆိုင်ပါတယ်။ ဒါကြောင့် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်မိသားစုချင်း၊ တစ်အိမ်ချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ ဒီကိစ္စကို အသေအချာ တင်းတင်းကျပ်ကျပ် အားလုံးစုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ရောဂါကူးစက်မှုကွင်းဆက်ကို တားထားနိုင်မှာဖြစ်ပါတယ်။ ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါက သိပ်အရေးကြီးပါတယ်။ ဒါမှသာလျှင် ဒီဘက်က ကုသမှုအပိုင်းမှာ နိုင်နိုင်နင်းနင်းလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်။ ဆောင်ရွက်ပေးကြဖို့လည်း ကျွန်တော့်အနေနဲ့ အထူးအနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်သိန်းကျော်ရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံတွင် လက်ရှိအချိန်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ နှစ်သိန်းကျော်ရှိလာကြောင်း သိရသည်။ အမေရိကန်သမ္မတ အိမ်ဖြူတော် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ဒေါက်တာ ဒီဘိုရာဘရတ်က အမေရိကန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံသားများမှ စနစ်တကျ ဆောင်ရွက်လင့်ကစား ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံအတွင်း လူသေဆုံးမှုအရေအတွက်မှာ တစ်သိန်းမှ နှစ်သိန်းအထိရှိနိုင်ကြောင်း မတ်လအတွင်းက ခန့်မှန်းပြောကြားခဲ့သည်။

ဘရတ်က အမေရိကန်နိုင်ငံသားများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ၎င်းတို့ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဘရတ်၏ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်တွင် သေဆုံးနိုင်သူအရေအတွက် ခန့်မှန်းချက်သည် စက်တင်ဘာ ၁၉ ရက်တွင် အမှန်တကယ်ဖြစ်လာခဲ့ပြီး ထိုနေ့တွင် အမေရိကန်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် နှစ်သိန်းကျော်အထိ ရှိလာခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများကို သေချာစွာ ဆောင်ရွက်ခဲ့ပါက သေဆုံးသူအရေအတွက် သိန်းချီပြီး ရှိလာမှာမဟုတ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့မှ ပရီတင်က ပြောကြားခဲ့သည်။ “အမေရိကန်နိုင်ငံရဲ့ မတ်လ နှောင်းပိုင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သေဆုံးမှုအခြေအနေနဲ့ ပတ်သက်ပြီး ဘရတ်ရဲ့ ခန့်မှန်းချက်တွေဟာ ဆိုးရွားပါတယ်။ အဲဒီအချိန်တုန်းက ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကို နှေးသွားအောင် ဆောင်ရွက်ရမည့်အချိန်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်ဟာ ခန့်မှန်းထားသလောက် မရှိခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး လျှောက်လှမ်းရမယ့်ခရီးက အဝေးကြီးကျန်ပါသေးတယ်”ဟု မင်နီဆိုတာတက္ကသိုလ် ကူးစက်ရောဂါဆိုင်ရာ သုတေသနနှင့် မူဝါဒဆိုင်ရာစင်တာမှ ညွှန်ကြားရေးမှူး မိုက်ကယ်အော်စတာဟုန်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါမှ ကျော်လွှားနိုင်ရန်အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အမေရိကန်နိုင်ငံသားများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို မည်သည့်နေရာတွင် ဝတ်ဆင်သင့်ကြောင်း အငြင်းပွားနေဆဲဖြစ်သည်။



ယခုအချိန်တွင် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက စိုးရိမ်ဖွယ်ရာ အခြားခန့်မှန်းချက်တစ်ခုကိုလည်း ပြောကြားခဲ့သည်။ ၎င်းတို့၏ ခန့်မှန်းချက်အရ ဆောင်းရာသီတွင် အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေး စည်းမျဉ်းများတွင်လည်း အခက်အခဲများရှိလာနိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် နှာခေါင်းစည်း ဝတ်ဆင်ရမည့် စည်းကမ်းကို လိုက်နာမှုရှိလာပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ လျော့ကျလာနိုင်ကြောင်း ဝါရှင်တန်တက္ကသိုလ် ဒေါက်တာခရစ်တိုဖာမူရေးက ပြောကြားသည်။

**ကိုးကား-အင်န်ဘီစီ၊ ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ လူနေအဆောက်အအုံ ပြိုကျမှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်း သေဆုံးပြီး အများအပြားပိတ်မိနေ

**မွမ်ဘိုင်း စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တော်မှ ၃၈ ကီလိုမီတာအကွာတွင် ရှိသော ဘီဝမ်ဒီမြို့၌ ယနေ့နံနက်ပိုင်းက လူနေအဆောက်အအုံ တစ်လုံးပြိုကျခဲ့ရာ သေဆုံးသူ ၁၀ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသုံးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၂၀ ထက်မနည်း ပိတ်မိနေခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့စေလွှတ်ခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များ အဆောက်အအုံပြိုကျရာနေရာသို့ မရောက်ရှိမီ ဒေသခံပြည်သူများက လူ ၂၀ ကျော်ကို ကယ်တင်နိုင်ခဲ့ပြီး လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအဆောက်အအုံကို ၁၉၈၄ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး အဆောက်အအုံအတွင်း မိသားစု ၂၀ ဝန်းကျင်နေထိုင်လျက်ရှိကြောင်း သိရသည်။

အာရှတိုက်၏ တတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ အထည်အလိပ်လုပ်ငန်း အချက်အချာနေရာ ဘီဝမ်ဒီမြို့အား ထောက်ပံ့ပို့ဆောင်ရေး အချက်အချာနေရာတစ်ခုအဖြစ် ပြောင်းလဲခဲ့ပြီး ကုမ္ပဏီအများအပြားက မွမ်ဘိုင်းမြို့၏ စားသုံးသူဝယ်လိုအားဖြည့်တင်းပေးရန် အဆိုပါမြို့၌ ကုန်လှောင်ရုံများထားရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဗြိတိန်နိုင်ငံ၌ အသွားအလာကန့်သတ်မှု ပြန်လည်ချမှတ်ရန် တာဝန်ရှိသူများ ပြင်ဆင်

**လန်ဒန် စက်တင်ဘာ ၂၁**

ဗြိတိန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မြင့်တက်လာခြင်းက နိုင်ငံ၏စီးပွားရေးနာလန်ထမှုကို နှောင့်နှေးစေခဲ့သောကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ရပ်တန့်သွားစေရေး နိုင်ငံအတွင်း ဒုတိယအကြိမ် အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ရန် အလေးထားစဉ်းစားနေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယနေ့ ပြောကြားခဲ့သည်။

ဗြိတိန်သည် ဥရောပဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ အများဆုံးနိုင်ငံဖြစ်လာပြီး နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် ချေးငွေအများအပြားကို ရယူနေရသော နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။

**အမြင့်ဆုံးအခြေအနေ**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကုသစရိတ်များ မြင့်မားခြင်း အခက်အခဲများလည်း ရှိနေသည်။ “လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှုမှာ အမြင့်ဆုံးအခြေအနေ ရောက်ရှိနေပါတယ်။ ဗြိတိန်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှု ချမှတ်ရန် ဆုံးဖြတ်ရာမှာ လမ်းဆုံကို ရောက်ရှိနေပြီဖြစ်ပါတယ်”ဟု အစိုးရ၏ ကျန်းမာရေးအရာရှိချုပ် ခရစ်ဝပ်တီက ပြောကြားခဲ့သည်။

“ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ကျဆင်းစေရန် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ဗြိတိန်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ၄၁၇၇၇ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခြောက်လကျော်ကြာ ပိတ်ထားခဲ့သည့် တာ့ချ်မဟာ ပြန်လည်ဖွင့်လှစ်



**နယူးဒေလီ စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ခြောက်လကျော်ကြာ ပိတ်ထားခဲ့သည့် အိန္ဒိယနိုင်ငံရှိ တာ့ချ်မဟာကို ခရီးသွားများအတွက် ပြန်ဖွင့်ပေးလိုက်ပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုရပ်တန့်ရန် အိန္ဒိယနိုင်ငံက တင်းကျပ်သော သွားလာမှု ကန့်သတ်ချက်စတင်ခဲ့သည့် မတ်လအတွင်းက တာ့ချ်မဟာကို စတင်ပိတ်ထားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေခြင်းကြောင့် တာ့ချ်မဟာသို့ တစ်ရက်လျှင် ခရီးသွား ၅၀၀၀ သာ ခွင့်ပြုမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ဘေးအန္တရာယ်ကင်းရေးအစီအမံများ သတ်မှတ်မည်ဖြစ်သည်။ တာ့ချ်မဟာသည် ကမ္ဘာ့ထိပ်တန်း ခရီးသွားနယ်မြေများအနက် တစ်ခုဖြစ်ပြီး ကပ်ရောဂါမဖြစ်မီက နေ့စဉ် လူ ၇၀၀၀၀ ခန့် လာရောက်လည်ပတ်ကြသည်။ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသော အဆိုပါဂူဗိမာန်ကို မိဖုရားမွန်တက်ဇ်မဟာအား သတိရသောအားဖြင့် ဧကရာဇ် ရှားဂျာဟန်က ၁၇ ရာစုအတွင်း တည်ဆောက်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အိန္ဒိယ-ပါကစ္စတန် စစ်ပွဲအတွင်း တာ့ချ်မဟာကို ရက်အနည်းငယ် ပိတ်ခဲ့သေးသည်။ ၁၉၇၈ ခုနှစ်တွင် အက်ဂရာမြို့တော်၌ ရေဘေးသင့်မှုကြောင့် တာ့ချ်မဟာကို နောက်ဆုံးအကြိမ် ခဏတာပိတ်ထားခဲ့သည်။ ယနေ့နံနက် ၈ နာရီတွင် တာ့ချ်မဟာရှိရာ ပရဝဏ် တစ်ခုလုံးကို သန့်စင်မှုပြုလုပ်ခဲ့ပြီး တာဝန်ရှိသူအားလုံးက နှာခေါင်းစည်းများ၊ မျက်နှာဖုံးကာများ တပ်ဆင်ထားကြသည်။ ဝင်ပေါက်၌ အပူချိန်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပြီး ဝင်ခွင့်လက်မှတ်ဝယ်ယူရာတွင် ခရီးသွားများကို ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းများ အသုံးပြုစေမည်ဖြစ်သည်။


တာ့ချ်မဟာအတွင်း၌ ခရီးသွားများအနေဖြင့် ခပ်ခွာခွာနေရေး စည်းမျဉ်းများ လိုက်နာရမည့်အပြင် ဆဲလ်ဖီရိုက်ခွင့်ပြုသော်လည်း တစ်ကိုယ်တော် သို့မဟုတ် အုပ်စုလိုက်ဓာတ်ပုံများ ရိုက်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးသန်းကျော်ရှိလာခဲ့ပြီး တာ့ချ်မဟာတည်ရှိရာ ဥတ္တရပရာဒေ့ရှ်ပြည်နယ်မှာ အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု ပဉ္စမအမြင့်ဆုံးပြည်နယ်ဖြစ်သည်။ တာ့ချ်မဟာမှာ အိန္ဒိယနိုင်ငံ၏ အကျော်ကြားဆုံး အထိမ်းအမှတ်အဆောက်အအုံဖြစ်ပြီး ပြည်ပမှလာရောက်သည့် နိုင်ငံ့အကြီးအကဲများ၏ ခရီးစဉ်များအတွင်း သွားရောက်လေ့ရှိသည့် နေရာတစ်ခုလည်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မဲလန်နီယာထရမ့်တို့သည် ဖေဖော်ဝါရီလအတွင်း တာ့ချ်မဟာသို့ လည်ပတ်ခဲ့သည်။ တာ့ချ်မဟာသို့ လည်ပတ်ခဲ့ဖူးသည့် အခြားကမ္ဘာ့ခေါင်းဆောင်များတွင် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့လည်း ပါဝင်သည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# သမ္မတ ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့ တယ်လီဖုန်းဖြင့် နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေး





**တိုကျို စက်တင်ဘာ ၂၁**
ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အမေရိကန် သမ္မတ ဒေါ်နယ် ထရမ့်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ယမန်နေ့က တယ်လီဖုန်းဖြင့် သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံအရေးကိစ္စရပ်များကို တယ်လီဖုန်းဖြင့် မိနစ် ၂၀ ကြာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဖုန်းပြောဆိုမှုသည် ဝန်ကြီးချုပ်ဆူဂါ ရာထူးတာဝန်များ စတင်ထမ်းဆောင်သည့် စက်တင်ဘာ ၁၆ ရက်မှစပြီး ပထမဆုံးအကြိမ် ဆွေးနွေးမှုဖြစ်သည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုအတွက် အခြေခံ အုတ်မြစ်ဖြစ်သော နှစ်နိုင်ငံမဟာမိတ်ပြုခြင်းကို ဆက်လက် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်ဟု ဝန်ကြီးချုပ်ဆူဂါက မီဒီယာသို့ ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးခေါ်ဆောင်သွားသော ဂျပန်နိုင်ငံသားများ ပြန်လည်လွတ်မြောက်ရေးနှင့်ပတ်သက်ပြီး အမေရိကန်အနေဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ချိရေးနှင့် ကုသမှုရရှိရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် လွတ်လပ်သော အင်ဒို-ပစိဖိတ်ဒေသအရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

အရေးပေါ်ကိစ္စကြုံတွေ့ပါက မည်သည့်အချိန်မဆို ဖုန်းခေါ်ဆိုနိုင်ကြောင်း သမ္မတထရမ့်က ဝန်ကြီးချုပ်ဆူဂါအား ပြောကြားခဲ့သည်။

အလားတူ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်းအတွက် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် ဖုန်းမှတစ်ဆင့် ဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက မီဒီယာသို့ ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# အင်ဒိုနီးရှားအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ဂျကာတာ စက်တင်ဘာ ၂၁**
အင်ဒိုနီးရှား ဘာသာရေးဝန်ကြီး ဖက်ရူလ်ရာဇီတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည်ဟု သမ္မတရုံးအကြီးအကဲ ဟီရူဘူဒီက ပြောကြားသည်။ ဝန်ကြီးရာဇီသည် သမ္မတဂျိုကိုဝီဒိုဒိုနှင့် လူချင်းမတွေ့သည်မှာ ကြာနေပြီဟု ၎င်းက ပြောသည်။

“စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့တဲ့ မျက်နှာစုံညီအစည်းအဝေးမှာ ဝန်ကြီးရာဇီ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်” ဟု ဟီရူဘူဒီက ယနေ့ ပြောကြားခဲ့သည်။ ဝန်ကြီးရာဇီ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သိရသည်။ သမ္မတ ဂျိုကိုဝီနှင့် တွေ့ဆုံလိုသည့် နိုင်ငံတော်အဆင့် ဧည့်သည်တိုင်းကြိုတင်၍ စစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အစိုးရအဖွဲ့ အစည်းအဝေးများ ကျင်းပရန် ကန့်သတ်ချက်များရှိခြင်းကြောင့် သမ္မတဂျိုကိုဝီက ပြီးခဲ့သည့် လအနည်းငယ်နောက်ပိုင်း အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးများ ကျင်းပရန် ညွှန်ကြားခဲ့သည်။

တင်းကျပ်သော ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များရှိလင့်ကစား သမ္မတဂျိုကိုဝီက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုအပါအဝင် ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ဆက်လက်ပြုလုပ်မည်ဟု ဟီရူက ဆိုသည်။ ဝန်ကြီးရာဇီမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် နေအိမ်၌ သီးခြားခွဲနေလျက်ရှိကြောင်း ဘာသာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

ကိုးကား - ဂျကာတာပို့စ်၊ ဘာသာပြန် - ကျော်ထိုက်စိုး

# ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် ပါဝင်ရန် နိုင်ငံ့ခေါင်းဆောင်ဟောင်းများက တိုက်တွန်း

**ကုလသမဂ္ဂ စက်တင်ဘာ ၂၁**
နိုင်ငံ့ခေါင်းဆောင်ဟောင်းများက ၎င်းတို့၏နိုင်ငံများအား ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် ပါဝင်ရန် တိုက်တွန်းပြောကြားခဲ့ကြသည်။

နိုင်ငံတကာ နျူကလီးယားလက်နက်ဖျက်သိမ်းရေး လှုံ့ဆော်ရေးအဖွဲ့(အိုင်စီအေအင်န်)က ခေါင်းဆောင်ဟောင်း ၅၆ ဦးတို့၏ ၎င်းတို့နိုင်ငံများအား အဆိုပါစာချုပ်တွင် ပါဝင်ကြရန် တိုက်တွန်းပြောကြား မေတ္တာရပ်ခံသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို ယမန်နေ့က ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါခေါင်းဆောင်ဟောင်း ၅၆ ဦးတို့အနက် နေတိုးအဖွဲ့ဝင်နိုင်ငံ ၂၀ မှ ဝန်ကြီးချုပ်ဟောင်းများနှင့် နိုင်ငံခြားရေး ဝန်ကြီးဟောင်းများ၊ ဂျပန်ဝန်ကြီးချုပ်ဟောင်း ဟာတိုရာမာ ယူကီယိုနှင့် တောင်ကိုရီးယားနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းတို့ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်၌ နျူကလီးယားလက်နက် အသုံးပြုမှုအန္တရာယ်၊ နျူကလီးယားလက်နက် အမျိုးအစားအမျိုးမျိုး စမ်းသစ်တီထွင်မှု၊ နျူကလီးယားစက်ရုံများအား ဆိုက်ဘာတိုက်ခိုက်မှုများ ရှိလာခြင်းသည် ကမ္ဘာကြီးအတွက် လွန်စွာအန္တရာယ်များပြားကြောင်း နိုင်ငံ့ခေါင်းဆောင်ဟောင်းများက အဆိုပါပေးစာတွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

နျူကလီးယား အန္တရာယ်ဆိုးနှင့် ရင်ဆိုင်မကြုံတွေ့မီ နျူကလီးယားလက်နက် အမြန်ဆုံး ဖျက်သိမ်းပေးရန် လက်ရှိ အာဏာရခေါင်းဆောင်များအား မေတ္တာရပ်ခံပါကြောင်း ပေးစာတွင် ဖော်ပြထားသည်။

ခေါင်းဆောင်ဟောင်းများ ပေးပို့သည့် အဆိုပါပေးစာကို တောင်ကိုရီးယား၊ ဂျပန်နှင့်အတူ ကနေဒါ၊ ဂျာမနီနှင့် နော်ဝေးအပါအဝင် နေတိုးအဖွဲ့ဝင်နိုင်ငံ ၂၀ ၏ လက်ရှိအာဏာရခေါင်းဆောင်များထံ ပေးပို့သွားမည်ဖြစ်ကြောင်း အိုင်စီအေအင်န်က ဆိုသည်။

အဆိုပါနိုင်ငံများသည် ၂၀၁၇ ခုနှစ် ကုလသမဂ္ဂနျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် ပါဝင်ခြင်း မရှိသေးပေ။ ၎င်းနိုင်ငံများအနေဖြင့် စာချုပ်တွင် ပါဝင်ခြင်းရှိ၊ မရှိဆိုသည်မှာ အမေရိကန်၏ နျူကလီးယားဆိုင်ရာ လုပ်ဆောင်မှုများအပေါ် မူတည်လျက်ရှိသည်။

နျူကလီးယားဖျက်သိမ်းရေးစာချုပ်သည် လက်ရှိအချိန်တွင် အဖွဲ့ဝင် ၄၄ နိုင်ငံသာရှိပြီး အဖွဲ့ဝင်နိုင်ငံ ၅၀ ပြည့်ပြီးနောက် ရက်ပေါင်း ၉၀ မှသာလျှင် စာချုပ်အသက်ဝင်မည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်




# လက်ထပ်ထိမ်းမြားသည့် စုံတွဲများ ဘဝထူထောင်ရေးအတွက် ကန်ဒေါ်လာ ၅၇၀၀ ခန့် ဂျပန်အစိုးရ ထောက်ပံ့မည်

**တိုကျို စက်တင်ဘာ ၂၁**
ဂျပန်နိုင်ငံအစိုးရက လာမည့်ဧပြီလမှစပြီး လက်ထပ်ထိမ်းမြားသည့်စုံတွဲများအား ဘဝအသစ်တည်ထောင်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်သည့်အနေဖြင့် ယန်း ခြောက်သိန်း (အမေရိကန်ဒေါ်လာ ၅၇၀၀) ခန့်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါအစီအစဉ်ကို နိုင်ငံအတွင်း၌ ကလေးမွေးဖွားနှုန်းများ ကျဆင်းလာသည်ကို ကာကွယ်သည့်အနေဖြင့် စီမံချက်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် အသက်ကြီးမှ လက်ထပ်ထိမ်းမြားခြင်းများရှိသည့်အတွက် ကလေးမွေးဖွားနှုန်းများ ကျဆင်းလျက်ရှိသည်။

ယင်းအစီအစဉ်တွင် အကျုံးဝင်သော ခင်ပွန်းနှင့် ဇနီးတို့သည် လက်ထပ်ထိမ်းမြားသည့်နေ့ရက်တွင် အသက် ၄၀ ထက်ကျော်လွန်ခြင်း မရှိစေရဘဲ နှစ်ဦးပေါင်း တစ်နှစ်ဝင်ငွေရရှိမှုသည် ယန်း ၅ ဒသမ ၄ သန်းထက် လျော့နည်းရမည်ဖြစ်သည်။

အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး ကလေးနှစ်ယောက်မွေးဖွားရမည်ဟု သတ်မှတ်ထားပြီး ကလေးမွေးဖွားနှုန်း တိုးမြင့်လာရန် အဆိုပါအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ ယမန်နှစ်က ဂျပန်နိုင်ငံအတွင်း ကလေးမွေးဖွားမှုအရေအတွက်သည် ၈၆၅၀၀၀ ခန့်သာရှိကြောင်း သိရသည်။

အသက် ၂၅ မှ ၃၄ နှစ်အကြား အရွယ်ရောက်ပြီး အိမ်ထောင်မပြုရသေးသော အမျိုးသားအရေအတွက် ၂၉ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးအရေအတွက် ၁၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၅ ခုနှစ်အတွင်း စာရင်းကောက်ယူခဲ့သည့် လူဦးရေနှင့် လူမှုဘဝစည်ပင်ဝပြောရေး သုတေသနဆိုင်ရာ အမျိုးသားအင်စတီကျု၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

ကိုးကား - ကျိုဒိုနယူးစ်
ဘာသာပြန်- အောင်ကျော်ကျော်

**ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၃၁၂၇၄၈၆၁ ဦး

သေဆုံးသူ
၉၆၅၆၃၅ ဦး

ပြန်လည်ကျန်းမာလာသူ
၂၂၈၅၁၇၀၀ ဦး

# ဗန်းမောက်-အင်းတော်သွားကားလမ်းဘေး တောင်ယာလယ်တဲ၌ ဘိန်းမည်း ၃၅၀ ဂရမ်ခန့် သိမ်းဆည်းရမိ

**ဗန်းမောက် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဗန်းမောက်-အင်းတော်သွားကားလမ်းဘေး တောင်ယာလယ်တဲ၌ စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက အမျိုးသားတစ်ဦးထံမှ ဘိန်းမည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဗန်းမောက်-အင်းတော်သွားကားလမ်းမဘေး တောအတွင်းရှိ တောင်ယာလယ်တဲ၌ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ မောင်မြင့်၏ တောင်ယာလယ်တဲအား ဝင်ရောက်ရှာဖွေရာ မောင်မြင့်အား တွေ့ရှိပြီး ဆက်လက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ မတွေ့ရှိရဘဲ လယ်တဲ၏မြောက်ဘက် ၁၅ ပေခန့်အကွာ ချုံပုတ်အတွင်းရှိ ထမင်းဘူးအတွင်းမှ ဘိန်းမည်းအလေးချိန် ၇၀ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ၎င်းပစ္စည်းနှင့် ငါးပေခန့်အကွာ မြေကြီးကျင်းအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသည့် ဘိန်းမည်းအလေးချိန် ၂၈၀ ဂရမ်ခန့်ပါတစ်ထုပ် ဘိန်းမည်းစုစုပေါင်း အလေးချိန် ၃၅၀ ဂရမ်ခန့်အား ရှာဖွေတွေ့ရှိ၍ ဒုရဲအုပ် စိုးဝင်းအောင်က သိမ်းဆည်းခဲ့သည်။

**အရေးယူဆောင်ရွက်**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး ဘိန်းမည်းလက်ဝယ်တွေ့ရှိသူ မောင်မြင့်အား ဗန်းမောက်မြို့မရဲစခန်းက မူးယစ်ဆေးဝါး ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် မြရတနာဘုန်းကြီးကျောင်းဝင်းရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ဆယ်ယူခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

# မြို့နယ်အချို့၌ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်းအကွက် ၅၀ မှ ဆင်အရေပြား ၁၀၉ ချပ် (၂၇ ပိဿာ)၊ တရားမဝင်ဆင်အရေပြားအစို ၆၀ ချပ် (၁၅ ပိဿာ)တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။



ထို့အပြင် ဘုတလင်မြို့နယ်၊ ချင်းတွင်းမြစ်အတွင်း၊ ရွှေစာရေးကျေးရွာအနီးတွင် တရားမဝင် အခြားသစ်ခွဲသားမျိုးစုံ ၁၂ တန်ခန့်၊ မော်တော်တစ်စင်းနှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ကျောက်ဖြူမြို့နယ် အမ်းမြစ်အတွင်း သစ်သားကိုယ်ထည်စက်လှေတစ်စင်းပေါ်မှ တရားမဝင် နဘဲ/သစ်ဖြူခွဲသား ၁၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ဗိုလ်ချုပ်လမ်းရှိ ဟင်္သာတဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ် (ပြန်/ဆက်)

# နွားထိုးကြီးမှ ဆိုင်ကယ်ခုနစ်စီး ခိုးယူလာသူများအား မြစ်သား၌ ဖမ်းဆီးရမိ

**မြစ်သား စက်တင်ဘာ ၂၁**

မြစ်သားမြို့နယ် ရွှေသူဌေးရပ်ကွက်၌ ယမန်နေ့ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က နွားထိုးကြီးမှ ဆိုင်ကယ်ခုနစ်စီး ခိုးယူလာသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ညနေ ၃နာရီ မိနစ် ၅၀ ခန့်တွင် နွားထိုးကြီးမြို့မစခန်းက မောင်ကိုပါ လေးဦးအဖွဲ့သည် ခိုးယူလာသောဆိုင်ကယ်များအား မြစ်သားမြို့နယ် ရွှေသူဌေးရပ်ကွက် (၄)လမ်းနေ ဦးတင်မောင်မြင့်၏နေအိမ်တွင် စုစည်း၍ ပုံစံများပြုပြင်ပြောင်းလဲနေကြောင်း သတင်းရရှိသဖြင့် မြစ်သားမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးလှသန်းနိုင် ဦးစီးအဖွဲ့နှင့် နွားထိုးကြီး မြို့မစခန်းမှူး ဒုရဲမှူးမြစိုးဦးစီးအဖွဲ့တို့သည် ဦးတင်မောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဦးတင်မောင်မြင့်နှင့်အတူ မောင်ကိုပါလေးဦး စုစုပေါင်းငါးဦးတို့အား နွားထိုးကြီးမြို့နယ်မှ ခိုးယူလာသော ဆိုင်ကယ်ခုနစ်စီးအား ပုံစံများပြုပြင်ပြောင်းလဲနေသည်ကို တွေ့ရှိခဲ့ပြီး ဦးတင်မောင်မြင့်ပါ ငါးဦးအား စစ်ဆေးချက်အရ ၎င်းဆိုင်ကယ်များအား နွားထိုးကြီးမြို့နယ်မှ ခိုးယူလာကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နွားထိုးကြီးမြို့မရဲစခန်းက မောင်ကိုပါ လေးဦးနှင့် ဦးတင်မောင်မြင့်တို့အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆုမွန်(ပြန်/ဆက်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကောလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ ရက်ညပိုင်းက ကောလင်းမြို့နယ် ကညို့အင်းကျေးရွာရှိ ချိုဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၆၆ ကီလို ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲက မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်သာမြို့နယ် ကျွဲဆင်းကျေးရွာနေ လှကြီး(ခ)လှဝင်း(ခ)ရဲအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၄၂၆၃ ပြားကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မိုင်းဆတ်မြို့နယ် နားယန်းကျေးရွာနေ လိမာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**





# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၅၇ ရက်သာ

လိုတော့သည်။


## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း


မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ




**မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။**

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　စက်တင်ဘာ　၂၁

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**လေးစားရပါသောမိဘပြည်သူအပေါင်းတို့ ခင်ဗျား–**

ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်ရုပ်မြင်သံကြားမှ ပြည်သူများသို့ တိုက်ရိုက်ပြောကြားတင်ပြခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်ခင်ဗျာ။

ယခု ကျွန်တော်တို့တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေလေးကို တင်ပြချင်တာက ကျေးလက်နေပြည်သူများရဲ့ဘဝ၊ မြို့ပြနေပြည်သူများရဲ့ဘဝကို ဦးစားပေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူဦးရေ သန်း (၅၀)ကျော်ရှိသည့်အနက် ၇၀% ဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပြီး အဲ့ဒီသူတွေထဲက ၅၀% ဟာ စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်နေကြသူများဖြစ်ပါတယ်။

ခေတ်အဆက်ဆက်က ပြည်သူတို့ရဲ့ ဝင်ငွေဟာတိုးတက်မှုနှေးကွေးနေသော်လည်း ကုန်ဈေးနှုန်းတက်သည့်နှုန်းမှာ မြင့်မားနေသည်ကို မည်သူမျှ ငြင်းလို့ မရကြပါဘူးခင်ဗျား။

ကျေးလက်နေပြည်သူများရဲ့ဘဝဟာ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးတာကြောင့် ကျေးလက်မှ(အိမ်နီးချင်း) ပြည်ပနိုင်ငံများကို မိတကွဲဖတကွဲ သွားရောက်လုပ်ကိုင်နေကြရတဲ့အတွက် လူငယ်တွေရဲ့ဘဝ အချိန်တော်တော်များများကို သူများတိုင်းပြည်အတွက် သွားရောက်ပေးဆပ်ပြီး ခက်ခဲကြမ်းတမ်းတဲ့ဘဝကို ဖြတ်သန်းနေကြရပါတယ်။ အဓိကကတော့ ကျေးလက်မှာ အလုပ်အကိုင်ရှားပါးမှုကြောင့်ပါပဲ၊ ကျေးလက်မှာနေသော်လည်း လယ်သမားကနည်းနည်း လယ်လုပ်သားကများများ ဖြစ်နေကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီမူဝါဒက လယ်မရှိတဲ့သူက စိုက်ပျိုးရေးထက်မွေးမြူရေးကိုလုပ်နိုင်ဖို့ ကူညီသွားမှာဖြစ်ပါတယ်။ ဥပမာ လယ်တစ်ဧကစိုက်ပျိုးတဲ့နှုန်းနဲ့ ဝက်တစ်ကောင်မွေးတဲ့နှုန်းဟာ ဝက်မွေးတဲ့သူကမှ (၃) လကျော်(၄)လဆိုရင် သေချာပေါက် မြတ်တော့မယ်ဆိုတာ တွက်ချက်လို့ရပါတယ်။ လယ်သမားကတော့ ထွက်လာတဲ့သီးနှံကောင်းပဲ့မလား၊ ရောင်းရပဲ့မလား၊ ကြွေးတင်တော့မှာလားဆိုတဲ့ သောကစိတ်များဖိစီးနေတာ ကျေးလက်နေပြည်သူတွေ အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူအပေါင်းတို့ကို တိုက်တွန်းချင်တာကတော့ စိုက်ပျိုးရေးသီးသန့်ချည်းပဲမလုပ်ဘဲ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြဖို့ တိုက်တွန်းလိုပါတယ်။ မွေးမြူရေးလုပ်ဖို့ ကျွန်တော်တို့ပါတီက အားသွန်ခွန်စိုက်ကူညီပေးဖို့ကတိပြုပါတယ်။ မြို့ပြနေပြည်သူများကလည်း ဝိုင်းဝန်းအားပေးဖို့ လိုအပ်ပါတယ်။ ဒါတွေက ငါတို့နဲ့မဆိုင်ဘူးလို့ မမှတ်ပါနဲ့။ ကျေးလက်မှာစိုက်ပျိုးရေး၊ မွေးမြူရေးအားနည်းလာတာနဲ့အမျှ မြို့ပြရဲ့ သားဈေး၊ ငါးဈေး၊ သီးနှံဈေးတွေ မြင့်မားစွာနဲ့ ဝယ်ယူစားသုံးကြရမှာ ဖြစ်တဲ့အတွက် မြို့ပြနေပြည်သူများကို တိုက်ရိုက်ခံစားရမှာဖြစ်ပါတယ်။

ပညာရေးကိုပြောကြားလိုတာကတော့ ယခုမြန်မာနိုင်ငံရဲ့ပညာရေး စစ်တမ်းကို ကြည့်လိုက်မယ်ဆိုရင် စာမတတ်တဲ့ ကလေးငယ်၊ လူငယ်၊ လူရွယ်များဟာ များပြားနေတာကိုတွေ့နေရပါတယ်။ တိုင်းပြည်လူဦးရေရဲ့ ၃ ပုံ ၁ ပုံခန့်က ပညာရေးအားနည်းနေတဲ့ လူတွေဖြစ်နေ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်ကြီးရောက်ဖို့ ခက်ခဲမယ်ဆိုတာ သဘောပေါက်စေချင်ပါတယ်။ ဒါကြောင့် စက်ရုံအလုပ်ရုံကြီးများထက် ဈေးကွက်ပိုမိုကြီးမားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် အဓိကဖော်ဆောင်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှာ နိုင်ငံရေးသမား စစ်စစ်တစ်ယောက်မှ မရှိပါဘူး။ လယ်သမားထုအတွက် စုပေါင်းထူထောင်ခဲ့တဲ့ပါတီဖြစ်ပါတယ်။ ကိုယ်လုပ်မှကိုယ်ရမှာမို့လို့ ကျွန်တော်တို့ အခြေခံလူတန်းစားနဲ့လယ်သမားများ ကိုယ့်အကြောင်း ကိုယ်ပြောနိုင်ဖို့လယ်သမားကိုယ်စားလှယ်တော်တွေကို မဲပေးပြီး လွှတ်တော်ထဲ အရောက်ပို့ရမှာဖြစ်ပါတယ်။

လွှတ်တော်ကြီးက တရားမျှတစွာနဲ့လွှတ်တော်ထဲမှာ ထိုင်ခုံတွေခင်းပေးထားပါတယ်။ ဒီမိုကရေစီအရေးကိုပြောမယ့်လူတွေအတွက် ခုံတွေခင်းထားသလို ကာကွယ်ရေးအကြောင်းပြောမယ့် သူတွေအတွက်လည်း ခုံတွေခင်းပေးထားပါတယ်။ ဥပဒေအကြောင်း၊ တရားရေးအကြောင်း၊ အလုပ်သမားအကြောင်း၊ ပညာရေး၊ ကျန်းမာရေးအကြောင်းတွေ ပြောဆိုနိုင်မယ့်လူတွေအတွက်လည်း ခုံတွေခင်းပေးထားသလို လယ်သမားများအတွက်လည်း ခုံတွေခင်းပေးထားပါတယ်။ ဒါကြောင့် အခြေခံလူတန်းစား လယ်သမားများလည်း လွှတ်တော်ထဲကိုရဲရဲဝံ့ဝံ့ဝင်ထိုင်ပြီး ကိုယ့်အကြောင်းကိုပြောနိုင်အောင် လယ်သမားများက ကိုယ့်ကိုယ်စားလှယ်လောင်းကို အရောက်တွန်းပို့ပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

လယ်သမားကိုယ်စားလှယ်တော်ကြီးများကို ပြောကြားလိုသည်မှာ နိုင်ငံရေးကျွမ်းကျင်စရာ မလိုပါဘူးခင်ဗျာ။ လွှတ်တော်ထဲမှာ ကိုယ့်အရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူတွေအတွက် ကျွန်တော်တို့မြို့မှာ ဘယ်လောက်ခက်ခဲကျပ်တည်းနေပါတယ်၊ ဘာဖြစ်ချင်ပါတယ်၊ ဘာလုပ်ပေးပါ ဆိုတဲ့စကားလုံးကို သတ္တိရှိရှိ လွှတ်တော်ထဲမှာ သွားပြောပေးမယ့်လူဖြစ်ဖို့လိုပါတယ်။ ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုဘဲနဲ့ ပြည်သူ့မျက်နှာကိုသာကြည့်ပြီး တင်ပြဖို့လိုပါတယ်။

နိုင်ငံတော်ဆိုတာ ပြည်သူအားလုံးကို ကိုယ်စားပြုတဲ့နေရာပါ။ အစိုးရဆိုတာ ပြည်သူကိုစောင့်ရှောက်ဖို့ ပြည်သူကအပ်နှင်းထားတဲ့အဖွဲ့ပါ။ ကိုယ့်ရဲ့ဘဝကို အပ်ထားရတဲ့သူကို ချစ်ပဲချစ်ချင်ပါတယ်။ မကြောက်ပါရစေနဲ့လို့ ပြည်သူအားလုံးက ဆုတောင်းနေပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတာ တကယ့်နိုင်ငံရေးမဟုတ်သေးပါဘူး။ ပြည်သူလူထုကတော့ နေပူထဲမှာ ဆင်းရဲမြဲဆင်းရဲ၊ စိတ်ပင်ပန်းလူပင်ပန်းနေတာတွေ မပြောင်းလဲသေးပါဘူး။ တိုင်းပြည်ရဲ့ နိုင်ငံရေးသမားစစ်စစ်ဆိုတာ ပြည်သူလူထုစိတ်ချမ်းချမ်းသာသာနဲ့ ဘဝတိုးတက်မြင့်မားအောင် ပြောင်းလဲပေးနိုင်ရမှာဖြစ်တယ်။

နောက်တင်ပြလိုသောအချက်မှာ မြို့နယ်များနဲ့ ကျေးလက်တို့တွင် နေထိုင်ကြသော အခြေခံလူတန်းစားတွေမှာ ရောဂါဖြစ်ပြီး နေမကောင်းလို့ ဆေးရုံ၊ ဆေးခန်းသွားရမယ်၊ တက်ရမယ်ဆိုလျှင် ငွေရေးကြေးရေးများစွာ ခက်ခဲပြီး ဝေဒနာထက် ငွေကြောင့် စိတ်ဆင်းရဲမှုက ပိုမိုနေတယ်ဆိုလျှင် ငြင်းလို့ မရပါဘူးခင်ဗျာ– ဒါကြောင့် အခြေခံလူတန်းစားများအတွက် စုပေါင်းဆေးကုခြင်းဆိုတဲ့စနစ်ကို လုပ်ပေးပြီး လူတစ်ယောက်လျှင် တစ်လဘယ်လောက်ထည့်ဝင်ပါ၊ ဘဝတစ်လျှောက်လုံးမှာ ကိုယ့်သားသမီးအတွက်၊ ကိုယ့်မိဘအတွက်၊ ကိုယ့်ဇနီးအတွက် ကျန်းမာရေးစရိတ် လုံးဝမပူပင်ရအောင် စုပေါင်းဆေးကုခြင်းဆိုတဲ့စနစ်ကိုလည်း အလျင်အမြန်ထူထောင်ပေးမှာ ဖြစ်ပါတယ်။ အချိန်မရတဲ့အတွက် အသေးစိတ်မရှင်းပြနိုင်တာ ခွင့်လွှတ်စေချင်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး ကျန်းမာရေးအာမခံရှိရန် ရည်ရွယ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



လယ်သမားပါတီကြီးက လယ်သမားတွေဘဝ လွတ်လပ်အောင်၊ တိုးတက်အောင် ဆင်းရဲတွင်းကတက်လာပြီး လွှတ်တော်ထဲ၊ အစိုးရအဖွဲ့ထဲရောက်အောင် ကိုယ့်ဘဝလူတစ်လုံးသူတစ်လုံးဖြစ်အောင် လွတ်မြောက်ရေးကြိုးကြိုးချပေးတာကို ကြိုးဆွဲပြီး ဝီရိယကလေးစိုက်ကာ အပေါ်ဆွဲတက်ခဲ့ပါလို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက အခြေခံလယ်သမားထုကြီးကို အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## တိုင်းရင်းသားညီအစ်ကိုများ(ပါတီ၏သီချင်း)

တေးရေး/တေးဆို – ဦးအုန်းလွင်
ကြာမြင့်ချိန် – ၄ မိနစ် ၅ စက္ကန့်

ဘူး ဖရုံ သခွား ပဲ ငရုတ်ပါ အမြဲလုပ်ကိုင်ရှာ. . .
တောင်ယာကို မောင်စောင့်ကာ ခေါင်ရည်ကိုသောက်အုံးမှာ

(ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ တို့ညီအစ်ကိုများ
တောင်ပေါ်မြေပြန့်က သွေးရင်းသားရင်း တောင်သူလယ်သမား)၂
တို့ညီအစ်ကိုများ
စုစည်းအား လက်တွဲထား . . . တောင်သူလယ်သမားအကျိုးစီးပွား
(တိုးတက်ဖို့ မျှော်မှန်းရည် ကြိုးစားလို့ဆောင်ရွက်မည်)၂

တို့လယ်သမား တိုးတက်လာ စိုက်ပျိုးရေးနည်းပညာ
စက်မှုလယ်ယာ တစ်ခေတ်ပြောင်းကာ သီးနှံတွေအထွက်တိုးမှာ
တို့လယ်သမား တိုးတက်လာ ခေတ်နဲ့အညီလိုက်မှာ
သီးနှံတွေအထွက်တိုးလာ ကမ္ဘာ့စပါးကျီဖြစ်အုံးမှာ

(ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ တို့ညီအစ်ကိုများ
တောင်ပေါ်မြေပြန့်က သွေးရင်းသားရင်း တောင်သူလယ်သမား)၂
တို့ညီအစ်ကိုများ
စုစည်းအား လက်တွဲထား . . . တောင်သူလယ်သမားအကျိုးစီးပွား
(တိုးတက်ဖို့ မျှော်မှန်းရည် ကြိုးစားလို့ဆောင်ရွက်မည်)၂

# ဆိပ်ဖြူမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဆိပ်ဖြူ　စက်တင်ဘာ　၂၁**

ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီ က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငွေသဲဖြူ)ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညဏ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးဌေးလွင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းရခြင်း၊ ရည်ရွယ်ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားမှုအခြေအနေများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီငါးခုမှ ငါးဦး၊ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်သြဇာတိက္ကမရှိသူ ငါးဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ၁၆ ဦး စုစုပေါင်း ၂၆ ဦးတို့က လုပ်ငန်းတာဝန်များနှင့်ပတ်သက်သည်များကို မေးမြန်းကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး (ယောရော)**

# အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　စက်တင်ဘာ　၂၁

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ-၁ ဦးထွန်းဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ကျွန်တော်က အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ(UNC) ဌာနချုပ်၊ ဒု-ဥက္ကဋ္ဌ(၁) ဦးထွန်းဝင်း ဖြစ်ပါတယ်။ အရွယ်ရောက်သူတိုင်း ဆန္ဒပြုဖို့ ထိုက်တန်တဲ့ မဲတစ်ပြားစီကိုင်ထားပြီး ဘယ်သူ့ပေးရပါ့လို့ ဇဝေဇဝါဖြစ်နေချိန်မှာ ကျွန်တော်တို့ ပါတီကိုယ်စားလှယ်ကိုသာ ဒီမဲတစ်ပြားကိုပေးပါလို့ မတောင်းရက်ပါ။ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအပေါ်မှာသာ နားလည်မှုရှိစွာနဲ့ အားရပါးရထောက်ခံပေးကြပါလို့ ပန်ကြားပါရစေ။ မိဘပြည်သူ၊ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား၊ ကျောင်းသားကြီးငယ်၊ လူရွယ်လူလတ်တို့ခင်ဗျား-

လေးစားစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်---

ငြိမ်းချမ်းခြင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ---။

ကျွန်တော်တို့ပါတီ ဖြစ်စဉ်အကျဉ်းကို အမြွက်မျှတင်ပြပါရစေ။ လက်ရှိ အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီကို ၂၈-၂-၂၀၁၂ နေ့မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒီနာမည်နဲ့ပဲ ရွေးကောက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့ မြန်မာတစ်နိုင်ငံလုံး တစ်စုစီ၊ တစ်စုစီပြန့်ကြဲနေတဲ့ မွတ်စလင်တွေကို တစ်စုတည်းစုပြီး လွတ်လပ်ရေးအတွက် နိုင်ငံရေးအင်အားတစ်ရပ်အနေနဲ့ ထူထောင်ဖို့ ဆရာကြီးဦးရာဇတ်ကို ဗိုလ်ချုပ်က တိုက်တွန်းတာကြောင့် ဗမာမွတ်စလင်ကွန်ဂရက် "ဗမက" ကို ဖွဲ့စည်းပြီး "ဖဆပလ"အဖွဲ့ချုပ်ကြီးရဲ့ တပ်ပေါင်းစုဝင်အဖြစ် ပူးပေါင်းပါဝင်ခဲ့ပါတယ်။ တောင်ပေါ်မြေပြန့်မခွဲတဲ့ စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ်ကြီးကိုလည်း ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးကိုလည်းအရယူနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာလည်း "ဗမက" ဟာ"ဖဆပလ"ရဲ့ မဟာမိတ်အဖြစ်နဲ့ ၁၉၅၆ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ နိုင်ငံရေးမျက်နှာစာမှာ အထင်ကရလှုပ်ရှားပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးနဲ့ စက်မှုထုတ်ကုန်တိုးမြှင့်ရေးတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံအားလုံးလိုလိုက မော့ကြည့်ရတဲ့ထိ အောင်မြင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်စွာ တည်ဆောက်ပြီးတဲ့နောက်မှာတော့ ငြမ်းလိုအဖျက်ခံခဲ့ရပါတယ်။ ဒါကြောင့် ပါတီဖျက်ပြီးနောက်တစ်နေ့ အောက်တိုဘာ ၁ ရက်နေ့မှာ "ဗမက(သစ်)"လို့ ပြန်ဖွဲ့သူတွေက ဖွဲ့သလို ၁၉၆၁မှာ "ဗပက"ကို ဖွဲ့ပြီး၊ "ပမညတ" အဖွဲ့ကြီးနဲ့ မဟာမိတ်ဖွဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုအဖြစ် လှုပ်ရှားခဲ့ပါတယ်။ "မဆလ" တစ်ပါတီ တည်မြဲဖို့အတွက် ၁၉၆၄ မှာ ကျန်ပါတီတွေအားလုံးကို ဖျက်သိမ်းလိုက်တော့ "ဗမက(သစ်)" ရော "ဗပက"ပါ ပါသွားခဲ့ရပါတယ်။

၁၉၉၀ ရွေးကောက်ပွဲဝင်ဖို့ "အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ" (UNC) အမည်နဲ့ မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းခဲ့ပြန်ပြီး တစ်ဖန် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီတွေ ပြန်တည်ထောင်ကြတော့ ၂၀၁၂ မှာမှ မှတ်ပုံတင်နိုင်ခဲ့တာပါ။ "အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ"(UNC) အမည်ကို သုံးခဲ့ရတာပါ။

အတိတ်သမိုင်းကိုပြန်ကြည့်ရင် နိုင်ငံရေးဥတုကိုလိုက်ပြီး အမည်တွေ ဘယ်လိုပဲပြောင်းပြောင်း နိုင်ငံတော်ထူထောင်ရေးနဲ့ ကာကွယ်ရေးကိစ္စတွေမှာ ပြည်သူတွေအားလုံးနဲ့အတူ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ခွင့်တူညီမျှ မခြားမနား ခံစားခဲ့ရသလို နိုင်ငံတော်လည်း ဂုဏ်ရောင်ပြောင်ခဲ့ရပါတယ်။ အခုအခါမှာလည်း နိုင်ငံတော်ရဲ့ အရေးကိစ္စဟူသမျှမှာ အရင်ကနဲ့မခြား ကာကွယ်ရေး၊ တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးခေတ်မီရေးကိစ္စတွေမှာ အားလုံးနဲ့အတူ ပါဝင်ခွင့်ရသာဖို့ လိုပါတယ်။ တိုင်းပြည်အတွက် တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ကြီးမားတဲ့ ကျွန်တော်တို့ လူမှုအစုအဖွဲ့တွေကို ကျွန်တော်တို့ UNC ပါတီအနေနဲ့ ၂၀၁၄ ခု သန်းခေါင်စာရင်းကောက်ကာလက ထိတွေ့သိရှိခဲ့ရတာကြောင့် အသုံးမတည့်ဘဲ အဟောသိကံမဖြစ်စေချင်ပါ။ ကိုယ့်နိုင်ငံအနီးအနားက ရှေ့တန်းကို ရောက်နေကြတဲ့ နိုင်ငံတွေမှာ "ခြားနားမှုရှိသော်ငြားလည်း အားထားရသူတွေ"အဖြစ် ဖန်တီးပေါင်းစပ်နိုင်ခဲ့ကြလို့သာ အကျိုးရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို လူနည်းစုပင်ဖြစ်သော်ငြားလည်း ကြီးမားလှတဲ့ လူ့အစုအဝေးကြီးတစ်ရပ်ကို ပစ်ပယ်ထားဖို့ မူရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာဆိုရင်တော့ တကယ့်ငြိမ်းချမ်းရေးနဲ့ တိုးတက်မှုကို ဘယ်လိုမှရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။ ခုလို မြန်မာပြည်အနှံ့ တောင်ပေါ်မြေပြန့်မကျန် COVID -19 ကပ်ကြီးအတွင်း ခွဲခြားမှုတွေ ပျောက်ပြီး သူ့ဆီငါပို့၊ ငါလိုသူပေး၊ ဝေးလည်းနီး၊ သူငါမကွဲ ဝိုင်းကူလိုက်ကြလို့ အကျိုးရှိလိုက်ကြတာ။ အားရဝမ်းသာစရာပါ။

တိုင်းပြည်အတွက် အားလုံးနဲ့အတူ ဝိုင်းကူဆောင်ရွက်ဖို့ အပြန်အလှန်နားလည်မှုရအောင် ပူးပေါင်းဆောင်ရွက်တဲ့နည်း၊ အပြန်အလှန် သိမှတ်နားလည်မှုပေးတာကို စိတ်ရှည်လက်ရှည်လုပ်တဲ့နည်း၊ မေတ္တာပေး၊ မေတ္တာယူတဲ့နည်းနဲ့ မုန်းခြင်းမပါ၊ ဖားခြင်းမပါ၊ ချစ်ခြင်းကိုသာရှာမယ်၊ ငါတို့စိတ်တူကိုယ်တူ ကြိုးစားကြမယ်ဆိုတဲ့ယုံကြည်စိတ်နဲ့ ၂၀၁၈ ခု အောက်တိုဘာ ၂၄ ရက်နေ့က ရန်ကုန်မြို့ City Hotel မှာ ပြည်လုံးကျွတ်ညီလာခံကြီးခေါ်ယူပြီး ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး ဒီရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

လူတိုင်းဟာ သဘာဝအရ ညီတူညီမျှ မွေးဖွားလာကြပါတယ်။ မြန်မာပြည်သားအားလုံး ခွင့်တူညီမျှရှိပါမှ ညီညွတ်မှုကိုရကြပါမယ်။ လူမျိုးစုအားလုံးဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရပါမယ်။ လူ့တန်ဖိုးနဲ့ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး လူ့အခွင့်အရေးစံမီတဲ့ လူမျိုးဘာသာ၊ ရာထူးဂုဏ်သိန်၊ လိင်မခွဲတဲ့ဝါဒ၊ လှည်းနေလှေအောင်းမြင်းဇောင်းမကျန်၊ ပြည်လုံးအနှံ့ သက်ရောက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရပါမယ်။

နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ဟာ ခိုင်မာပီပြင်အသက်ရှင်ရပါမယ်။ နိုင်ငံတော်လက်ဝါးကြီးအုပ် စီးပွားရေးစနစ်နဲ့ ပုဂ္ဂလိက လက်ဝါးကြီးအုပ်စီးပွားရေးကို လုံးဝရှင်းပစ်ပြီး လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပြီး အာမခံရပါမယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေကို နိုင်ငံတော်က ထောက်ပံ့ချီးမြှောက်ရပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာကို ဝတ်ရေးနဲ့နေရေးကိုပါ ထည့်တွက်ဖို့ လိုပါမယ်။ ကျန်းမာရေးနဲ့ ပညာရေးအတွက်ကိုတော့ နိုင်ငံတော်က ကျခံရမှာဖြစ်ပါတယ်။ အဲဒီအတွက် စရိတ်ကို နိုင်ငံတော်မှာ အမြင့်ဆုံးသုံးထားတဲ့ စရိတ်တွေထဲက သုံးပုံနှစ်ပုံလောက်ထိ ဖြတ်တောက်သုံးစွဲဖို့ စီစဉ်ရပါမယ်။

လယ်သမားတွေကို "လယ်လုပ်သူလယ်ပိုင်စေ" အာမခံချက်ပေးရပါမယ်။ စီးပွားရေးတွက်ခြေကိုက်တဲ့ သီးနှံကို လယ်သမားက ရွေးချယ်စိုက်ပျိုးခွင့်ရှိရပါမယ်။ မြေပိုင်ရှင်ကြီးစနစ် ပေါ်ပေါက်မလာဖို့ ဥပဒေပြုပြီး ထိန်းသိမ်းကာကွယ်ရပါမယ်။ စိုက်ပျိုးရေးထောက်ကူစရိတ်ကို နိုင်ငံတော်က တာဝန်ယူရပါမယ်။ သိမ်းပိုက်ခံလယ်ယာမြေတွေကိုလည်း လက်ငုတ်လက်ရင်းလယ်သမားလက်ထဲ လက်တွေ့ကျကျ မြန်မြန်ရောက်အောင် လှည့်ပတ်မှုမပါ၊ အချိန်ဆွဲမှုမပါဘဲ ဥပဒေပြဋ္ဌာန်း စီစဉ်ပေးရပါမယ်။

ကျေးလက်က နေစရာမြေမရှိတဲ့ ပြည်သူတွေကို ပြည်သူတွေပိုင်တဲ့မြေထဲက စနစ်ချနာမည်ဖောက်ပေးပြီး မြေလက်ရောက်ပေးဖို့လိုအပ်ပါမယ်။ လူတိုင်းဟာ မိမိကိုယ်တိုင်နေထိုင်မယ့်မြေကို ကိုယ်တိုင်ဝယ်ယူနေထိုင်ဖို့ မစွမ်းရင် နိုင်ငံတော်က ပေးဖို့တာဝန်ယူရပါမယ်။ မြို့ပြက အိမ်ခြေမဲ့တွေကိုလည်း တိုင်းပြည်က မြေစိုက်ပေးပြီး တန်ဖိုးနည်းအိမ်ခန်းတွေကို အစိုးရက စီမံကိန်းချဆောက်လုပ်ပေးရပါမယ်။ ကုမ္ပဏီဝန်ထမ်းတွေအတွက်လည်း ကုမ္ပဏီတွေက ဒီအတိုင်း စီစဉ်ဖို့ ဥပဒေပြုရပါမယ်။

လွတ်လပ်တဲ့ ဗဟိုချုပ်ကိုင်မှုကင်းတဲ့ LIBERAL DEMOCRATIC EDUCATION ကို ဖော်ဆောင်ရပါမယ်။ ဂုဏ်သိက္ခာရှိတဲ့ပညာကို ဂုဏ်သိက္ခာရှိပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့ ကျောင်းသားတွေကို ကိုယ်တိုင် တွေးခေါ်ဆုံးဖြတ်ရဲစွာနဲ့ ဆရာပီပီဆရာစားမချန် ပညာရေးစေတနာနဲ့ မေတ္တာပါပြွမ်းတဲ့ ဆရာတွေက သင်ပေးတဲ့ လေးစားခံ့ညားဖွယ်ရှိတဲ့ကျောင်းတွေမှာ သင်ယူနိုင်ရပါမယ်။ တက္ကသိုလ်ပညာကိုလည်း တစ်ကျောင်း၊ တစ်ဂါထာသင်တဲ့ ကျောင်းတွေအစား၊ ဂုဏ်သရေကြီးမြင့်တဲ့ ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကျောင်းကြီးတွေမှာ တက္ကသိုလ်ကျောင်းသားဘဝ သရုပ်ပီစွာနဲ့ တည်ကြည်စွာ ကမ္ဘာ့ပညာရေးနယ်ပယ်မှာ သီအိုရီအရရော၊ သုတေသနနဲ့ လက်တွေ့မှာပါ ချိတ်ဆက်ဆက်ဆံနိုင်တဲ့ ပညာရေးဖြစ်ဖို့လိုပါတယ်။ တက္ကသိုလ်ကျောင်းသားဆိုတာမှာ အဆောင်နေခွင့် တစ်ပါတည်းပါပြီးသားဖြစ်ရပါမယ်။ ခိုးသားတွေရဲ့အလယ်မှာ ကြီးရတဲ့ကျေးသူငယ်မျိုးမဖြစ်စေရပါဘူး။ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂတွေကို လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်ပေးရပါမယ်။ လှုပ်ရှားမှုတိုင်းလည်း ဂုဏ်သိက္ခာရှိရပါမယ်။

**လေးစားမြတ်နိုးအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား -**

ခုတင်ပြတဲ့ မူဝါဒတွေကို ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်တွေက ဆန္ဒရှင်တွေရဲ့ နေအိမ်တံခါးဝထိလာပြီး ရှင်းပြပါမယ်။ အောင်နိုင်ရေးကြေညာချက်ကိုတော့ ကျွန်တော်တို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၁။ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ(UNC) သည် မြန်မာ့နိုင်ငံရေးကိစ္စများကို နိုင်ငံရေးဥပစာတွင် နိုင်ငံရေးနည်းဖြင့် ပါဝင်ဖြေရှင်းနိုင်ဖို့ တည်ထောင်ထားသော နိုင်ငံရေးပါတီဖြစ်သည်။

၂။ UNC ပါတီသည် မြန်မာ့နိုင်ငံရေးကိစ္စများကို အားလုံးနှင့်အတူ ဝိုင်းကူဖြေရှင်းရင်း မိမိအစုအဖွဲ့၏ တာဝန်ထမ်းဆောင်မှုကို ပိုမိုပီပြင်ထင်ရှားစေမည်ဖြစ်သည်။

၃။ ယင်းသို့ကြိုးပမ်းကြရာတွင် UNC သည်ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်၍ နှစ်သက်ရာ ယဉ်ကျေးမှုကို တည်ဆောက်နိုင်ခွင့်၊ လူ့အခွင့်အရေးစံနှင့် လူ့ဂုဏ်သိက္ခာအပေါ် အလေးထားလေးစားယုံကြည်၍ လူမျိုးဘာသာ၊ လိင်မခွဲခြားသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံပေါ်ထွန်းလာရေးကို ဦးလည်မသုန် ကြိုးပမ်းလျက်ရှိကြကုန်သော လူမျိုးစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် သစ္စာထား၍ အတူတကွ ပူးပေါင်းဆောင်ရွက်သည်။

၄။ ကျွန်ုပ်တို့၏UNC ပါတီသည် ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရေး၊ အာဏာရှင်အုပ်စိုးမှု ပပျောက်ရေး၊ လူမျိုးကြီးဝါဒလွှမ်းမိုးမှုမှလွတ်မြောက်ရေး၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ ကုန်သည်၊ ဝန်ထမ်းနှင့် ရဟန်းရှင်လူ၊ ကိုးကွယ်ယုံကြည်သူအားလုံး၏ လွတ်လပ်ခွင့်အတွက် သမိုင်းတစ်လျှောက် တိုက်ပွဲဝင်ခဲ့ကြသူ၊ တိုက်ပွဲဝင်လျက်ရှိကြသူ၊ ဝိုင်းဝန်းကြိုးပမ်းကြသူအားလုံးနှင့်အတူ တစည်းတလုံးတည်း ရှိသည်။

၅။ ကျွန်ုပ်တို့သည် ပြည်သူအားလုံးတို့အား အမုန်းစကားကိုမဆို၊ အချစ်စကားကိုသာဆို၍ ခွဲခြားခြင်းကိုမလို၊ ပေါင်းစည်းခြင်းကိုသာလို၍၊ ချုပ်ချယ်ခြင်းကိုမလို၊ လွတ်လပ်ခြင်းကိုသာလို၍ ဆန္ဒရှင်ပြည်သူအားလုံးတို့၏ မြတ်သောအလိုဟူသမျှ ပြည့်ဝစေ၊ မချစ်မနှစ်သက်သောအရာဟူသမျှ ဝေးကွာစေဟူသော စိတ်စေတနာဖြင့် ပြည်သူ့အကျိုးကို ဆောင်မည်။

၆။ ကျွန်ုပ်တို့သည် ဤလုပ်ငန်းစဉ်များဖြင့် ကျွန်ုပ်တို့အပေါ် အထင်မှားသူများလည်း အမြင်မှန်စေ၊ ကျွန်ုပ်တို့အပေါ် နားလည်မှုလွဲမှားသူများလည်း နားလည်မှုရစေ၊ ဤသို့သောကြည်လင်မှုဖြင့် နိုင်ငံ့အရေးပူးပေါင်းလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ရယူလိုသော အခွင့်အရေးများနှင့် ထမ်းရွက်လိုသော တာဝန်များကို လွှတ်တော်ပြင်ပတွင်သာမက လွှတ်တော်အတွင်း၌ပါ ဆောင်ရွက်လိုသည်။ ဒါကြောင့် ကျွန်ုပ်တို့ UNC ပါတီကို ကြည်ဖြူသူ၊ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုကို ယုံကြည်စွာ အားကိုးတောင်းခံရင်း ဒီပါတီစုံရွေးကောက်ပွဲကြီးဆီသို့ ရဲဝံ့စွာဝင်ရောက်လာပြီဖြစ်ပါကြောင်း မြတ်နိုးလေးစားစွာ အသိပေးအပ်ပါသည်ခင်ဗျား- အားလုံးကို ကျေးဇူးတင်ပါတယ်။

**လူ့အခွင့်အရေးစံနှင့်အညီ လူ့တန်ဖိုးစံမီစေဖို့**
**UNC ကိုထောက်ခံကြပါစို့။**

# ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  စက်တင်ဘာ  ၂၁

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ ပြန်ကြားရေးတာဝန်ခံ ဒေါ်ခင်နုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်–**
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

ကျွန်မကတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီမှ ပြန်ကြားရေးတာဝန်ခံ ဒေါ်ခင်နု ဖြစ်ပါတယ်။ ပါတီရဲ့မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို ပြည်သူအပေါင်းအား တင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်–**

ဦးစွာပထမ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို မိတ်ဆက်လိုပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို ၂၀၁၃ ခုနှစ် မတ်လ (၁၃) ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၆၃)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးထားသည့် ပါတီတစ်ခု ဖြစ်ပါတယ်။ ပါတီရဲ့ ဌာနချုပ်ကို အမှတ် (၂၄) ပထမထပ်၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ထားပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်–**

ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီရဲ့ ရည်ရွယ်ချက်များကတော့–

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် လူ့အခွင့်အရေး မှန်ကန်မျှတစွာရရှိရေး၊ စစ်မှန်ပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေး ဆုံးရှုံးခံနေရသူများအား ကာကွယ်မြှင့်တင်ပေးရေးတို့ကို ဆောင်ရွက်ရန်။

၂။ တို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရာတွင် တစ်တပ်တစ်အား ပါဝင်ရန်။

၃။ နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတည်မြဲရေးအား အစဉ်သဖြင့် တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်သည့်အပြင် တိုင်းရင်းသားညီနောင်အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရန်။

၄။ မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်မျိုးတည်းသာရှိပြီး၊ တိုင်းရင်းသားပြည်သူအားလုံး တန်းတူရည်တူအခွင့်အရေးရရှိရေးကို ရည်ရွယ်သော နိုင်ငံရေးယဉ်ကျေးမှု “Political Culture” တစ်ရပ်တည်ထောင်ရန်။

၅။ နိုင်ငံတော်ရှိ တိုင်းရင်းသားလူနည်းစုအသီးသီးနှင့် ပြည်သူအားလုံး၏ စည်းလုံးညီညွတ်ရေးနှင့် တန်းတူညီမျှရှိရေးအတွက် ရေရှည်အာမခံချက်ရှိသော နိုင်ငံရေးဖြေရှင်းချက်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်။

၆။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်အယူအဆချင်းတူညီသော နိုင်ငံရေးပါတီများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်–**

ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ ခံယူချက်များကို တင်ပြရလျှင်–

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံသားတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူရည်တူ အခွင့်အရေးများ ရရှိစေရမည်ဟုခံယူသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးသည့် စစ်မှန်သော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှသာ မကြာသောကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာမည်ဟု ခံယူသည်။

၃။ တိုင်းရင်းသားလူမျိုးစုအရေးကိစ္စများနှင့် လူ့အခွင့်အရေးကိစ္စများကို သက်ဆိုင်သူတို့အားလုံးနှင့်ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။

၄။ မြန်မာပြည်သူပြည်သားများကို လူမျိုး၊ ဘာသာ၊ နေရာဒေသမရွေး၊ အသားအရောင် ခွဲခြားခြင်းမပြုဘဲ တူညီသောစံ၊ တူညီသောဥပဒေများဖြင့်သာ အုပ်ချုပ်ရမည်ဟုခံယူသည်။ ဥပဒေကို ကျော်လွန်၍ အထက်အမိန့်အရဟု အုပ်ချုပ်သည့်စနစ်ကို ပြောင်းလဲနိုင်အောင်ကြိုးစားမည်။

၅။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ နေရပ်ပြန်လာခွင့်ရှိပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ခွင့်ရရှိစေရမည်ဟု ခံယူသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်–**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ချမှတ်သော လုပ်ငန်းစဉ်များ အနက် အချို့ကို တင်ပြလိုပါတယ်။

**၁။ ပညာရေးကဏ္ဍ**

(က) အခြေခံပညာမူလတန်းနှင့် အလယ်တန်းပညာရေးကို တစ်နိုင်ငံလုံး မသင်မနေရသတ်မှတ်ပြီး အထက်တန်းပညာရေးကို အခမဲ့သင်ယူခွင့်ရရှိအောင် ကြိုးပမ်းမည်။

(ခ) အဆင့်မြင့်ပညာရေးကို စရိတ်စက သက်သာစွာဖြင့် သင်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီး တက္ကသိုလ်၊ ကောလိပ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် ကြိုးပမ်းမည်။

(ဂ) အသက်မွေးဝမ်းကျောင်းပညာရေးများ ဘက်စုံထွန်းကားလာရေးအတွက် လိုအပ်သော ပညာရေးရန်ပုံငွေကို နိုင်ငံတော်ဘတ်ဂျက်မှ ပိုမိုရရှိနိုင်ရေးအတွက် ကြိုးပမ်းမည်။

(ဃ) ကမ္ဘာ့အသိအမှတ်ပြု ပညာရေးဝန်ဆောင်မှုပေးနိုင်သော နိုင်ငံအဖြစ် ရောက်ရှိနိုင်ရေးအတွက် လိုအပ်သောအစီအမံများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်။

**၂။ ကျန်းမာရေးကဏ္ဍ**

(က) စရိတ်စက သက်သာစွာဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူအားလုံး ခံစားခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။

(ခ) ကူးစက်ရောဂါအားလုံးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကူးစက်ခံနေရသူများအား ဆေးဝါးကုသပေးနိုင်အောင် ပြည်သူတစ်ရပ်လုံး ဦးဆောင်မှုပေးနိုင်သော စွမ်းရည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) ဆေးပညာရပ်များ၊ ဆေးဝါးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်ရေးနည်းများနှင့် တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာအဆင့်မီလာစေရန် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်မည်။

**၃။ စီးပွားရေးကဏ္ဍ**

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေး၊ စက်ရုံအလုပ်ရုံများကို ဖိတ်ခေါ်၍ အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ လူမျိုးစုအလိုက်၊ ဒေသအလိုက် တန်းတူညီမျှသော အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(ခ) ရေတိုရေရှည် အကျိုးရှိမည့် “Micro, Macro” စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် မပျက်စီးရန် အလေးထား၍ ဖော်ဆောင်တည်ဆောက်နိုင်အောင် ကြိုးပမ်းမည်။

**၄။ တောင်သူလယ်သမားကဏ္ဍ**

(က) တောင်သူလယ်သမားများသည် ဥပဒေနှင့်အညီ လယ်ယာမြေ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်နှင့် ဆက်ခံပိုင်ခွင့် ရှိရမည်။

(ခ) မိရိုးဖလာ စိုက်ပျိုးရေးမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ဆင့်ကဲဆင့်ကဲ အသွင်ကူးပြောင်းလာနိုင်အောင် ဆောင်ရွက်မည်။

(ဂ) မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မြေမဲ့ယာမဲ့ လယ်လုပ်သားများ တရားဝင်လုပ်ကိုင်ခွင့်ရရှိအောင် ကြိုးစားမည်။

(ဃ) အကြောင်းအမျိုးမျိုးကြောင့် သိမ်းပိုက်ခံခဲ့ရသော မြေများအား မူလပိုင်ရှင်များ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်မည်။

(င) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။

(စ) တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စများကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**၅။ အလုပ်သမားကဏ္ဍ**

(က) အလုပ်သမားတိုင်းသည် ထိုက်တန်သော လုပ်ခလစာရရှိရေးနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ်ရေးအတွက် ဆောင်ရွက်မည်။

(ခ) လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျား/မ ခွဲခြားခြင်းမခံရဘဲ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေရရှိရေး ဆောင်ရွက်မည်။

(ဂ) အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် လုပ်ငန်းခွင်တွင် နှိပ်စက်ခြင်းများကို တားဆီးနိုင်ရန် ကြိုးပမ်းမည်။

(ဃ) အလုပ်သမားတိုင်း မိမိအကျိုးခံစားခွင့်ကို ကာကွယ်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခွင့် ရရှိအောင် ကြိုးပမ်းမည်။

**၆။ ကျောင်းသားလူငယ်ကဏ္ဍ**

(က) လူငယ်များသည် တိုင်းပြည်၏ အဖိုးတန်ဆုံးအင်အားတစ်ရပ် ဖြစ်သည့်အားလျော်စွာ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များ၏စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်မည်။

(ခ) ကျောင်းသားများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရေးကို အားပေးမည်။

**၇။ တရားရေးကဏ္ဍ**

(က) တရားစီရင်ရေးမဏ္ဍိုင်ကို ဒီမိုကရေစီစံနှင့်ကိုက်ညီ၍ လွတ်လပ်စွာရပ်တည်စေရန် ကြိုးပမ်းမည်။

(ခ) တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး၍ လွတ်လပ်မှန်ကန်စွာ တရားစီရင်ခွင့် ရရှိစေရမည်။

(ဂ) အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့် မည်သည့်အဖွဲ့အစည်းကိုမျှ တရားရေးအာဏာ မအပ်နှင်းရ၊ ဝင်ရောက်စွက်ဖက်ခွင့် မပြုရအောင် ကြိုးပမ်းမည်။

(ဃ) တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့်တကွ စီရင်ချက်များကို အများပြည်သူတို့၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(င) ပြစ်မှုများအတွက် စွပ်စွဲခံနေရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝ ပေးရမည်။ အယူခံပိုင်ခွင့် ရှိရမည်။ မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေများ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု မရှိစေရ။

(စ) ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်း မရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။

(ဆ) လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ခံစားစေမှုများ မပြုလုပ်ရ။

(ဇ) ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အပြစ်ပေးအရေးယူရာတွင် ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်သော ဆွေမျိုးမိသားစု၊ လူမျိုးစု၊ ကိုးကွယ်သည့်ဘာသာသာသနာအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှု မရှိစေရ။

**၈။ အုပ်ချုပ်ရေးကဏ္ဍ**

(က) တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ အကျင့်ပျက်မှုကင်းသော၊ လူမျိုး/ဘာသာဒေသစွဲကင်းသော၊ ဒီမိုကရေစီကျသော၊ တရားမျှတမှုရှိသော အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်စေရန် ကြိုးပမ်းတည်ဆောက်မည်။

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းစံထားနှင့် မကိုက်ညီသော၊ ဥပဒေရေးရာ ရှုပ်ထွေးမှုဖြစ်စေသော အုပ်ချုပ်ရေးယန္တရား မဖြစ်ပေါ်စေရန် ကြိုးပမ်းတည်ဆောက်မည်။

**၉။ နိုင်ငံခြားရေးကဏ္ဍ**

(က) နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တက်ကြွပြီး လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

(ခ) နိုင်ငံတကာနှင့် ဆက်ဆံရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အထူးအလေးပေးဆောင်ရွက်မည်။

**၁၀။ တိုင်းရင်းသားလူမျိုးများကဏ္ဍ**

(က) တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏အယူအဆ ယဉ်ကျေးမှုထုံးဓလေ့များကို တစ်ဦးကလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစားလိုက်နာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းအားထုတ်မည်။

(ခ) တိုင်းရင်းသားလူမျိုးများအားလုံး၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်မည်။

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း အမြင်ချင်းဖလှယ်ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းခြင်းဖြင့် တိုင်းရင်းသားများအတွင်း ယုံကြည်ချစ်ကြည်မှုရအောင် ကြိုးပမ်းအားထုတ်မည်။

(ဃ) တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ ဆင်းရဲမှုပပျောက်ရေး၊ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ခြင်းဖြင့် အကျိုးပြုနိုင်ရန် ကြိုးပမ်းမည်။

(င) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခြေခံအခွင့်အရေးများ ပြည့်ဝစွာ ခံစားခွင့်ရရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးတို့အတွက် ပူးပေါင်းကြိုးပမ်းမည်။

(စ) တိုင်းရင်းသားလူမျိုးများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် လေးနက်သော နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် ရရှိလာအောင်ကြိုးပမ်းမည်။

(ဆ) တိုင်းရင်းသားလူမျိုးများ၏ တိမ်ကောနေသောသမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်။

(ဇ) မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို ကွဲပြားခြားနားသော ဘာသာရေး၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကိုအခြေခံ၍ အခြေခံအခွင့်အရေးများ ပိတ်ပင်ခြင်းမပြုနိုင်အောင် အားထုတ်မည်။

**၁၁။ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ**

(က) တပ်မတော်သည် နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ စွမ်းရည်ထက်မြက်သော၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်သော၊ စွမ်းရည်မြင့်မားသော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။

(ခ) ပြည်သူချစ်သော၊ ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ခံထိုက်သော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။

(ဂ) ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ မိမိ၏တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်းဖြင့် ပြည်သူအများ အားထားရသော ရဲတပ်ဖွဲ့ဖြစ်လာစေရန် အားပေးကူညီမည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ရှင်–**

ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ “Logo” အမှတ်တံဆိပ်က ရှေ့တွင်ဖော်ပြထားသည့်အတိုင်း ချိန်ခွင်အမှတ်တံဆိပ်ဖြစ်ပြီး နိုင်ငံသားအားလုံး တန်းတူညီမျှရေးကို ဖော်ဆောင်သော သင်္ကေတဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ မြန်မာပြည်သူပြည်သားများ ကပ်ရောဂါအပေါင်းမှ ကင်းဝေးပြီး ကျန်းမာရွှင်လန်းပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# တိုင်းဒေသကြီး/ပြည်နယ်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ခြင်းများ ဖြစ်ပွားခဲ့ပြီး ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ကူညီ



**နေပြည်တော် စက်တင်ဘာ ၂၁**
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ စတင်ဖြစ်ပွားခဲ့သော အပူပိုင်းမုန်တိုင်း နို(လ်)သည် ကုန်းတွင်းမုန်တိုင်း အဖြစ်သို့ အားလျော့ရာမှတစ်ဆင့် မြန်မာနိုင်ငံအား လေဖိအားနည်းရပ်ဝန်းအဖြစ် ဖြတ်ကျော်ခဲ့ချိန်၌ ၎င်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ခြင်းတို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ပုလော၊ ဘုတ်ပြင်း၊ ကျွန်းစု၊ လောင်းလုံ၊ သရက်ချောင်းနှင့် ရေဖြူ မြို့နယ်တို့၌ စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အတွင်း နေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် အိမ်ခြေ ၅၃၅ ကျော်မှ လူဦးရေ ၁၉၀၀ ကျော်တို့ ယာယီခိုလှုံရာစုရပ်ကိုးခုနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိပြီး လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ခြင်းတို့ကြောင့် အိမ်ခြေ ၂၉၀ ကျော်နှင့် ဘာသာရေးကျောင်း နှစ်ကျောင်း ထိခိုက်ပျက်စီးခဲ့ကာ စုစုပေါင်း အိမ်ထောင်စု ၉၀၀ ကျော်၊ လူဦးရေ ၃၇၀၀ ကျော် ဘေးသင့်ခဲ့ရသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ရေးမြို့နယ်၊ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင်လည်း စက်တင်ဘာ ၁၉ ရက်က ပင်လယ်ဒီရေရိုက်ခတ်မှုကြောင့် အိမ်ခြေ ၉၀ ကျော် ထိခိုက်ပျက်စီးခဲ့ကာ လူ သုံးဦး သေဆုံးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လိုက်ပါ၍ ဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် စစ်တောင်းမြစ် ဒီရေတက်ခြင်းကြောင့် စစ်တောင်းမြစ်ကမ်းပါးနှင့် ဆက်စပ်နေသည့် ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပွားမှုကြောင့် အိမ်ခြေ ၁၅၀၀ ကျော်မှ လူဦးရေ ၇၀၀၀ ကျော် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များတွင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့က ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းကြောင့် အိမ်ခြေ ၇၀ ကျော် ထိခိုက်ပျက်စီးခဲ့ကာ အိမ်ထောင်စု ၇၀ ကျော်မှ လူဦးရေ ၃၀၀ ကျော် ဘေးသင့်ခဲ့ရပြီး ဒေသခံဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့မှစတင်၍ ထောက်ပံ့ကူညီမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးဆုံးရှုံးမှုပေါ်မူတည်၍ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အများစုစည်းရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ရသူများအား နှာခေါင်းစည်းနှင့် ဆပ်ပြာများကို သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဘေးသင့်နေရာများသို့ အမြန်ဆုံးသွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထား ဂရုပြုလိုက်နာရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ်ကျောင်းသားများအား မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT)က ပညာသင်ဆုနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**
မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) (MITT)က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက အဆိုပါတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)နှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ သီလဝါ(MITT)မှ Administration Manager ဦးကျော်ဆွေလှနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ သီလဝါ(MITT)မှ Administration Manager ဦးကျော်ဆွေလှက MITT Scholarship နှင့် သင်ထောက်ကူပစ္စည်းပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ် နောက်ဆုံးနှစ်မှ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၀၀ အား လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ တက္ကသိုလ်သို့ Cannon Laser Printer ၁၂ လုံး အယောက် ၆၀ ဆံ့ စာသင်ခန်း တစ်ခန်းအတွက် စားပွဲ၊ ကုလားထိုင်၊ Projector တစ်လုံးနှင့် Aircon နှစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၃ သိန်းကျော် ပေးအပ်လှူဒါန်းသည်။



MITT အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာ နောက်ဆုံးနှစ် ထူးချွန်ကျောင်းသား ၁၀ ဦး နှစ်စဉ် ရွေးချယ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီ ပေးအပ်ခဲ့ရာ ၂၀၁၆ ခုနှစ်မှစတင်၍ အမေရိကန် ဒေါ်လာ ၂၀၀ အထိ တိုးမြှင့်ပေးအပ်ချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် ၂၀၀၇ ခုနှစ်မှစတင်၍ ဆိပ်ကမ်းအင်ဂျင်နီယာကျောင်းသားများထဲမှ အထူးချွန်ဆုံး ကျောင်းသားတစ်ဦးအား MITT ၏ မိခင်ကုမ္ပဏီဖြစ်သော Hutchison Port Holding မှ ရွှေတံဆိပ်ဆု (Hutchison Port Holding-HPH) နှင့် ငွေသားအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုနှစ်အထိ (၁၄) ကြိမ်တိုင်တိုင် ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ(MITT) အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၀၂ ခုနှစ်မှစတင်၍ သင်ထောက်ကူပစ္စည်းများကို နှစ်စဉ်ပေးအပ်လှူဒါန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဌာနနှင့် ဆိပ်ကမ်းအင်ဂျင်နီယာဌာနများမှ ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၆၅၀၀ ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဌာန၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာနများမှ ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀ ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ သင်ကြားရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဆိပ်ကမ်းအင်ဂျင်နီယာဌာနများ၏ GIS Lab များတွင် အသုံးပြုရန်အတွက် အမေရိကန် ဒေါ်လာ ၆၀၀၀ ကိုလည်းကောင်း ၊ ၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် အမေရိကန် ဒေါ်လာ ၆၀၀၀ တန်းဖိုးရှိသင်ကြားရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ငွေကျပ် ၈၈ သိန်းကျော် တန်ဖိုးရှိ စားပွဲများ၊ ထိုင်ခုံများ၊ Projectorနှင့် Aircon တို့ကိုလည်းကောင်း၊ ယခု ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်အတွက် ငွေကျပ် ၈၃ သိန်းကျော် တန်ဖိုးရှိ စားပွဲများ၊ ထိုင်ခုံများ၊ Projector၊ Aircon နှင့် Printer များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၁**
နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ရီယာဒ်မြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကာတာမှ နှစ်ဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ၄၇ ဦး၊ အင်္ဂလန်မှ ၄၈ ဦး၊ ဘူတန်မှ နှစ်ဦး၊ ချက်သမ္မတနိုင်ငံမှ နှစ်ဦး၊ ကာတာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုမှ မြန်မာသင်္ဘောသား ၂၄ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၅ ဦး လိုက်ပါခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အာရပ်စော်ဘွားများပြည်ထောင်စုမှ ကယ်ဆယ်ရေးလေယာဉ် ကိုးကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့မှ ကိုဗစ်-၁၉ ကော်မတီ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် တွေ့ဆုံ

**တောင်ကြီး စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ကော်မတီရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် တွေ့ဆုံကြောင်း သိရသည်။




**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက မဲရုံကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက နောင်ချို မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျန်းမာရေး သုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၂၅၀၀ ကိုပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နောင်ချို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တွေ့ဆုံ**

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ကော်မတီ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တို့နှင့် တွေ့ဆုံရာတွင် ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းဝင်းက မဲရုံနှင့် မဲစာရင်းများ၊ မဲဆွယ်စည်းရုံးရေး ကာလ နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်တွင် ခရိုင်/မြို့နယ် အဖွဲ့များဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ ကြီးကြပ် ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေကြောင်း ရှင်းလင်းပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုနှင့် ဆောင်ရွက်ထားမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် ကျောက်မဲမြို့နယ်၏ မဲဆန္ဒနယ်မြေ အလိုက် မဲဆန္ဒရှင်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျန်းမာရေးသုံးပစ္စည်း နှာခေါင်းစည်း ၂၅၀၀၊ ကျောက်မဲခရိုင်အတွင်းရှိ အသက် ၈၀ နှင့် ၈၅ နှစ်ကြား ဘိုးဘွား ၂၁၈၄ ဦးအတွက် ထောက်ပံ့ငွေ ၆၅၅၂၀၀၀၀ ကို ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း၊ ကျောက်မဲမြို့နယ်အတွင်းရှိ ထပ်တိုးမသန်စွမ်းသူများအား ထောက်ပံ့ငွေကျပ် ၈၁၀၀၀၀ ကို ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ပေးအပ်ရာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း လက်ခံရယူကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း ချယ်ရီပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အောင်မြင့်မိုရ်အိမ်ရာနှင့် ရိုးမရိပ်သာအိမ်ရာတို့၏ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာနှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရိုးမရိပ်သာအိမ်ရာတို့အား ကိုဗစ်-၁၉ ရောဂါ ကုသရေးယာယီဆေးရုံနှင့် ကန့်သတ်စောင့်ကြည့်စင်တာများအဖြစ် ဖွင့်လှစ်ထားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ နံနက် ၁၀ နာရီတွင် ကြည့်ရှုစစ်ဆေးပြီး အိမ်ရာများမှ အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိမ်ရာများ၌ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုထားရှိသူများအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ အိမ်ရာအုပ်ချုပ်မှုအဖွဲ့များမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ဝန်ကြီးချုပ်က စင်တာများတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီဆောင်ရွက်လုပ်ကိုင်ပေးကြသော လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် မိမိတို့၏ကျန်းမာရေးကိုလည်းအလေးထားဂရုစိုက်ကြရန် ပြောကြားသည်။

ရွှေမြင့်မိုရ်အိမ်ရာနှင့် ရိုးမရိပ်သာအိမ်ရာရှိ ကိုဗစ်-၁၉ ရောဂါ လူနာများ၊ လူနာများနှင့်ထိတွေ့ခဲ့သည့် သံသယရှိသူများကို ကောင်းမွန်သန့်ရှင်းသော နေရာထိုင်ခင်း၊ အိပ်ရာခေါင်းအုံးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းအားလုံး အသစ်များ၊ နံနက်စာ၊ နေ့လယ်စာနှင့် ညစာအတွက်လည်း ကောင်းမွန်သန့်ရှင်းသပ်ရပ်စွာ စီစဉ်ဆောင်ရွက်ထားရှိပေးထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မုံရွာမြို့၌ ဖျားနာကု အခမဲ့ဆေးခန်း စတင်ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၂၁**

မုံရွာမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဖျားနာကု အခမဲ့ဆေးခန်းကို ယနေ့နံနက် ပိုင်းမှ စတင်ပြီး ရက်သတ္တတစ်ပတ်လျှင် ငါးရက် အခမဲ့ကုသပေးမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ပိတ်မည်ဖြစ်ကြောင်း ဆရာဝန်အသင်းခွဲ(မုံရွာ) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းက ပြောကြားသည်။



အဆိုပါဆေးခန်းကို မုံရွာမြို့ ဒေါနခြံရပ် ဆေးရုံကြီးလမ်း အထက(၂)ဘေးရှိ လူငယ်စင်တာ အဆောက်အအုံတွင် ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ပတ်လျှင် ငါးရက် နံနက် ၉ နာရီမှ ၁၁ နာရီ အထိ(အခမဲ့) ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းပြသလိုသည့် လူနာများအနေဖြင့် ဖုန်းဆက်၍ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း၊ နံနက် ၈ နာရီမှ ၁၂ နာရီထိ၊ ညနေ ၄ နာရီမှ ည ၉ နာရီထိ ဖုန်းလက်ခံဖြေကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆေးခန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ဆရာဝန်အသင်းမှ ပြင်ပဆရာဝန်များ၊ ပုဂ္ဂလိကဆေးရုံများမှ လက်ထောက်ဆရာဝန်များ၊ သူနာပြုသင်တန်းကျောင်းမှ ဆရာမများ၊ လူငယ်စင်တာနှင့် တက္ကသိုလ်ကျောင်းသားများအဖွဲ့၊ save monywa အဖွဲ့၊ Rescue အဖွဲ့မှ လူငယ်များဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

# ကျိုက်မရောမြို့၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေ စနစ်တကျထုတ်ပေးလျက်ရှိ


**ကျိုက်မရော စက်တင်ဘာ ၂၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယနေ့နံနက် ၉နာရီမှစ၍ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ပင်စင်လစာငွေများထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လူစုလူဝေးမဖြစ်ပေါ်စေရန်တစ်ကြိမ်လျှင် ၁၀ ဦးစီသာ စနစ်တကျတန်းစီပြီး ဘဏ်တွင်းသို့ဝင်ရောက်လျှင် လက်သန့်ဆေးရည်ဖြင့်လက်ဆေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းပေးခြင်းများကို ဘဏ်ဝန်ထမ်းများက စနစ်တကျဆောင်ရွက်ပေးပြီး ပင်စင်လစာငွေများကို အသုတ်လိုက်ခွဲ၍ နေ့စဉ်ရုံးချိန်အတွင်း ထုတ်ပေးလျက်ရှိရာ ယနေ့တွင် အငြိမ်းစားဝန်ထမ်း ၁၅၀ တို့အား ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ကျိုက်မရောမြို့တွင် အငြိမ်းစား ပင်စင်စားဝန်ထမ်းဦးရေ၇၀၀ ကျော်ခန့်ရှိပြီး စက်တင်ဘာ ၂၁ရက် မှစတင်၍ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှညနေ၄နာရီထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**



# မင်းလှမြို့၌ ပင်စင်စားများအား နေ့အလိုက် ပင်စင်လစာထုတ်ပေး

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ပင်စင်စားများအတွက် ပင်စင်များကို ယနေ့မှစတင်၍ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် သုံးပေအကွာ စည်းများ ပြုလုပ်ပေးထားခြင်း၊ လက်ဆေးဘေစင်များ ပြုလုပ်ထားခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပင်စင်ထုတ်ယူရာ၌ လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် ယနေ့မှ ၂၉ ရက်အထိ မင်းလှမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် သတ်မှတ်ရက်များတွင် လာရောက်ထုတ်ယူခြင်းမရှိသော အငြိမ်းစားများအား အောက်တိုဘာလဆန်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း၌ ပင်စင်များကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ မင်းလှမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ထုတ်ယူသူ ၁၆၂၃ ဦးခန့်ရှိကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်တင်တင်ဌေးထံမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး) တွင် တာဝန်ထမ်းဆောင်ရန် ကရင်ပြည်နယ်မှ သူနာပြု ၂၀ ထွက်ခွာ



**ဘားအံ စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) တွင် သွားရောက်တာဝန်ထမ်းဆောင်ရန် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆေးရုံများမှ သူနာပြု ဆရာ၊ ဆရာမ ၂၀ တို့သည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)တွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သူနာပြုဆရာ ဆရာမများအား ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား အထူးကြပ်မတ်ကုသစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြမည့် စေတနာ့ဝန်ထမ်း သူနာပြုများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်များဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ဂုဏ်ပြုငွေကျပ် ၆၀၀၀၀၀ ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်၊ ဘားအံပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သူနာပြုများအား လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရန်ကုန်မြို့၌ ရုံးချိန် မြို့ပတ်ရထား စတင်ပြေးဆွဲ



**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့ရှိ ရုံးဝန်ထမ်းများ သွားလာရေး အဆင်ပြေချောမွေ့စေရေး ရည်ရွယ်၍ ယနေ့မှ စတင်ကာ ရန်ကုန်မြို့ပတ်ရထားများ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထား အမှတ်(၇) ရန်ကုန်က ကြေညာချက် ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်တွင် ရန်ကုန်မြို့ပတ် ရထားများကို ရန်ကုန်-လှော်ကားလမ်းပိုင်း၊ ရန်ကုန်-မင်္ဂလာဒုံလမ်းပိုင်းနှင့် ရန်ကုန်-ရွာသာကြီးလမ်းပိုင်းတို့တွင် နံနက်ပိုင်း ရုံးချိန်ရထား နှစ်စင်းစီနှင့် ညနေပိုင်း ရုံးဆင်းချိန် ရထားနှစ်စင်းစီတို့အား ပုံမှန်အတိုင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် မွန်းလွဲပိုင်း လက်ယာရစ်မြို့ပတ်သည့် ခ/၃ နှင့် ခ/၄ ရထားနှစ်စင်းနှင့် လက်ဝဲရစ်မြို့ပတ်သည့် က/၄ နှင့် က/၅ မြို့ပတ်ရထားနှစ်စင်းတို့အား ယနေ့မှစ၍ ယာယီရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်မှုကို ထိရောက်အောင်မြင်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ) နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ထုတ်ပြန်ကြေညာလိုက်ခြင်းကြောင့် ရန်ကုန်မြို့တွင်း၌လူသွား လူလာများ သိသိသာသာ လျော့ကျသွားပြီး မြို့တွင်းဘတ်စ်ကားများ ပြေးဆွဲမှုမှာလည်း လျော့ကျသွားသည့်အတွက် ရုံးဝန်ထမ်းများ မဖြစ်မနေသွားလာမှု အဆင်ပြေစေရန် ရည်ရွယ်ကာ မြန်မာ့မီးရထားက ရုံးချိန် မြို့ပတ်ရထားကို သီးသန့် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ချယ်ရီသင်္ဘောဆိပ်ကမ်း၌ ခရီးသည်များအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**ရန်ကုန် စက်တင်ဘာ၂၁**

ရန်ကုန်မြို့သို့ သွားရောက် အလုပ်လုပ်ကိုင်ကြမည့် ခရီးသွားပြည်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို စနစ်တကျ လိုက်နာနိုင်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန် (ပန်းဆိုးတန်း- ဒလ) ချယ်ရီသင်္ဘောကူးတို့ဆိပ်ကမ်း၌ စီးနင်းလိုက်ပါကြသော ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ ဝတ်ဆင်ရေးအတွက် နှာခေါင်းစည်းများအခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာနမှူး ဦးဝင်းကိုအောင်နှင့် တာဝန်ရှိသူများ၊ ပန်းဆိုးတန်းနှင့် ဒလ သင်္ဘောဆိပ်ကမ်းမန်နေဂျာများနှင့် ဝန်ထမ်းများက လက်မှတ်ရုံအတွင်းရှိ ခရီးသည်နားနေဆောင်နှင့် ချယ်ရီရေယာဉ်ဖြင့် စီးနင်းလိုက်ပါကြသော ခရီးသွားပြည်သူများကို နှာခေါင်းစည်းများပေးဝေခဲ့ကြသည်။

ရန်ကုန်မြို့သို့ အလုပ်သွားလုပ်မည့် ဒေသခံပြည်သူတစ်ဦးက "မနေ့ညကစပြီး နေအိမ်မှာ နေထိုင်ရေး ထုတ်ပြန်ကြေညာလိုက်တာလို့ သိရတယ်။ အဲဒါကြောင့် ခရီးသည်တွေ သိသိသာသာ လျော့နည်းသွားတယ်လို့ မြင်မိပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူတွေ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တဖြည်းဖြည်းနဲ့ များလာတယ်။ ကြိုတင်ကာကွယ်ဖို့အနေနဲ့ ကိုယ်ကိုယ်တိုင်လည်း အပြင်သွားရင် နှာခေါင်းစည်းဝတ်တယ်။ ခုသွားလာနေတဲ့ ခရီးသည်တွေအားလုံးလိုလို နှာခေါင်းစည်းတွေ ဝတ်ဆင်လာကြတယ်။ လူတွေလည်း ဒီရောဂါကိုကြောက်တာလည်းပါတယ်။ စည်းကမ်းရှိလာကြတာကို အရင်ကထက် ပိုမြင်ရတယ်" ဟု ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်ပြီးနောက် ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့သင်္ဘောဆိပ်ကမ်း၌ ယနေ့တွင်ရန်ကုန်မြို့သို့အလုပ်သွားရောက်လုပ်ကိုင်ကြမည့် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များရှိခရီးသည်ပြည်သူများ မရှိသလောက်နည်းပါးသွားပြီး ဒလမြို့နယ် ဒေသခံပြည်သူအများစုနှင့် ဝန်ထမ်းအများစုသာ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

## ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းဖွင့်လှစ်

**ပူတာအို စက်တင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများဖွင့်လှစ်ရန် ညွှန်ကြားချက်နှင့်အညီ တန်ဖိုးမြင့်စားသောက်ကုန်၊ လူသုံးကုန်၊ စက်ချုပ်နှင့် လက်ရက်ကန်းမွမ်းမံသင်တန်းများကို ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ပြည်ထောင်စုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် သင်တန်းများဖွင့်လှစ်နိုင်ခဲ့ကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အတိုင်း တိကျစွာလိုက်နာ၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်ပမှ နေရပ်ပြန်များ၊ အလုပ်အကိုင်ရှာဖွေနေသည့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းနှင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိပြီး စားဝတ်နေရေးပြေလည်စေသည့်အပြင် သင်တန်းပြီးဆုံးပါက တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်ငန်းများထူထောင်နိုင်၍ ကာလတိုအတွင်း ဝင်ငွေရရှိစေရန်အတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါကာလမှာ ပြည်ထောင်စုရန်ပုံငွေနဲ့ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်း ၁၂ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီးတော့ သင်တန်းသား သင်တန်းသူ ၃၄၉ ဦး မွေးထုတ်နိုင်ခဲ့ပါတယ်။ သင်တန်းကတော့ တန်ဖိုးမြင့်စားသောက်ကုန်သင်တန်းငါးကြိမ်၊ လူသုံးကုန်အလှကုန်သင်တန်းငါးကြိမ်၊ ရက်ကန်းအဆင့်မြင့်သင်တန်းတစ်ကြိမ်၊ ကာလတိုစက်ချုပ်သင်တန်းတစ်ကြိမ် စုစုပေါင်း ၁၂ ကြိမ်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းများထဲမှ ၁၀ ဦးကတော့ ဓာတ်ခွဲမှုအောင်မြင်တဲ့အတွက် လူသုံးကုန်နှင့် စားသောက်ကုန်မှတ်ပုံတင်ထုတ်ပေးနိုင်ခဲ့တဲ့အပြင် ထပ်မံပြီးတော့ မှတ်ပုံတင်မယ့်လုပ်ငန်းရှင်များလည်း ရှိပါတယ်" ဟု ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းက ပြောကြားသည်။

ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ ခရစ်ယာန်ဘုရားကျောင်းဝင်း၊ အင်းတော်ကြီးဒေသ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ဌာနမှ သင်တန်းဆရာ၊ ဆရာမများ၊ ပြင်ပမှ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးခဲ့သည့်အပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ ပြည်နယ်မန်နေဂျာများက သက်ဆိုင်ရာဌာနများနှင့် ပတ်သက်သည့် သိကောင်းစရာများကိုလည်း လာရောက်ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်းကန်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာစေမည့် အသစ်တည်ဆောက်ပြီးစီးသော သမုတ်-လွတ်လွတ်တံတား၊ တနင်္သာရီတံတားနှင့် ပုလုံးတိုးတိုးတံတား

ကိုတင့်
(မြို့ပြအင်ဂျင်နီယာ)

### တိုင်းအလှတနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။ အကျယ်အဝန်းမှာ ၁၆၇၃၅ ဒသမ ၅၆ စတုရန်းမိုင် ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် မြို့နယ် ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် လူဦးရေ ၁၄ သိန်းကျော်နေထိုင်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တနင်္သာရီပင်လယ်ကမ်းရိုးတန်းအရှည် မိုင် ၅၀၀ (ကီလိုမီတာ ၈၀၀) ကျော်ရှည်လျားပြီး ကျွန်းငယ်ပေါင်း ၈၄၀ ကျော်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစုများသည် အရှေ့တောင်အာရှနှင့် အာရှတိုက်တွင် နာမည်ကျော်ကြားပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း လှပသည့်ပင်လယ်၊ ရှည်လျားသည့်ကမ်းခြေ၊ အေးချမ်းသာယာသော ကျွန်းစုများနှင့် တန်ခိုးကြီးစေတီပုထိုးများရှိသောကြောင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူများ လာရောက်လေ့လာအပန်းဖြေလည်ပတ်ကြသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

### ရေး(မလ္လွဲတောင်)-ထားဝယ်-မြိတ်-တနင်္သာရီမှသည် ကော့သောင်းဆီသို့

တနင်္သာရီတိုင်းဒေသကြီးသည် မြောက်မှတောင်သို့ ရှည်လျားပြီး အရေးပါသောပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းမကြီးသည် တိုင်းဒေသကြီးအတွင်းရှိ အရေးပါသောမြို့ကြီးများကို ဖြတ်သန်းသွားသည်။ ရေး(မလ္လွဲတောင်)မှ ထားဝယ်လမ်းပိုင်းအရှည် ၈၂ မိုင် ၅ ဖာလုံ၊ ထားဝယ်-မြိတ် လမ်းပိုင်းအရှည် ၁၄၆ မိုင် ၅ ဖာလုံနှင့် မြိတ်-ကော့သောင်းလမ်းပိုင်းမှာ ၂၇၄ မိုင် ၁ ဖာလုံရှည်လျားပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေး(မလ္လွဲတောင်မှ ကော့သောင်းအထိ လမ်းအရှည် စုစုပေါင်း ၅၀၃ မိုင် ၃ ဖာလုံရှိကြောင်း သိရှိရသည်။


### ရေး(မလ္လွဲတောင်)-ထားဝယ်-မြိတ်-တနင်္သာရီ-ကော့သောင်းလမ်း အဆင့်တိုးမြှင့် တည်ဆောက်ခြင်း

ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်း ဦးဆောင်သော လမ်းတံတားအထူးအဖွဲ့များမှ အင်ဂျင်နီယာများ၊ ခရိုင်၊ မြို့နယ်များမှ အင်ဂျင်နီယာများသည် လမ်းပိုင်းအလိုက် လမ်း/တံတားတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရှိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရေး(မလ္လွဲတောင်)-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပိုင်းတွင် ၂၄ ပေ အကျယ်နိုင်လွန်ကတ္တရာလမ်း ၁၂၉/၀ မိုင်၊ ကွန်ကရစ်လမ်း ၄၃/၀ မိုင်နှင့် ကတ္တရာလမ်း ၃၃၁/၀ မိုင်တို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းမကြီး ရေး(မလ္လွဲတောင်)-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပိုင်းကို မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းမှ ၂၄ ပေအကျယ် နှစ်လမ်းသွား ကတ္တရာကွန်ကရစ်လမ်း(နိုင်လွန်ကတ္တရာလမ်း)အဖြစ် ဆောင်ရွက်ခြင်း၊ အချို့လမ်းပိုင်းတွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ခြင်း၊ တံတားများကို လမ်းနှင့်အညီ အဆင့်မြှင့်တိုးချဲ့တည်ဆောက်ထားခြင်းကြောင့် ဒေသခံပြည်သူများနှင့် လမ်းအသုံးပြုသူများ၊ ကုန်စည်ပို့ဆောင်သူများ၊ ခရီးသွားပြည်သူများသည် ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံချောမွေ့စွာ ခရီးသွားလာ ကုန်စည်ကူးသန်းပို့ဆောင်နိုင်ကြပြီဖြစ်ပါသည်။

### ပြည်သူအတွက်အကျိုးများ သမုတ်-လွတ်လွတ်တံတား

သမုတ်-လွတ်လွတ်တံတားသည် အာဆီယံလမ်းမကြီး (AH-112) ဖြတ်သည့် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-တနင်္သာရီ-ကော့သောင်းလမ်း(ထားဝယ်-မြိတ်လမ်းပိုင်း) ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည်။ မြိတ်မြို့နှင့် ပုလောမြို့ကို ဆက်သွယ်ပေးထားသော တံတားတစ်စင်း ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ဆောက်ရန်ကျန်ရှိနေသည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း သိရှိရသည်။




တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တံတားများတည်နေရာပြပုံ။

**သမုတ်-လွတ်လွတ်တံတားပေါ်က ဖြတ်သန်းသွားမည်ဆိုပါက ခရီးလမ်း ၁၄/၀ မိုင်သာရှိပြီး ၁၁/၀ မိုင် လျော့နည်းသွားသဖြင့် ယာဉ်မောင်းချိန် ၄၅ မိနစ်ခန့် သက်သာစွာဖြင့် သွားလာနိုင်မည်၊ ၎င်းအပြင် သမုတ်ဘက်ကမ်းရှိ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်း ၁၂ ရွာမှ ပြည်သူ ၁၂၀၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများဖြင့် မြိတ်မြို့သို့သွားလာရာတွင် သမုတ်-လွတ်လွတ် တံတားကြီးမှ ဖြတ်သန်း၍ အချိန်တိုအတွင်း သွားလာနိုင်တော့မည်။**

သမုတ်-လွတ်လွတ်တံတားသည် ၁၂၈၇ ပေ ရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းတစ်ဖက်သုံးပေစီပါရှိသည့် နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ် 1.5 Ø Bore Pile၊ တံတားကိုယ်ထည်၊ တံတားတိုင်များမှာ သံကူကွန်ကရစ်(RC-Concrete) များဖြစ်သည်။ တံတားအပေါ်ထည် (Super Structure) မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ(P.C Girder) သေတ္တာပုံသံမဏိရက်မ(Steel Box Girder)နှင့် သံကူကွန်ကရစ်ကြမ်းခင်း (R.C Decking)များဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ် အကျယ် ၁၆၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေ ရှိသည်။ တံတားခံနိုင်ဝန်မှာ AASHTO HS.25 Load Class (ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်) ဖြစ်ကြောင်း သိရှိရပါသည်။

သမုတ်-လွတ်လွတ်တံတားစီမံကိန်း တန်ဖိုးမှာ ကျပ်သန်း ၁၁၈၀၀ ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် တံတားစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တံတားစီမံကိန်းပြီးစီး၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း ဦးဆောင်သော တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ အင်ဂျင်နီယာများနှင့် ကာယ/ဉာဏ ဝန်ထမ်းများက တည်ဆောက်နေခြင်းဖြစ်ပါသည်။

သမုတ်-လွတ်လွတ်တံတား တည်ဆောက်ခြင်းမပြုမီ မြိတ်မြို့မှ ထားဝယ်မြို့သို့သွားမည်ဆိုပါက သမုတ်မြစ် ရှောင်ကွင်းလမ်းမှ ပတ်သွားနေရပြီး နေ့စဉ်ယာဉ်စီးရေ ၂၅၀ မှ ၄၅၀ အတွင်း ဖြတ်သန်းသွားလာလျက်ရှိပါသည်။ ရှောင်ကွင်းလမ်းသည် ၂၅ မိုင်ရှည်လျားပါသည်။ သမုတ်-လွတ်လွတ်တံတားပေါ်က ဖြတ်သန်းသွားမည်ဆိုပါက ခရီးလမ်း ၁၄/၀ မိုင်သာရှိပြီး ၁၁/၀ မိုင် လျော့နည်းသွားသဖြင့် ယာဉ်မောင်းချိန် ၄၅ မိနစ်ခန့် သက်သာစွာဖြင့် သွားလာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် သမုတ်ဘက်ကမ်းရှိ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်း ၁၂ ရွာမှ ပြည်သူ ၁၂၀၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများဖြင့် မြိတ်မြို့သို့ သွားလာရာတွင် သမုတ်-လွတ်လွတ်တံတားကြီးမှဖြတ်သန်း၍ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ပါသည်။

သမုတ်-လွတ်လွတ်တံတားကြီးသည် အာဆီယံလမ်းမကြီး AH 112 နှင့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေခြင်း၊ မြိတ်ဒေသနှင့် ပုလောပလောက်ဒေသများမှ အများပြည်သူများ လူမှုစီးပွားတိုးတက်လာပြီး လွယ်ကူစွာကူးသန်းသွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်သည်။

### လှပခံ့ညား တနင်္သာရီတံတား

တနင်္သာရီတံတားသည် အာဆီယံလမ်းမကြီး AH 112 ဖြစ်သည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးနှင့် မြိတ်-တနင်္သာရီ-မောတောင် နယ်စပ်ကုန်သွယ်ရေးလမ်းပေါ်တွင် တည်ရှိသည်။ တနင်္သာရီမြို့အနီး တနင်္သာရီမြစ်ပေါ်တွင် ဖြတ်သန်းတည်ဆောက်ထားသည်။ မူလဘေလီတံတားမှာ ပေ ၁၃၆၀ ရှည်ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ သို့❖



လှပစွာမြင်တွေ့ရသော သမုတ်-လွတ်လွတ်တံတားနှင့် သမုတ်မြစ်။




တည်ဆောက်ပြီး တနင်္သာရီတံတားကို မြင်တွေ့ရစဉ်။

❖ စာမျက်နှာ ၂၂ မှ
ဘေလီတံတားဟောင်းမှာ တစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ နေ့စဉ် ယာဉ်စီးရေ ၃၀၀ မှ ၄၀၀ အတွင်း ၁၈ တန်အောက် ကားများသာ ဖြတ်သန်းအသုံးပြုနိုင်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုမပြုနိုင်ခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။

တနသ်ာရီတံတားအရှည်မှာ ၁၄၄၄ ပေ ရှိပါသည်။ တံတားအမျိုးအစား အောက်ခံအုတ်မြစ် 1.5 Ø Bored Pile ဖြစ်ပြီး တံတားကိုယ်ထည်၊ တံတားတိုင်များမှာ သံကူကွန်ကရစ် (RC–Concrete) ဖြစ်သည်။ တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ (RC–Girder) ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ(PC–Girder)၊ သေတ္တာပုံသံမဏိရက်မ(Steel Box Girder)နှင့် သံကူကွန်ကရစ်ကြမ်းခင်း(RC Decking)ဖြစ်ကြောင်း သိရှိရပါသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီ နှစ်ဖက်ပါဝင်ပါသည်။

ရေလမ်းကင်းလွတ် အကျယ် ၁၆၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၃၃ ပေရှိပြီး တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်(Load Class = AASHTO HS 25) ဖြစ်ပါသည်။ တနသ်ာရီတံတား စီမံကိန်း တန်ဖိုးမှာ ကျပ်သန်း ၁၂၆၀၀ ဖြစ်ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တံတားကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၄) မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း ဦးဆောင်သော အင်ဂျင်နီယာများနှင့် ကာယ/ဉာဏ ကျွမ်းကျင်ဝန်ထမ်းများက ၁–၈–၂၀၁၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၃၁–၅–၂၀၂၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

ကုန်တင်ယာဉ်ကြီးများသည် တနသ်ာရီတံတားသစ်ကြီးမှ ဖြတ်သန်း၍ မြိတ်–တနသ်ာရီ– မော်တောင်လမ်းမှ ထိုင်း–မြန်မာနယ်စပ်ရှိ မော်တောင်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ကုန်စည်များ လွယ်ကူစွာပို့ဆောင်နိုင်တော့မည် ဖြစ်ပါသည်။ တနသ်ာရီတံတားသစ်ကြီးကြောင့် လမ်းပန်းဆက်သွယ်ရေးပိုမိုချောမွေ့လာပြီး မြန်မာ–ထိုင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ကာ တနသ်ာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

**ပင်လယ်ပြင်ဖြတ်တည်ဆောက်ထားသော ပုလုံးတုံးတုံးတံတား**

ပုလုံးတုံးတုံးကျွန်းသည် ကော့သောင်းမြို့မှ လေးမိုင်ခန့် ကွာဝေး၍ ကျွန်းပေါ်တွင် ပုလုံးတုံးတုံးရွာ တည်ရှိပြီး အိမ်ခြေ ၆၀၀ ကျော်၊ လူဦးရေ ၂၀၀၀ ကျော်ရှိသည့် ပင်လယ်ကျေးရွာလေးဖြစ်သည်။ ပုလုံးတုံးတုံးတံတားသည် ယခင်က သစ်သားတံတားဖြစ်သည်။ ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် နိုင်ငံတော်၏ ရည်မှန်းချက်များအရ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၆–၁၂–၂၀၀၄ ရက်နေ့တွင် ပုလုံးတုံးတုံးသစ်သားတံတားကို တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။ ၂၆–၁၂–၂၀၀၄ ရက်နေ့တွင် သဘာဝဘေးအန္တရာယ် ပင်လယ်ပြင် ဆူနာမီဒဏ်ကြောင့် သစ်သားတံတား ပျက်စီးသွားခဲ့သည်။ နိုင်ငံတော်၏ အားဖြည့်ပံ့ပိုးမှုများ၊ ဒေသခံပြည်သူများ၏ ကြံ့ခိုင်သော စိတ်ဓာတ်ခွန်အားများကြောင့် တံတားကြီးကို ဒုတိယအကြိမ် ပြန်လည်တည်ဆောက်ခဲ့ရာ ၂၃–၃–၂၀၀၅ ရက်နေ့တွင် တည်ဆောက်ပြီး ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ ပုလုံးတုံးတုံးသစ်သားတံတားကြီးမှာ ပင်လယ်အတွင်းဖြစ်၍ သစ်သားတိုင်များ မကြာခဏဆွေးမြည့်ယိုယွင်းခြင်း၊ ဒီပိုးစားခြင်းများကြောင့် သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များ အစားထိုးမွမ်းမံခြင်းနှင့် သစ်သားကြမ်းခင်းများ အစားထိုးလဲလှယ်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရမှ ပြည်သူများ၏ လူမှုရေး၊ စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သည်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သည် ပုလုံးတုံးတုံးတံတားကြီးကို အခိုင်အမာ ကွန်ကရစ်တံတားကြီးအဖြစ် ၁–၈–၂၀၁၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပါသည်။

**ပုလုံးတုံးတုံးတံတားနှင့်ပတ်သက်သည့် အချက်အလက်များ**

ပုလုံးတုံးတုံးတံတားသည် ကော့သောင်းဘက်ကမ်းမှ ပင်လယ်ပြင်ကိုဖြတ်၍ ပုလုံးတုံးတုံးကျွန်းနှင့် ဆက်သွယ်ထားပြီး တံတားအရှည် ပေ ၂၄၀၀ ရှိပါသည်။ တံတားခန်းဖွင့်များမှာ အလယ်တွင် ပေ ၉၀ အကျယ် အခန်း ၂၄ ခန်းနှင့် ဘေးနှစ်ဖက်တွင် ပေ ၆၀ အကျယ်အခန်း နှစ်ခန်းစီ ပါဝင်ပြီး စုစုပေါင်း တံတားခန်းဖွင့် ၂၈ ခန်း ရှိပါသည်။ တံတားအမျိုးအစားမှာ ကွန်ကရစ်ပိုင်တိုင် အုတ်မြစ် (1.5 Ø Bored Pile)၊ တံတားကိုယ်ထည် သံကူကွန်ကရစ်(RC–Concrete)၊ တံတားအပေါ်ထည် သံကူကွန်ကရစ်ရက်မ(RC Girder)၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ(PC.Girder)၊ သံကူကွန်ကရစ် ကြမ်းခင်း (RC.Decking)များဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၅ ပေ ၆ လက်မရှိပြီး ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀ နှင့် ရေလမ်းကင်းလွတ်အမြင့် သုံးပေ ရှိသည်။ ခွင့်ပြုယာဉ်အလေးချိန် ယာဉ်တစ်စီးချင်း အလေးချိန် ၇၅ တန် (Load Class= AASHTO. HS 25) ရှိပါသည်။ တံတားကြီး၏ စီမံကိန်း တန်ဖိုးမှာ ကျပ်သန်း ၁၃၄၄၀ ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် ၁–၈–၂၀၁၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း တံတားတည်ဆောက် ပြီးစီးကြောင်း သိရှိရသည်။ ပုလုံးတုံးတုံးတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၄)မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း ဦးဆောင်သော အင်ဂျင်နီယာများ၊ ကာယ/ဉာဏ ကျွမ်းကျင်လုပ်သားများနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**အကျိုးကျေးဇူးများ ပုလုံးတုံးတုံးတံတား**


ပုလုံးတုံးတုံးတံတားသည် ပင်လယ်ပြင်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းကြောင့် အလွန်သာယာလှပပါသည်။ ကော့သောင်းမြို့နယ်တွင် လူဦးရေပေါင်း ၃၀၀၀၀ ကျော် နေထိုင်ကြသည်။ ပုလုံးတုံးတုံးတံတားပေါ်မှ ဆိုင်ကယ်အစီး ၃၇၀၊ သုံးဘီး ၅၅ စီး၊ ယာဉ်ငယ် ၂၁ စီးခန့် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည်။ ပုလုံးတုံးတုံးကျွန်းပေါ်နေထိုင်သော ဒေသခံပြည်သူများသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည်။ မကြာမီ တံတားကြီးဖွင့်လှစ်ပြီးပါက ပုလုံးတုံးတုံးကျေးရွာမှ ကော့သောင်းမြို့သို့ ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် လျင်မြန်လွယ်ကူလာမည် ဖြစ်ပါသည်။ ပုလုံးတုံးတုံးကျွန်းကမ်းခြေတွင် အပန်းဖြေနားနေရန်၊ ပုလုံးတုံးတုံးကျွန်းပေါ်ရှိ ဒေသခံပြည်သူများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာနိုင်ရန်နှင့် ဒေသထွက်ပစ္စည်းများ ဝယ်ယူနိုင်ရန်တို့အတွက် မြန်မာပြည်အရပ်ရပ်ရှိ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်မည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ ကော့သောင်းမြို့နယ် ပတ်ဝန်းကျင်ဒေသများဖြစ်သော ပုလုံးတုံးတုံးကျွန်း၊ သူဌေးကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ပုလဲကျွန်း၊ အသည်းပုံကျွန်း စသည့် ပင်လယ်ထဲမှ လှပသောကျွန်းများသို့ ခရီးသွားအပန်းဖြေ လေ့လာနိုင်ခြင်း၊ ကော့သောင်းဒေသ ပတ်ဝန်းကျင်ရှိ လယ်ယာထွက်ကုန်နှင့် ရေလုပ်ငန်းထွက်ကုန် ပစ္စည်းများကို မြန်မာ–ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းများသို့ အလွယ်တကူပို့ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။ တနသ်ာရီတိုင်းဒေသကြီးအတွင်း အဓိကအရေးပါသော တံတားကြီးများဖြစ်သည့် သမုတ်–လွှတ်လွှတ်တံတား၊ တနသ်ာရီတံတားနှင့် ပုလုံးတုံးတုံးတံတားများ တည်ဆောက်ပေးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလာရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် တနသ်ာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



တည်ဆောက်ပြီး ပုလုံးတုံးတုံးတံတား တွေ့ရစဉ်။



ပုလုံးတုံးတုံးတံတား တည်နေရာပြပုံ။



တံတားတည်ဆောက်ပြီးစီးပါက အသုံးပြုဆဲ ရှောင်ကွင်းလမ်းထက် (၁၁)မိုင် (ယာဉ်မောင်းချိန် - ၄၅ မိနစ်ခန့်) သက်သာစွာဖြင့် သွားလာနိုင်မည်ဖြစ်ပါသည်။

သမုတ်–လွှတ်လွှတ်တံတား တည်နေရာပြပုံ။



တနသ်ာရီတံတား တည်နေရာပြပုံ။


လှပခံ့ညားစွာမြင်တွေ့ရသော ပုလုံးတုံးတုံးတံတားနှင့် ပုလုံးတုံးတုံးကျွန်း။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကိုရီးယားဆရာတော်နှင့် တိုင်းရင်းဆေးမိသားစု အလှူငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကိုရီးယားဆရာတော်နှင့် တိုင်းရင်းဆေးမိသားစုက အလှူငွေများကို လာရောက်ပေးအပ်လှူဒါန်းသည်။

ဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ (ကိုရီးယားဆရာတော်)က ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသော ဒါယကာ ဒါယိကာမတို့၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းရခြင်းအကြောင်းကို မိန့်ကြားသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ(ကိုရီးယားဆရာတော်)က ငွေကျပ် သိန်း ၅၀၊ ဦးကြည်စိုး-ဒေါ်ငွေငွေရီ(ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် သိန်း ၂၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ်သိန်း ၅၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ဦးမောင်မောင်ဦးနှင့်မိသားစု (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၅၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဒေါက်တာထွန်းမြင့်က "ယခုကာလဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနှုန်းမြင့်တက်လာချိန်ဖြစ်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုတွေကို မလစ်ဟင်းရအောင် အစွမ်းကုန်ကြိုးစားနေပါတယ်။ ပြည်သူများကလည်း ပူးပေါင်းပါဝင်လာတဲ့အတွက် မကြာမီအချိန်အတွင်းမှာ ကူးစက်မှုလျော့ကျသွားတော့မယ်လို့ ယုံကြည်ပါတယ်။ အခုလို စေတနာရှင်တွေ လှူဒါန်းသည့်ကျပ်သိန်း ၄၅၀ နဲ့ ကျန်းမာရေးသုံးပစ္စည်းများကို ပံ့ပိုးထောက်ပံ့လှူဒါန်းပေးကြတဲ့အတွက် အလှူရှင်များကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**ကိုငွေး**



## အရေးပေါ်လူနာများအတွက် ကိုဗစ်-၁၉ Critical Care Unit - ရောဝတီစင်တာ တည်ဆောက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**
ရောဝတီဖောင်ဒေးရှင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး၏ ကြီးကြပ်မှုတို့ဖြင့် ကိုဗစ်-၁၉ အရေးပေါ်လူနာများကို အနီးကပ်ကြပ်မတ်ကုသပေးနိုင်မည့် Critical Care Unit – ရောဝတီစင်တာကို သုဝဏ္ဏအားကစားကွင်း၌ တည်ဆောက်လျက်ရှိသည်။



ရောဝတီဖောင်ဒေးရှင်းက Intensive Care Unit (ICU) ခုတင် ၂၀ နှင့် High Dependency Unit (HDU) ၅၅ ခုတင်ပါဝင်သော COVID–19 Critical Care Unit –ရောဝတီစင်တာကို အမြန်ဆုံးတည်ဆောက်ပေးနေခြင်းဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုကွင်းတွင်လည်း ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရောဝတီစင်တာ တည်ဆောက်ထားပြီး ၄၂၅ ခုတင်နှင့် ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်း ၁၅၀ နေထိုင်ရန် အဆောင်များပါရှိကြောင်း သိရသည်။

ယခု COVID–19 Critical Care Unit – ရောဝတီစင်တာပြီးစီးပါက စုစုပေါင်း ခုတင် (၅၀၀) ဆံ့ ကုသရေးစင်တာ ဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်း ၂၅၀ အထိ တိုးမြှင့်ထားရှိနိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရောဝတီစင်တာတွင် ရောဂါကုသမှုခံယူနေသည့် ကိုဗစ်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေ့စဉ်စားသောက် နေထိုင်ရေးကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ကိုမိုး**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်

**ကျောက်ဖြူ စက်တင်ဘာ ၂၁**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး စက်တင်ဘာ ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစု မိသားစုများစုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် Positive Isolation Room အတွက် အလှူငွေကျပ် လေးသိန်း၊ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်နေသူများအတွက် စားစရိတ်အဖြစ် ငွေကျပ် ခြောက်သိန်း၊ လေးဝတီလူမှုကူညီရေးဖောင်ဒေးရှင်းအဖွဲ့သို့ ငွေကျပ် သုံးသိန်းနှင့် ကျောက်ဖြူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့သို့ ငွေကျပ် သုံးသိန်း စုစုပေါင်းအလှူငွေကျပ် ၁၆ သိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## (၇၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၁**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းဝင်းနှင့်အဖွဲ့ ဦးစီး၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ဖွဲ့ခွဲ၊ ဘားအံခရိုင်ရဲတပ်ဖွဲ့နှင့် အမှတ်(၁၀)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲတို့မှ အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၄၀၊ စာရေးဝန်ထမ်းနှစ်ဦး၊ မိသားစုဝင်နှစ်ဦး စုစုပေါင်း ၄၄ ဦးသည် ယနေ့ နံနက် ၇ နာရီက ဘားအံပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြရာ ဘားအံပြည်သူ့ဆေးရုံအုပ်ကြီးက လှူဒါန်းသည့် သွေးအိတ်များကို လက်ခံခဲ့သည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ဆေးရုံအုပ်ကြီးတို့က သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအား အာဟာရဖြည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## ဖြူးမြို့ ခုတင် (၁၀၀) ဆေးရုံ၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း သွေးလှူဒါန်း

**ဖြူး စက်တင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ဖြူးမြို့မ၊ ညောင်ပင်သာ၊ ကညွတ်ကွင်း၊ ဇေယျဝတီနယ်မြေရဲစခန်းများနှင့် အုတ်ဖြတ်ရဲကင်းရဲစခန်းတို့မှ အရာရှိ သုံးဦး၊ အခြားအဆင့် ၂၂ ဦးတို့သည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက ဖြူးမြို့ ခုတင် (၁၀၀) ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်ငြိမ်း၊ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်လင်းတို့က ကြည့်ရှုအားပေးခဲ့ကာ အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## အခြေခံအိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြို့နယ်အသီးသီး၌ ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော်**
နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်က ပေးအပ်သည့် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၀ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၅၃၅၄၂ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၀၈၄၀၀၀၀ ကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက အိမ်ထောင်စုများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဟိုပုံး**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ပေးအပ်သည့် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဟိုပုံးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၄၅၃၇ စုအတွက် ထောက်ပံ့ငွေကျပ် ၉၀၇၄၀၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေပြည်တော်**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ တားဆီးရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရ၏ တတိယအကြိမ်မြောက် ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၉ ရက်က ပေးအပ်ခဲ့ရာ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၂၃၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၀၄၆၄၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**










## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ဗောဓိကမ်းတံတား၊ မြိတ်မြို့နယ်၊ မင်းသန်း-မောင်းလှော်ကျေးလက်လမ်းပေါ်ရှိ မင်းသန်း-မောင်းလှော်တံတား၊ ထားဝယ်-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတား၊ ထားဝယ်မြို့ရှောင်လမ်းပေါ်ရှိ ပေါက်တိုင်းချောင်းတံတား တည်ဆောက်ခြင်းတို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ/ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ သယ်ပို့ခြင်း၊ စက်/ယာဉ်များ ငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

**၂။ Coronavirus Diease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။**

**ဝယ်ယူမည့်ပစ္စည်းများ** - Ready Mixed Concrete, M.S Rod(A/S), J/Wood, 5 Ply Wood (8'x4'), Welding Rod(5kg), Bentonite Grade(A), Carbide Tipped Drilling Bit, Admixture (Type-G/F), Binding Wire (18G), Wire Nail (A/S), Oxygen,2.3mm thick Thin Sheet, 10mm thick M.S Plate (5'x20'), Anti Corrosion Paint For Reinforcing Steel Bar and Steel Cassion, PC Strand Wire, Elstomeric Bearing 300mmx500mmx60mm,13mm Strand Barrel (Anchor Head) and 13mm Strand Wedge (Working Wedge), Cement, Chipping, River Sand,H.S.D

**သယ်ယူပို့ဆောင်ရေးပစ္စည်းများ** - သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ သယ်ပို့ခြင်း

**ငှားရမ်းမည့် စက်/ယာဉ်များ** - Z-Craft, Ton 1200 Barge, တွန်းသင်္ဘော

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို (၂၃-၉-၂၀၂၀)မှ (၂၀-၁၀-၂၀၂၀)အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးအဖွဲ့ (၄) ရုံး၊ ဘုရင့်နောင်တံတားအမှတ်(၂) ရန်ကုန်မြို့ (ဖုန်း-၀၉-၄၂၂၄၈၆၀၈၇)၊ မင်းသန်း-မောင်းလှော်တံတားစီမံကိန်း၊ မြိတ်မြို့ (ဖုန်း-၀၉-၂၆၃၈၉၉၅၆၂၊ ၀၉-၇၉၅၈၈၄၄၂၇)နှင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ (ဖုန်း-၀၉-၄၂၂၂၁၆၁၅၃၊ ၀၉-၄၅၀၀၅၀၈၉၄)တို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၁၀-၂၀၂၀၊ နံနက် ၉:၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်မြို့။

**တင်ဒါကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ကန်လမ်း၊ ဦးကွန်းဇော်ကွန်ဒို၊ အမှတ်(၈၇) အခန်း(၂-ဘီ)နေ (ဘ) ဦးကွန်းဇော်၏ သမီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြိုင်ကြိုင်ဇော်[၁၂/လမန(နိုင်)၁၂၃၉၄၀] ကိုင်ဆောင်သူမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၃-၂၀၁၉)ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၃၃၇/၂၀၁၉ ဖြင့် (ဘ)ဦးရွှေဟုတ်၏သားဖြစ်သူ ဦးကိုဝင်း [၁၄/ကလန(နိုင်)၀၀၇၆၅၄]အား အထူးကိုယ်စားလှယ်စာလွှဲအပ်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြိုင်ကြိုင်ဇော်လွှဲအပ်သည့် လုပ်ငန်းတာဝန်များကို ဦးကိုဝင်းက ဆောင်ရွက်ပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၃၃၇/၂၀၁၉ အား ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြိုင်ကြိုင်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၄)**
**အမှတ်(၇၈)၊ ပန်းလှိုင်(၂)လမ်း၊ ဟမ်းလမ်းရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၀၀၂၈**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အမှတ်(၂၄၄)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အဦ၏ (စတုတ္ထထပ်) (၅-လွှာ)တိုက်ကို မျက်နှာမူလျှင်(ဘယ်ဘက်ခန်း)၊ ဧရိယာ(၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးထွန်းလင်းအောင် [၁၂/ဥကတ(နိုင်)၁၃၂၃၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထွန်းမင်းလတ်[၅/မမန(နိုင်)၀၉၂၁၃၆]၊ ဒေါ်ဖူးဖူးထက် [၅/မမန(နိုင်)၀၈၅၆၁၇]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းလတ်၊ ဒေါ်ဖူးဖူးထက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:-09-421157856,09-798458627**
**Level (5,6,7,8),Tower(2),HAGL Myanmar Center Tower အမှတ်(၁၉၂)၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
09-772355706
09-795669534

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၈၊ မြေကွက်အမှတ်-၆၀၀၊ ဧရိယာ(40'×60')ပေရှိ မြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စန်းမြင့် (၁၂/ကမတ(နိုင်) ၀၅၂၀၅၉) အမည်ပေါက်ပါမစ်မြေကွက်ကို မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်ဖေး (၉/မလန(နိုင်) ၀၀၉၀၇၆) ကိုင်ဆောင်သူထံမှ ပါမစ်မူရင်း၊ ဆက်စပ်စာချုပ် မူရင်းများနှင့်တကွ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်ကို (၇. ၆. ၂၀၁၉)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသဖြင့် မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| ဦးစိုးဝိုင် | ဒေါ်လဲ့လဲ့ဝင်း (LL.B) |
| ၃/ဟပတ(နိုင်)၁၁၁၁၁၁ | တရားလွှတ်တော်ရှေ့နေစဉ်-၄၃၁၄ (၃၀. ၈. ၈၈ ) |
| | အမှတ်-၉၉၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ |
| | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၁-၉-၂၀၂၀** ရက်နေ့မှ စတင်၍ **၅-၁၂-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့် နေ့ရက်အချိန်အား ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## (၈)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ရေကန်ဒါယကာကြီး
## ပါမောက္ခဒေါက်တာစောနောင်

မိသားတစ်စုလုံး၏ ချစ်ခင်၊ မြတ်နိုးအားကိုးရဆုံးသားကြီး ပါမောက္ခ ဒေါက်တာစောနောင် ကွယ်လွန်ခဲ့သည်မှာ ယနေ့ ၂၂-၉-၂၀၂၀ ရက်တွင် (၈)နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သော်လည်း အချိန်နှင့်အမျှ နမြေတသ လွမ်းဆွတ်၊ သတိရနေဆဲပါ။

ကျန်ရစ်သူ မိသားတစ်စုလုံး ပြုပြုသမျှ ဒါနကုသိုလ်အစုစုကို ပါမောက္ခ ဒေါက်တာ စောနောင်အား အမျှ၊ အမျှ၊ အမျှ ပေးဝေငပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ပါစေ။

**မိဘ-ဦးသန်းရွှေ-ဒေါ်ညွှန့်ညွှန့်** | **ညီ-ဦးမင်းရွှေ-ဒေါ်ဝင်းမြတ်စိုး**
**ဇနီး-ပါမောက္ခ Dr ရည်ရည်နိုင်** | **တူမ-မင်းအိန္ဒြေခင်**
**ဦးလေး-ဦးမောင်မောင်-Dr ခင်ဝင်းကြည်** | **တူ-မင်းစိုးသန့်(ခေတ္တ-စင်ကာပူ)**
**အဒေါ်- ဒေါ်ထွေးထွေး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သွဲ့(ခ)ဒေါ်ခင်ထွေး

"ဆန်းသစ်"ရွှေဆိုင်၊ အင်းစိန်ဈေး

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့နေ (ဦးလုံဟင်-ဒေါ်ဖုန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အမှတ်-၃၁၊ အောင်မင်္ဂလာလမ်းနေ (ဦးအုန်းညွှန့်)၏ ဇနီး၊ ဒေါ်အေးအေးသန်း၊ ဦးသန်းဝင်း၊ ဦးမြင့်စိုး၊ ဦးမြင့်ဦး-ဒေါ်အေးအေးမြတ်၊ ဦးကိုကိုအောင်-ဒေါ်တင်တင်ဝင်းတို့၏ မွေးသမိခင်၊ ဒေါက်တာမြတ်သူ၊ မောင်အောင်ဆန်းမြင့်(ခ)ဆန်းမြင့်မြတ်တို့၏ ဘွားဘွားကြီးသည် ၂၀-၉-၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်စောစော (၉၁) နှစ်**

ပါမောက္ခ(ငြိမ်း)ဒေါက်တာ စောထွန်းအောင် (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၏မိခင် ဒေါ်စောစော အသက်(၉၁)နှစ်သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

10th B.D.S.(1979) သူငယ်ချင်းများ

---

တောမှဲ့
မြေသား
ရေတိုက်
စား၏

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယိကာမကြီး

**ဒေါ်သောင်း**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ စိမ်းကိန်း(၂)၊ သံသုမာလမ်း၊ အမှတ်(၁၅)နေ (ဦးဖိုးစံ+ဒေါ်ရွှေပွင့်)တို့၏သမီး (ဦးမင်းဆွေ)၏ဇနီး(ဒေါ်ဝင်းဝင်းတင်)၊ (ဒေါ်မြင့်မြင့်ရီ)၊ (ဦးဝင်းမြင့်)၊ ဦးစန်းမြင့်ဝင်း+ဒေါ်နွယ်နွယ်ဝါတို့၏ မွေးသမိခင် ကျေးဇူးရှင် မြေး(၁၃)ယောက်၊ မြစ် (၉) ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး သည် (၁၇-၉-၂၀၂၀)(ကြာသပတေးနေ့)ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ရေဝေးသုသာန်တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကျန်ရစ်သော အရိုးပြာကို လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာတွင် ဂူသွင်းမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀ နာရီမှ ၁၀း၀၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုမောင်(၆၁)နှစ်**

**BE (Mechanical-1983)**

**ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**စက်မှု-လယ်ယာ**

နေပြည်တော်နေ ဒေါ်ခင်မြင့်ငွေ၏ခင်ပွန်း မသွင်ရှင်းသန့် မောင်၏ဖခင်သူငယ်ချင်း ဦးကိုကိုမောင်သည် ၁၉-၉-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၈၀-၈၃ စက်မှုကျောင်းနေဖက်**
**သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်စိန်**
**အသက်(၇၃)နှစ်**
**ဌာနစုမှူး(ငြိမ်း) သမဝါယမဦးစီးဌာန၊**
**ကြံတိုင်းအောင်အဝေးပြေးဂိတ်မှူးဟောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နေ၊ (ဦးအီတော-ဒေါ်ကျင်ဟုတ်)တို့၏ သား၊ ဒေါ်ခင်စီ၏ခင်ပွန်း ဒေါ်အေးသိမ့်သူ၏ဖခင်၊ မသွန်းရွှေရည်ထွန်း၊ မောင်ကောင်းခန့်မင်းတို့၏ အဘိုး၊ မောင်နှမ(၁၁)ယောက်တို့၏အစ်ကို၊ ညီတော်စပ်သူ ဦးတင်စိန်သည် ၂၁-၉-၂၀၂၀ရက် နံနက် ၅:၄၅ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ကြောင်း ရပ်နီး၊ ရပ်ဝေးမိတ်ဆွေများနှင့် ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုငွေဇော် (Star High, Energy Fuel station) အသက်(၆၀) သည် ၁၉-၉-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**English Major (1981 Batch)**
**မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်ဂေါက်ကွင်း၊ 3G အဖွဲ့၏ အသင်းသား ဦးခင်မောင်ဦး (ရွှေဘိစားသောက်ဆိုင်)သည် ၁၈-၉-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**3G Group၊ ရန်ကုန်ဂေါက်ကွင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဦး
## (အထက-၁၊ လမ်းမတော်-၁၉၇၆ စိန့်ဂျွန်းကျောင်းသားဟောင်း)
## ရွှေဘိစားသောက်ဆိုင်များလုပ်ငန်းပိုင်ရှင်
## အသက်(၆၁)နှစ်

၁၈-၉-၂၀၂၀ ရက်နေ့ နံနက် ၁:၃၀နာရီတွင် သူငယ်ချင်း ခင်မောင်ဦးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(JICA)တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ၁၉၇၆ စိန့်ဂျွန်းကျောင်းသားဟောင်းများ၊ ဆရာ/ဆရာမများအနေဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၆-ခုနှစ်၊ စိန့်ဂျွန်းကျောင်းသားဟောင်းများနှင့် ဆရာ/ဆရာမများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဦး
## (ရွှေဘိစားသောက်ဆိုင်များပိုင်ရှင်)
## စိန့်ဂျွန်းကျောင်းသားဟောင်း
## အသက်(၆၁)နှစ်

စိန့်ဂျွန်းကျောင်းသားဟောင်း ဦးခင်မောင်ဦး(ရွှေဘိစားသောက်ဆိုင်များပိုင်ရှင်) သည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိရောက်ပါစေ။

**OLD JOHNIANS ASSOCIATION(OJA)**
**စိန့်ဂျွန်းဒိုင်အိုစီဇင်ယောက်ျားလေးကျောင်း(အထက-၁ လမတ)**
**ကျောင်းသားဟောင်းအသင်း**

---

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၈၃)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်မှ(၂၆)ရက်အထိ
နေပြည်တော်
(Online Video Conferencing ဖြင့်ကျင်းပပြုလုပ်မည်)

ကမ္ဘာ့အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှုနဲ့အတူ
ဆက်လက်
ဆောင်ရွက်စို့

## ဦးကျော်သန်း(ပေါင်းတည်)

**စက်မှုလက်မှုအထက်တန်းကျောင်း၊ နတ်မောက်**
**ဌာနမှူး-မော်တော်ယာဉ်**

**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် (၇၇)၊ ပထမထပ်(ယာ)နေ (ဦးဖိုးသဲ-ဒေါ်မြင့်)တို့၏ သား၊ (ဒေါ်မြင့်မြင့်ခင်)၏ ခင်ပွန်း၊ ဒေါ်သဇင်ဦး (Hitachi Soe Electric & Machinery Co., Ltd.)၊ ဒေါ်ကေခိုင်ကျော်၊ ဦးလင်းအောင်သူ (ခေတ္တ-USA)-ဒေါ်ကေခိုင် (ခေတ္တ-USA) တို့၏ ချစ်လှစွာသောဖခင်၊ မနှင်းအေးဝင့်၊ မောင်ဥက္ကါသူ(ခေတ္တ-USA) တို့၏ ချစ်လှ စွာသောအဘိုးသည် ၂၁-၉-၂၀၂၀ ရက် နံနက် ၁၀:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်ဝင်း

**အသက်(၈၁)နှစ်**

ကသာမြို့နေ (ရှေ့နေကြီး ဦးအုန်းဘေ-ဒေါ်ဇင်)တို့၏ မြေး၊ (ဦးချစ်ဆွေ-ဒေါ်စန်းရီ)တို့၏ သမီးကြီး၊ ဗိုလ်မှူးကျော်ဇောဦး(ငြိမ်း)-ဒေါ်သီတာဝင်း၊ (ကိုကျော်ဇောထူး)၊ ဦးကျော်ဇောမှူး-ဒေါ်ခင်ဆွေဦး၊ ဦးကျော်ဇောမျိုး၊ ဗိုလ်မှူးကျော်ဇောမိုး (ငြိမ်း)-ဗိုလ်မှူး ဝင်းပပတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘွားသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ် (၂၅၂/၁၁)၊ ရွှေဥဩလမ်း၊ ရွှေပြည်စိုးအိမ်ရာနေ ဒေါ်ကြည်ကြည်ဝင်းသည် ၁၉-၉-၂၀၂၀ ရက် ညနေ ၆:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၉-၂၀၂၀(သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းဌွေး (လက်ပံတန်း)

**B.A (History)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စည်ပင်သာယာရေးဦးစီးဌာန**

**အသက် (၇၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နေ (ဦးသောင်း-ဒေါ်ညို) တို့၏ သမီး၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက်နေ (ဦးမောင်လှ-ဒေါ်သိန်းဟန်)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)၊ ဒေါ်မြင့်ခိုင်၊ ဦးကျော်ကျော်-(ဒေါ်သန်းအေး)တို့၏ ညီမ၊ ဒေါ်ဝေဝေဖြိုး (မန်နေဂျာ၊ ငွေစာရင်းဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ နေပြည်တော်)၊ ဒေါ်တိုးတိုးအောင် (ဒု-ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့)တို့၏ မွေးသမိခင်၊ တူ/တူမ ၁၂ ယောက်တို့၏ အဒေါ်၊ [ဦးဇော်ဝင်း (သာယာဝတီ၊ LL.B ဦးစီးအရာရှိ-ငြိမ်း၊ ထွေ/အုပ်ဦးစီးဌာန)]၏ ချစ်လှစွာသောဇနီးသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ် (၁၆၂)၊ သခင်မြလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်တင်(မြိတ်) အသက်(၉၀)**
**ဒေါ်ရှုဟုန်(မြိတ်) အသက်(၉၀)**

ဦးမြင့်သန်း (ဒုဥက္ကဋ္ဌ-ပဲနွယ်ကုန်းအသင်း)-ဒေါက်တာတင်တင်လတ်တို့၏ ဖခင် ဦးစိန်တင်သည် ၁၆-၉-၂၀၂၀ ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်ရှုဟုန်သည် ၁၅-၉-၂၀၂၀ ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲနွယ်ကုန်းအသင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဆန်နီ (သန်လျင်)

**တပ်မတော်(ရေ)ငြိမ်း**

**အသက် (၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကျိုက်ဒေးယျုံလမ်း၊ အမှတ်(၉) နေ (ဒေါ်ခင်သန်း)၏ ခင်ပွန်း၊ ဦးစောဝင်း-ဒေါ်ခင်ဆန်းမြင့်၊ ဦးခင်မောင်သန်း-ဒေါ်ရီရီလွင်၊ ဒေါ်နီလာခင်၊ ဦးဟန်ဌေး-ဒေါ်ဇာနီခင်၊ ဦးမျိုးသော်ခိုင်-ဒေါ်ဇင်မာခင်၊ (ဦးဇော်ခင်)-ဒေါ်မြမြမော်၊ (ဦးဇော်လင်း)-ဒေါ်ပုလဲခင်၊ ဦးညီညီစိုး-ဒေါ်စပါယ်ခင် တို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၀-၉-၂၀၂၀ ရက် ညနေ ၅ :၃၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းဇေ (နမ္မတူ)

**အသက်(၈၅)နှစ်**

နမ္မတူမြို့နေ (ဦးကျင်ပေါင်း-ဒေါ်နု)တို့၏ သမီး၊ မစိန်မြို့နေ (ဦးဘိုးနီ-ဒေါ်ဒေါ်ထွေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ(ဦးဇမောင်)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါက်တာစန်းစန်းဝင်း၊ ဒေါက်တာသန်းအောင်စိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါက်တာဆွေဆွေဝင်း (ဌေးတွဲဖက်ပါမောက္ခ-ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဦးမျိုးသန့်-ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်ဝင်းမမတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ : ၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်

**ဓာတု(၉) အထည်စက်ရုံ(ငြိမ်း)**

**အသက် (၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ၂/၂ တိုးချဲ့ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၁၂၈)နေ (ဦးသာဒေါင်း-ဒေါ်အေးရီ)တို့၏ သမီး၊ (ဦးထွန်းရင်-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ [ဦးမြင့်စိုး (ဆသတ-၁၊ ငြိမ်း)]၏ ဇနီး၊ ဒေါ်မြင့်မြင့်စိုး-ဒုမှူးကြီးမင်းနိုင်(ရေ) (ငြိမ်း)၊ ဦးမောင်မောင်စိုး-ဒေါ်ခင်ထွေးရီ၊ ဒေါ်အေးအေးစိုး-ဦးဝင်းကို၊ ဦးညီညီစိုး-ဒေါ်စန်းစန်းကြည်၊ ဒေါ်ခင်ခင်စိုး-ဦးကျော်မင်း တို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ခင်သည် ၂၀-၉-၂၀၂၀ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း

၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းသိန်း (အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ နာရေးကိစ္စအားလုံးအား အစစအရာရာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြပါသော ဦးကျော်ဆန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း)နှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ John Lwin CEO (STARS EVENT PRODUCTION)တို့နှင့် ဆွေမျိုးမိတ်ဆွေများအားလုံး ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**NO-134/A**
**နေသိဒ္ဓိလမ်း၊ သုဝဏ္ဏ**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော်**

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

**(သ-စ-သ-အ ဓမ္မာစရိယ)(ရွှေဦး)**

**သိက္ခာတော် (၃၈)ဝါ၊ သက်တော် (၅၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ပုလဲလမ်း၊ မစိုးရိမ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ မထေရ်မြတ်သည် ၂၁-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် သံဃာများနှင့် ဆွေမျိုး၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

မစိုးရိမ်နာယကအဖွဲ့(မြောက်ဒဂုံ)

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးသန့်အောင်ကျော် (ခ) ကိုစီတုန်း

**(B.A-Myanmar)**

**အသက် (၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးမြင့်-ဒေါ်အုန်း)၊ ယခင် စင်ဘန်တင်းမုန့်တိုက်၊ မွန်ပြည်နယ်၊ စစ်တောင်းမြို့နေ (ဦးရန်နား-ဒေါ်အေးနွယ်)တို့၏ မြေး၊ ပဲခူးမြို့၊ အမှတ် (၅)၊ မင်းလမ်းနေ ဦးကျော်ဝင်း(ခ)ဦးရီရှမ်း-ဒေါ်မြမြမိုးတို့၏ သားငယ်၊ (ဦးမန်းလေး-ဒေါ်လုံးခင်)တို့၏ သားသမက်၊ ကိုမျိုးဆွေကျော်၏ ညီ၊ ကိုဆန်းလင်း-မမြဝတ်ရည်ကျော် (မိုးမုန့်တိုက်)တို့၏ အစ်ကို၊ မကြည်စင်လင်းလဲ့ကျော်၊ မကြည်ချိုအေးမြကျော်၊ မကြည်ချိုမွှေးမြကျော်တို့၏ ဘကြီး၊ မောင်ထက်ကျော်ရဲ (ခေတ္တ-စင်ကာပူ)၊ မအိမ့်သက်မှူးကျော် (စတုတ္ထနှစ်၊ အင်္ဂလိပ်စာ၊ ပဲခူးတက္ကသိုလ်)၊ မောင်ဘုန်းပြည့်လျှံကျော် (ပထမနှစ်၊ သတ္တဗေဒ၊ ပဲခူးတက္ကသိုလ်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အိအိခင်၏ ချစ်လှစွာသောခင်ပွန်း ဦးသန့်အောင်ကျော်(ခ)ကိုစီတုန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) ည ၉ နာရီတွင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၀ (စနေနေ့)တွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ ကောင်းမွန်စွာဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

## ဦးလှတင့် (၇၈)နှစ်

**မြို့မကျောင်းသားဟောင်း**
**(အသင်းဝင်)**

ရန်ကုန်မြို့၊ အမှတ် (၆၇)၊ မာလာမြိုင် (၃) လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်သက်သက်ရှိန်)၏ခင်ပွန်းသည် ၁၉-၉-၂၀၂၀ (စနေ့နေ) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးမြင့်ဦး (ခ) ဦးစိုးကြည်

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက် (၆)၊ အခန်း (၂၀၂)၊ ဇတောင်ရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာနေ (ဦးကြည်-ဒေါ်ရီ)တို့၏ သား၊ (ဒေါ်ကြူကြူလှိုင်)၏ ခင်ပွန်း၊ ဦးဝင်းခိုင်ဦး-ဒေါ်မိုးသူဇာ၊ ဦးဝင်းနိုင်ဦး၊ ဦးဇော်မျိုးဦး (မြန်မာနိုင်ငံသားများဘဏ်)-ဒေါ်အေးအေးမြင့် (မြန်မာနိုင်ငံသားများဘဏ်) တို့၏ ဖခင်သည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၀ ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးမျိုးမြင့်အေး

# (နတ်တလင်း)

## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City (ပဒေသာပင်မြို့တော်)၊ ငုဝါလမ်း၊ အိမ်အမှတ်(အိုင်-၂၂)နှင့် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)နေ (ဦးတိုက်အေး-ဒေါ်သန်းရည်)တို့၏ သားကြီး၊ ဒေါ်ဌေးဌေးအေး (အထပြ-ငြိမ်း၊အထက-နတ်တလင်း)၊ ဒေါက်တာဝင်းအောင်(အဖွဲ့ဝင်-အမျိုးသားပညာရေးမူဝါဒကော်မရှင်)-ဒေါ်ပြုံးပြုံးအေး(လ/ထ ကထိက-ငြိမ်း၊ လှည်းကူးပညာရေးကောလိပ်)၊ ဦးစောထွန်းအေး-ဒေါ်စန္ဒာမိုး(Ever Style-ယုဇနပလာဇာ)၊ ဦးမင်းဇော်အေး(လျှပ်စစ် အမှုန်အမျိုးမျိုး ကြိတ်ခွဲရေးလုပ်ငန်း)-(ဒေါ်ခင်သန်းဝင်း)တို့၏ အစ်ကိုကြီး၊ ဦးကျော်ဆန်း-ဒေါ်ဝေဝေလွင် (ဆရာမကြီး Mini Mart မုဒိတာ-၂)၊ (ဦးမျိုးမောင်မောင်)တို့၏ဖခင်ကြီး၊ မချမ်းမြေ့သီတာ (MD-Chan Mye Thida Co.,Ltd)၊ ကိုရဲဝင့်အောင်(ဒုလေယာဉ်မှူး-MNA)၊ ကိုမြတ်သူ(Director-Chan Mye Thida Co.,Ltd) တို့၏ ဦးလေးကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၂၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

---

## ကိုဇော်မျိုးထက် (B.A-Myanmar)

**အထက(၁)၊ လမ်းမတော်၊ စိန့်ဂျွန်းကျောင်းသားဟောင်း**
**C.K.E.Co., ဝန်ထမ်း**

**အသက် (၄၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် (၁၈)၊ လေးလွှာ(ခ)နေ ဦးတင်အောင်-ဒေါ်မြမြဝင်းတို့၏ ချစ်လှစွာသောသားကြီး၊ ဦးမြင့်မောင်ဟန်-ဒေါ်ခင်အေးမွန်တို့၏ အစ်ကိုကြီး၊ မခိုင်ဇင်သန့်၊ မောင်ကျော်ဇင်သန့်တို့၏ဘကြီး ကိုဇော်မျိုးထက်သည် ၂၀-၉-၂၀၂၀ ရက် ည ၈:၄၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စက်တင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄၆ ဦးတွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

၁။ (၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၃၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၃၇၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၁၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၁ ) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီမှ ည (၈:၀၀) နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၄၆) ဦး | (၆,၁၅၁) ဦး |
| ဆေးရုံဆင်း | (၁၈၅) ဦး | (၁,၄၄၅) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၉၈) ဦး |

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

## မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ နှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

## ကချင်အမျိုးသားကွန်ဂရက်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၁

**ကချင်အမျိုးသားကွန်ဂရက်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၂ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ကလေးမြို့နယ်ရှိ အခြေခံအိမ်ထောင်စု ၅၆၆၄၈ စုအား ထောက်ပံ့ငွေများ လက်ဝယ်အရောက် ကွင်းဆင်းပေးအပ်



ကလေး စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုတို့အား စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် ကွင်းဆင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကွင်းဆင်းပေးအပ်**

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကလေးမြို့နယ်အတွင်းရှိ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယခင်က ထောက်ပံ့ငွေရခဲ့သော အိမ်ထောင်စု ၄၄၀၆၄ စုတို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော အိမ်ထောင်စု ၁၂၅၈၄ စု စုစုပေါင်း အိမ်ထောင်စု ၅၆၆၄၈ စုတို့အား ထောက်ပံ့ငွေကျပ် ၁၁၃၂၉၆၀၀၀၀ ကို ကွင်းဆင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

မာန်လမ့်တွောင်(ပြန်/ဆက်)

## ထိပ်ဆုံးမှ ဧရာဝတီနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်တို့ ထိပ်တိုက်တွေ့ဆုံနေသည့် MNL ပွဲစဉ် (၁၈)

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ကို စက်တင်ဘာ ၂၃၊ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဧရာဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲလည်းဖြစ်နေသည်။

ပွဲစဉ် (၁၈) အဖြစ် စက်တင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် Southern အသင်း၊ ပဒုမ္မာကွင်း၌ စစ်ကိုင်းအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖




ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ ပြီးခဲ့သည့်ရာသီက တွေ့ဆုံခဲ့စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခြောက်လကျော်ကြာ ပိတ်ထားခဲ့သည့် တာ့ချ်မဟာ ပြန်လည်ဖွင့်လှစ်

စာမျက်နှာ » ၁၂

ကုလသမဂ္ဂ ချုပ်ကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် ပါဝင်ရန် နိုင်ငံ့ခေါင်းဆောင်ဟောင်းများက တိုက်တွန်း

စာမျက်နှာ » ၁၃